
www.burmeseclassic.com

# မင်းယုည

## စုံနံ့သာမင်းမောင် နှင့် ပေးချင်တာပေးမောင်လူလေး

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၁၀၆၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၂၇၀၆၁၀

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
(ဒီဇင်ဘာလ - ၂၀၀၇)
အုပ်ရေ (၅၀၀)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)
အမှတ် (၁၇၀)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ
အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပလင်
ဇမ္ဗူရာဇ်

မျက်နှာဖုံးပန်းချီ
(K) ဘသက်း

ကွန်ပျူတာစာစီ
ဖိုးဇော်

တန်ဖိုး – ၈၀၀ ကျပ်

# မင်းပညာ

## စိုးနှံ့သာမင်းမောင်
## နှင့်
## ပေးချင်တာပေး မောင်လူလေး

ဖြန့်ချိရေး

ပညာရဲရင့်စာပေ

အမှတ် (၁၉)၊ ၄ လွှာ၊တာမွေဈေးလမ်း၊
တာမွေပလာဇာအနောက်ဘက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ရည်ညွှန်းချက်

စုံထောက်ဝတ္ထုများကို
ကြိုက်နှစ်သက်သော
စာဖတ်သူများအတွက်
ရည်ညွှန်းထုတ်ဝေပါသည်။



## အခန်း (၁)

ဂွာစ်နေ့သဉ်…

ကျွန်ုပ်နှင့်မိတ်ဆွေကြီးစုံနုံ့သာမင်းမောင်သည်ဗဟန်းရပ်ကွပ်သို့ထွက်ခဲ့ကြပေ၏။ အကြောင်းမှာ ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးတစ်အိမ်၏မိသားစုမှဖိတ်ကြားချက်ကြောင့်ထွက်ခွာခဲ့ကြခြင်းဖြစ်ပေ၏။

၎င်းအိမ်ကြီးသို့ ဒုတိယအကြိမ်ရောက်ရှိရန်အတွက်ထွက်ခွာလာခဲ့ကြပေ၏။

ပထမအကြိမ်ရောက်ရှိရသည့် အကြောင်းသည်အိမ်ကြီး၏အတွင်းပစ္စည်းအခိုးခံရသည့်အတွက် ရောက်ရှိခဲ့ခြင်းဖြစ်ပေ၏။ ထို့နောက် အမှုကိုဖော်ထုတ်ပေးနိုင်သည့်အတွက် ဂုဏ်ပြုသည့်အနေနှင့်ညစာစားရန်ဖိတ်ကြားထားသည့်အတွက်ထွက်ခွာလာခြင်းဖြစ်ပေ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ယခုဒုတိယအကြိမ်သည်လေ့လာမှုတစ်ခုပြုလုပ်ရန်အတွက် ထွက်လာခဲ့ခြင်းသာ ဖြစ်ပေ၏။ ကျွန်ုပ်တို့ စီးနင်းလိုက် ပါလာသည့် ကားလေးသည် ခြံကြီးတစ်ခြံရှေ့သို့ရောက်ရှိလာခဲ့ပေ၏။ခြံရှေ့ရောက်သည်နှင့် လူငယ်တစ်ယောက်ပြေးထွက်လာပြီး ၄င်းသည် ခြံတံခါးကို လာရောက်ဖွင့်ပေး၏။ ကားလေးသည် ခြံဝင်းအတွင်းသို့ ဝင်လိုက်ပြီး အိမ်ကြီး၏ဆင်ဝင်အောက်၌ ကားလေးကို ရပ်လိုက်ပေ၏။

အိမ်ကြီး၏အဝ၌အသက်ငါးဆယ်ကျော်အမျိုးသားကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်တို့ ရပ်၍ကျွန်ုပ်တို့အားကြိုဆိုလျက်ရှိ၏။

"ကြွပါခင်ဗျာ၊ ကျုပ်တို့ကစုံထောက်ကြီးတို့ကိုမျှော်နေတာပါဗျာ"

"ဟုတ်တယ်ဗျာ၊ ကျုပ်တို့အလုပ်များနေလို့ပါ။ အဲဒီအတွက် နည်းနည်းနောက်ကျသွားတယ်ဗျာ။ အဲဒီအတွက်စိတ်မကောင်းပါဘူး"

"ရပါတယ် စုံထောက်ကြီးတို့ရာ ကျုပ်တို့ကစုံထောက်ကြီးတို့လောက် အလုပ်များတဲ့သူတွေ မဟုတ်ပါဘူး"

ထိုစကားကို ပြောလာသူသည် စံအိမ်ကြီး၏လက်ရှိ အရှင်သခင်ကြီးပင် ဖြစ်ပေ၏။ ကျွန်ုပ်တို့သည် စံအိမ်ကြီး၏အတွင်းသို့ ဝင်လိုက်ကြပေ၏။

ကျွန်ုပ်တို့သည် ခန့်ညားသည့် ဧည့်ခန်းကြီး၏အတွင်းသို့ ဝင်လိုက်ကြပေ၏။

ကျွန်ုပ်နှင့်ကိုမင်းမောင်သည်ဧည့်ခန်း၏နံရံ၌ချိတ်ဆွဲထားသည့် ပန်းချီကားကြီးတွေကို အကြည့်ရောက်သွားကြပေ၏။ ပန်းချီကားကြီးသည် ပုံတူ ပန်းချီကားတစ်ချပ်ဖြစ်ပေ၏။

တောင်ရှည်ပုဆိုး၊ မောင့်ကျက်သရေခေါင်းပေါင်း နှင့် တောင်ဝှေးကြီးငေါ့ကိုင်ပြီး ဆေးတံကြီးကို ကိုက်ခဲ၍ ရပ်နေသည့်



ယောကျာ်းကြီးတစ်ယောက်၏ ပုံဖြစ်ပေ၏။ ပုံ၏အောက်၌ ရေးထားသည့် ဆုံးမစာသည် စိတ်ဝင်စားစရာကောင်းပေ၏။

*"ရိုးရိုးကျင့်*
*မြင့်မြင့်ကြံ*
*မှန်တာပြော*
*ဟုတ်တာလုပ်*
*ဝင်မရှုပ်နဲ့*
*ဒုက္ခတွေ့လိမ့်မယ်"*

ကျွန်ုပ်တို့ စာပိုဒ်လေးကို ပြီးဆုံးအောင်ဖတ်ပြီးသည်နှင့် စုံနံ့သာမင်းမောင်သည်စီးကရက်လေးကိုပြာခွက်အတွင်းသို့ထည့်လိုက်ပေ၏။

"ကောင်းလိုက်တဲ့ ဆုံးမစာလေးပဲဗျာ။ ဒါနဲ့ အဲဒီပန်းချီကားထဲက ရုပ်ပုံနဲ့ ဘယ်လိုပတ်သက်နေလဲ ဦးအောင်စိုး"

ဦးအောင်စိုးသည် ကွမ်းကို ပစ်ခနဲ တစ်ချက်ထွေးလိုက်၏။ ၄င်း၏ဘေး၌ထိုင်နေသူ ဇနီးသည် ဒေါ်ခင်လေးသီသည် အပြုံးနှင့် ကျွန်ုပ်တို့ကို ကြည့်လိုက်၏။

"အဲဒီပုံက ကျုပ်တို့ရဲ့ အဘိုးပေါ့ဗျာ။ အဘိုးနာမည်က ဦးလူလေးတဲ့။ ဒီစံအိမ်ကြီးကို ထူထောင်တဲ့သူပေါ့ဗျာ"

စံအိမ်ကြီး. . .

ဟုတ်ပေ၏။ စာကယ့်စံအိမ်ကြီးတစ်ခုဖြစ်ပေ၏။ ကြီးကျယ်ခမ်းနားသည့် စံအိမ်ကြီးတစ်ခုဖြစ်သလို ခြံကြီးမှာလည်း လွန်စွာကျယ်ဝန်းပေ၏။

အဘိုးဦးလူလေးသည် ဤမျှလောက် ကြီးကျယ်ခမ်းနားသည့် စံအိမ်ကြီးနှင့် ခြံကြီးကို မည်ကဲ့သို့ ကြိုးစားတည်ဆောက်ခဲ့သည်ကို ကျွန်ုပ်တို့မသိအောင်ဖြစ်နေပေ၏။ ကျွန်ုပ်တို့သိသည်မှာ လွန်စွာချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာသည်ဆိုတာပဲ ဖြစ်ပေ၏။

ရန်ကုန်မြို့နှင့် တခြားမြို့ကြီးများ၌ လူ့လေးအမည်နှင့် ဇွဲနံ ပေါင်းများစွာရှိနေသလို လူလေးဟိုတယ်ကြီးတစ်လုံးလည်းရှိနေပေ၏။

ယခုကာလ၌ အဘိုးဦးလူလေး လူ့လောက၌ မရှိတော့သလို ဦးလူလေး၏ သားသမီးတွေလည်း မရှိကြတော့၊ လက်ရှိ ဦးအောင်စိုး သည် ဦးလူလေး၏ မြေးတစ်ယောက်သာ ဖြစ်ပေ၏။

"ဒါနဲ့ ဦးအောင်စိုးအဘိုး ဦးလူလေးက ဒီစံအိမ်ကြီးကို တည်ဆောက်ဖို့ တော်တော်ကြိုးစားရမယ် ထင်တယ်ဗျာနော်"

"ကြိုးစားရတာပေါ့ စုံထောက်ကြီးရဲ။ အဘိုးက အပင်ပန်းခံ ကြိုးစားခဲ့လို့ ကျုပ်တို့ကလည်း တန်ဖိုးထားနေရတာပေါ့ဗျာ။အဘိုးတန် ဖိုးထားခဲ့တာတွေကို ကျုပ်တို့က ဂရုစိုက်ရတာပေါ့။ ဒါပေမဲ့ အဘိုးရဲ့ ဘဝက တကယ်စိတ်ဝင်စားစရာ ကောင်းလွန်းတယ်ဗျာ"

"ဆိုစမ်းပါဦးဗျာ၊ ဘာတွေများလဲ"

စုံနံ့သာမင်းမောင်သည် စိတ်ဝင်စားစွာမေးလိုက်ရာဦးအောင် စိုးသည် ခေါင်းကိုတစ်ချက် ညိတ်လိုက်ပေ၏။

"တကယ်တော့ အဘိုးဦးလူလေးက ဘုန်းကြီးကျောင်းသား ပဲဗျ။ သူ့မှာ အားကိုးစရာ မိဘနှစ်ပါးလည်း မရှိဘူး။ ဆွေမျိုးလည်း မရှိ၊ အားကိုးစရာဆိုလို့ ရွာဦးကျောင်းက ဆရာတော်ဦးပဏ္ဍဝတစ်ပါးပဲ ရှိတယ်။ အဘိုးဦးလူလေးဟာ ဆရာတော်ရဲ့ အနားမှာပဲနေတယ်။"

"အားလုံးက ဆရာတော်ရဲ့သားလို့ ပြောကြတယ်။ဒါလည်းမ မှားပါဘူး။အဘိုးဦးလူလေးရဲ့စားဝတ်နေရေးအားလုံးကိုဆရာတော်ကြီး က တာဝန်ယူရသလိုဆရာတော်ကြီးရဲ့ကိစ္စအားလုံးကိုအဘိုးဦးလူလေး ကပဲ တာဝန်ယူရတယ်"

"ဆရာတော်ကြီးကတကယ့်ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတစ်ပါးပဲ၊ နောက်ပြီး အကြားအမြင်ရတဲ့ ဆရာတော်ကြီးတစ်ပါးပဲ၊ သတ္တဝါတွေ



ကို ကယ်တင်နေတာပေါ့ဗျာ။ အများအားဖြင့်လူသားတွေကိုကယ်တင် တာပေါ့ဗျာ။ အဲဒီအထဲမှာအဘိုး ဦးလူလေးလည်း ပါဝင်တယ်"

ဦးအောင်စိုးသည် ၎င်း၏အဘိုးအကြောင်းကို စိတ်ဝင်စားစွာ ပြောနေလျက်ရှိရာ ကျွန်ုပ်တို့သည် သေချာနားထောင် နေပေ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်၍ နားထောင်လျက်ရှိ၏။

ကျွန်ုပ်တွေးထားမိသည်မှာ ဘုန်းကြီးကျောင်းသား၊ မိဘမဲ့ သားတစ်ယောက်က ဘာအကြောင်းကြောင့်နှင့် ဤမျှလောက်ချမ်းသာ လာရသလဲဟု တွေးနေမိပေ၏။

သို့သော် . . .

၎င်း၏စကားသည်အဆုံးထိမရောက်သေးသည့်အတွက် ကောက်နုတ်ချက်ကို မရောက်သေးဘဲ ဖြစ်နေပေတော့၏။

"ဆက်စမ်းပါဦးဗျာ"

"တစ်နေ့မှာတော့ဗျာ။ အဲဒီကပဲ ဖြတ်ပြောမယ်ဗျာ။ ဆရာ တော်ဟာ အသက်ကလည်းကြီးလာပြီ၊ အဘိုးလူကလေးကလည်း အရွယ်ရောက်လာပြီဆိုတော့ ဆရာတော်က အဘိုးလူလေးကို ခေါ် တယ်။ အဘိုးလူလေးဟာဆရာတော်တရားအားထုတ်တဲ့ဂူထဲကိုရောက် သွားတယ် ဆိုပါတော့ဗျာ"

ဦးအောင်စိုးသည် အဘိုးလူလေးအား ဆရာတော်ဦးပဏ္ဍဝ၏ မှာကြားခဲ့ ဆုံးမခဲ့ပုံတွေကို အသေးစိတ်ပြောပြနေပေတော့၏။

ထိုနေ့ . . . . .

ကြေကွဲစရာကောင်းသည့်ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပေ၏။

မောင်လူလေးသည် ဆရာတော်၏အရှေ့၌ ကျုံ့ကျုံ့လေး ထိုင်နေပေ၏။ ဆရာတော်သည်ကွမ်းကိုလေးတွဲ့စွာဝါး၍မောင်လူလေး ကို သေချာကြည့်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေပြီးပျူသူကင်းမဲ့နေသလိုထင်ရပေ၏။

ဆရာတော်နေထိုင်သည့်ကျောင်းကြီးသည် လွန်စွာကြီးမားသလိုသစ်စေးများသုတ်ထားသည့်အတွက် မည်းနက်ပေ၏။ထိုကျောင်းကြီးအား လှူဒါန်းသည့် ကျောင်းဒါယိကာမကြီး ဒေါ်ကျော့ရင်တို့ ညီအစ်မနှစ်ယောက်သည်လည်း ကွယ်လွန်သွားကြသည်မှာ ဆယ်စုနှစ်တစ်ခုသို့ ရောက်ရှိလာပေ၏။

ကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ဆရာတော်များသည် သီလသမာဓိများနှင့် လွန်စွာပြည့်စုံကြသောကြောင့်ဒကာ၊ ဒကာမများ၏ ကြည်ညိုလေးစားခြင်းကို ခံကြရပေ၏။

ဆရာတော်သည် မောင်လူလေးကို ဆုံးမစကားများမိန့်ကြားနေပေ၏။

"လူလေးက အရွယ်ရောက်လာပြီဆိုတော့ ဘဝအတွက် ဘာတွေ လုပ်ဖို့ စိတ်ကူးထားလဲ အဘဘုန်းကို ပြောပါဦး"

မောင်လူလေးသည် ဆရာတော်ကို ကြည့်လိုက်ပေ၏။

"အဘဘုန်းမေးတာကို မဖြေတတ်တော့ဘူးလား လူလေး၊ အဘဘုန်းရဲ့မေးခွန်းက အဲဒီလောက်ခက်ခဲလွန်းနေလို့ လား"

"တပည့်တော်အသိနဲ့ ကွာခြားနေလို့ပါ အဘဘုန်း"

"ဟေ. . . ဘာတွေများ ကွာခြားနေလို့လဲ ဆိုစမ်းပါဦး၊ လူလေး"

ကျွန်ုပ်သည်ဆရာတော်ကို ကြည့်လိုက်ပေ၏။

ဆရာတော်သည်လည်း ကျွန်ုပ်ကိုကြည့်နေပေ၏။ဆရာတော်၏အကြည့်သည် လွန်စွာ ရှိုးစင်းနေပေ၏။

ဆရာတော်သည် ကွမ်းကို နောက်ထပ်တစ်ယာစားလိုက်ပေ၏။ဆရာတော်သည် အသက်ခုနှစ်ဆယ်ကျော်ရှိနေပေမယ့် အသက်



(၅၀)အရွယ်လောက်ဟု ထင်ရပေ၏။

"အခု လူလေးက ဘယ်ကိုသွားပြီး ဘာလုပ်မှာတုန်း"

"တပည့်တော်ရဲ့ မိဘနှစ်ပါးကို သတ်သွားတဲ့သူတွေကိုအလဲစားချေဖို့ပါ အဘဘုန်း၊ အဲဒီအတွက် တပည့်တော်ကို အဆောင်မေး ပေးလိုက်ပါဦးဘုရား"

"ဟ. . . လူလေးရာဘာလို့မိုက်ရူးရဲဆန်နေရတာတုန်း၊ ဒါဟာ ဝဋ်ကြွေးရှိလို့ဖြစ်တယ်လို့ သဘောထားလိုက်ပေါ့။သူကိုငါသတ်၊ ငါ့ကို သူသတ်နဲ့ သံသရာလည်နေမှာပေါ့။ ဒါနဲ့နေစမ်းပါဦး၊ လူလေးရဲ့မိဘတွေကို သတ်သွားတဲ့သူတွေကို သိလား"

"တပည့်တော်မသိပါဘူးအဘဘုန်း၊ဦးသူတော်ကြီးသိပါတယ်ဘုရား၊ တစ်ချိန်တုန်းက တပည့်တော်တို့ဟာ လွန်စွာချမ်းသာတယ်တဲ့၊ တပည့်တော်ရဲ့မိဘနှစ်ပါးကို သတ်ပြီး အတွင်းပစ္စည်းတွေ အကုန်ယူသွားတာလို့ ပြောပါတယ်ဘုရား"

"အဲဒါ သူတို့ပစ္စည်းတွေ သူတို့ပြန်ယူသွားတယ်လို့ သဘောထား လိုက်ပေါ့လူလေးရဲ့၊လူလေးရဲ့ပစ္စည်းမှန်ရင်လူလေးဆီပြန်ရောက်လာမှာပေါ့"

နားမလည်စွာနှင့် ဆရာတော်ကို ကြည့်လိုက်ပေ၏။ ဆရာတော်သည် ကွမ်းတံတွေးကို ဓာတ်ချက်ထွေးလိုက်ပြီး ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

တစ်ချိန်တုန်းက. . .

တစ်ချိန်တုန်းကဆိုသည်မှာ ကျွန်ုပ်အသက်လေးနှစ်သားအရွယ်ကာလဖြစ်၏။ ကျွန်ုပ်၏မိဘတွေသည် လွန်စွာချမ်းသာ၏။ ရွာ၌ ချမ်းသာသည့်စာရင်းဝင်ဖြစ်နေ၏။ ထိုသို့ချမ်းသာသည်ကို မိဘများက အခွင့်အရေးမယူ လူသားအချင်းချင်း ကူညီတတ်ပေ၏။

မနာလိုသူတွေသည် မိဘနှစ်ပါးကိုသတ်၍ အတွင်းပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကို ယူသွားကြပေ၏။ ထိုလူများမှာ ယခုကာလ၌ ချမ်းသာနေပေ၏။ ဒါကို ကျွန်ုပ်သိ၏။

"အဲဒီတော့အဘဘုန်းစကားကိုသေချာနားထောင်ကြားလား လူလေးက အဆောင်တစ်ခုလောက်လို့ချင်တယ် ဆိုတော့ပေးရမှာပေါ့ ဒါပေမဲ့ လူလေးက အဘဘုန်းကိုကတိတစ်ခု ပေးရမယ်"

"ဘာကတိလဲ အဘဘုန်း"

"ပေးချင်တာပေးပေါ့လူလေးရာ၊ ဒါပေမဲ့ ကတိဆိုတာပေးပြီးရင် ပြန်ပြီးဖျက်သိမ်းလို့ မရဘူးနော် ၊ ကတိဖျက်ရင်ဘဝပျက်တတ်တယ်"

"ဘဝပျက်တယ်ဆိုတာဘာကိုပြောတာလဲ အဘဘုန်း"

"လူမှာကတိ၊ မင်းမှာသစ္စာ၊ အဲဒီစကားပုံကို လူလေးကြားဖူးတယ်မဟုတ်လား၊ လောကမှာ လူသားတစ်ယောက်ဖြစ်လာပြီဆို ကတိတည်ရတယ်၊ ဆင်းရဲတာ၊ ချမ်းသာတာမပြောနဲ့၊ အရေးကြီးတာက ကတိတည်ဖို့ပဲ၊ ကတိတည်ရင်လူ့လောကမှာရဲရဲဝံ့ဝံ့ရပ်တည်နိုင်တယ်၊ အဲဒီအတွက် လူလေးပေးလာမယ့်ကတိကို မပြောခင် ကတိအကြောင်းကို အရင်ပြောပြတာပဲ၊ အဘဘုန်းပြောတာ လူလေးသဘောပေါက်တယ်မဟုတ်လား"

"တပည့်တော် သဘောပေါက်ပါတယ် ဘုရား"

"ကောင်းပြီ၊ ဒါဆို လူလေး အဘဘုန်းကို ကတိတစ်ခုပေးရမယ်၊ အဲဒီအတွက် လူလေး စဉ်းစားပါ။ ဒီနေ့ မပေးနဲ့ဦး၊ မနက်ဖြန်မှပေး ဒီနေ့တော့ အေးအေးဆေးဆေး စဉ်းစား ကြားလား လူလေး"

"တင်ပါ့ဘုရား"

"ကောင်းပြီ၊ ဒါဆို လူလေး စဉ်းစားပေတော့၊ ကဲ. . . ကဲ သွားပေတော့"



ကျွန်ုပ်သည် ဆရာတော်ဦးပဏ္ဏဝကို ရှိသေစွာ ကန်တော့လိုက်ပေ၏။ ဆရာတော်သည် ခေါင်းကို ဖြည်းညင်း စွာညိတ်လိုက်၏။

ကျွန်ုပ်ဆရာတော်တောင်းထားသည့်ကတိကိုပေးရန်အတွက် စဉ်းစားရဦးမည်။ ဆရာတော်လိုချင်သည့်ကတိသည် မည်သည့်အရာမျိုးလည်းဆိုတာ စဉ်းစားရခက်နေတော့သည်။

ထို့နောက် ဆရာတော်ကို ကျောခိုင်း၍ ထွက်ခဲ့ပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဗျဉ်စလူပရွာ. . .

၄င်းရွာသည် အိမ်ခြေခြောက်ရာသုံးဆယ်ရှိသလို အိမ်ခြေခြောက်ရာသည် အိမ်ကြီးအိမ်ကောင်းတွေဖြစ်ပြီး အိမ်ခြေသုံးဆယ်သည် ခပ်သေးသေးအိမ်လေးများ ဖြစ်ကြပေ၏။

ရွာ၌နေထိုင်သည့်လူများသည် လွန်စွာအေးဆေးသလို ရိုးသားမှုကို ခုံမင်နှစ်သက်ကြပေ၏။

ရွာ၏ထူးခြားချက်သည် အိမ်ခြေခြောက်ရာသုံးဆယ်ထက်မပို။



အိမ်ထောင်စုတွေသာ တိုးလာ၏။ တိုးလာသည့်အိမ်ထောင်စုများသည် ၄င်းတို့၏မိဘများနှင့်သာ အတူနေထိုင်ကြ၏။ အိမ်ကြီးတွေသည် လွန်စွာကြီးမားသည့်အတွက် အိမ်ထောင်စုငါးစု နေထိုင်လျှင် နေထိုင်နိုင်၏။

တခြားရွာများသည် ဤရွာကြီးကို ကိုးနဝင်းရွာကြီးဟု သတ်မှတ်ခေါ် ဆိုကြပေ၏။ ထိုသို့ခေါ် ဆိုမှုမှာ ငြင်းဆို၍မရနိုင်အောင်လက်ခံကြပြီး ရွာရှိနေထိုင်သူတွေသည်လည်း စည်းလုံးညီညွတ်ကြပေ၏။ ရွာ၌လမ်းမကြီးသုံးလမ်းရှိ၏။ အပိုင်းလေးပိုင်းရှိသလို တစ်ပိုင်းစီကို အုပ်ချုပ်သူတစ်ယောက်စီရှိ၍ အုပ်ချုပ်သူလေးယောက်ကို ရွာသူကြီးတစ်ယောက်က ထပ်မံအုပ်ချုပ်ထားပေ၏။

ရွာ၏တောင်ပိုင်းနှင့် မြောက်ပိုင်း၌ ချောင်းလေးတစ်ခုရှိ၏။ ထိုအတူ တောင်ပိုင်းနှင့်မြောက်ပိုင်း ကူးသန်းရန်အတွက် တံတားတစ်ခုရှိ၏။

၄င်းတံတားပေါ်၌ လူငယ်တစ်ယောက်ထိုင်နေပေ၏။ ထိုလူငယ်သည် တစ်စုံတစ်ခုကို စဉ်းစားနေပေ၏။ ၄င်းထိုင်နေသည့်တံတားအောက်တွင် ဗေဒါပန်းတွေသည် ရေစီးကြောင်းအတိုင်းမျောနေလျက်ရှိ၏။

"ဘာထိုင်လုပ်နေတာလဲ လူလေး"

ရုတ်တရက် ထွက်ပေါ်လာသည့်အသံတစ်ခုကြောင့် အသံပိုင်ရှင်ထံအကြည့်ရောက်သွားပေ၏။ အသံပိုင်ရှင်မှာတခြားလူမဟုတ်သူဌေးသမီး မမကြီးဖြစ်၏။ မမကြီးသည် ကျွန်ုပ်၏ရှေ့၌ရပ်နေပေ၏။

မမကြီးမျက်နှာသည် ပြုံးရွှင်လျက်ရှိ၏။ ဖြောင့်စင်းစွာကျနေသည့်ဆံပင်များကို ဂုဏ်ယူဝင့်ကြွားစွာ ကိုင်ထား၏။

"အော်. . . မမကြီးပါလား"

ကျွန်ုပ် ဤမျှသာ ပြောလိုက်မိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်မမကြီးကိုစကားတွေများစွာပြောချင်သော်လည်း အခြေအနေသည် လွန်စွာကွာခြားနေသည့်အတွက် ရင်ထဲ၌ရှိသည့် ကြင်နာမှု စကားလုံးများကို ရင်တွင်း၌သေချာသိမ်းဆည်းထားရပေ၏။

မမကြီးသည် ချမ်းသာသည့်မိသားစုမှ မွေးဖွားလာသူဖြစ်ပြီး ရှားရှားပါးပါး တစ်ဦးတည်းသော သမီးတစ်ယောက်ဖြစ်သလို မိဘဆွေမျိုးများက ငုံထားမတတ် ချစ်ကြပေ၏။

ကျွန်ုပ်သည် မိဘမဲ့ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်တစ်ယောက် ဆရာတော်ကြီး၏ ကောင်းမှုနှင့် အသက်ရှင်နေထိုင်ရသူဖြစ်၏။

ဤမျှလောက် ကွာခြားသည့်မိန်းကလေးကို ချစ်ခင်နှစ်သက်ရမည်ဆိုတာ လွယ်ကူသည့်အရာမဟုတ်ဆိုတာ၊ ကျွန်ုပ်ကောင်းစွာသိနေပေ၏။ မမကြီးကိုယ်တိုင်က ကျွန်ုပ်၏အပေါ် ဂရုစိုက်အခွင့်အရေး ပေးနေပေမယ့် ကျွန်ုပ်ကိုယ်တိုင်က ၎င်းအခွင့်အရေးကို ရယူခြင်းမရှိသည့်အတွက် ကျွန်ုပ်အား စိတ်ကောက်နေပေ၏။

"နင် ဘာဖြစ်နေလဲ လူလေး"

"ဆရာတော်က ငါ့ကို ကတိတစ်ခုတောင်းတယ် မမကြီး"

"ကတိတောင်းတယ် ဟုတ်လား လူလေး၊ ဘာကတိလဲ"

စိုးရိမ်စိတ်တွေနှင့် မေးလိုက်ပေ၏။ ကျွန်ုပ်သက်ပြင်းမော တစ်ခုကို လေးတွဲစွာ ချလိုက်ပေ၏။ ထို့နောက် ကျွန်ုပ်သည် သူ့မျက်နှာကြည့်ပြီး မမကြီးကို ကြည့်လိုက်ပေ၏။

"ဟုတ်တယ် မမကြီး ဘာကတိရယ်လို့တော့ မဟုတ်ဘူး၊ ကြိုက်တဲ့ကတိတစ်ခုပေးရမယ်တဲ့၊ ဒါပေမဲ့ အဘဘုန်းကပြောတယ်၊ ပေးလိုက်တဲ့ကတိကိုတော့ ပျက်လို့မရဘူးတဲ့"

"နင့်ကို ဘာလို့ အဘဘုန်းက ကတိတောင်းရတာလဲ



လူလေး"

"ဒီလို မမကြီး၊ ငါဟာ အရွယ်ရောက်လာတဲ့လူသားတစ်ယောက်ဖြစ်ပြီလေ၊ အဲဒီတော့ ငါ့ရဲ့ဘဝ တိုးတက်မှုလမ်းကို ရှာရမယ်၊ ငါ့မိဘနှစ်ပါးကို သတ်သွားတဲ့လူကို ရှာမယ်၊ တွေ့ရင် ငါ့မိဘကိုယ်စား ကလဲ့စားချေမယ်၊ ဒါမှ မိဘကျေးဇူးဆပ်ရာရောက်မှာပေါ့"

"အဲဒီစကားကို အဘဘုန်းကို ပြောပြီးပြီလား လူလေး"

"ဟုတ်တယ် ငါအဘဘုန်းကို ပြောပြလိုက်တယ်။ အဲဒီလို လုပ်တာ မိုက်ရူးရဲဆန်တဲ့လူမိုက်တွေရဲ့ အလုပ်တဲ့၊ လူတစ်ယောက်ကို ကလဲ့စားချေတယ်ဆိုတဲ့ သူသေကိုယ်သေအလုပ်မျိုးကို မလုပ်ရဘူးတဲ့၊ ပညာသားပါပါ လုပ်ရမယ်တဲ့။ အရေးကြီးတာက ကြီးပွားချမ်းသာဖို့ပဲ တဲ့။ ပထမဆုံးကြီးပွားတိုးတက်အောင် အရင်လုပ်ပါတဲ့။ ကြီးပွားတိုးတက်ရင် ငါလုပ်ချင်တာလုပ်လို့ရတယ်တဲ့။

ဒါပေမဲ့ ကြီးပွားချမ်းသာတိုးတက်တဲ့အခါမှာ လူတွေကို အနိုင်မကျင့်ရဘူး။ မစော်ကားရဘူး။ တစ်ခုခုလုပ်မယ်စိတ်ကူးတိုင်း ငါလည်း သူလိုပဲ ခံရမှာပဲလို့ပြောတယ်"

"အဘဘုန်းပြောတာ မှန်တယ် လူလေး"

ကျွန်ုပ် မမကြီးကို ကြည့်လိုက်ပေ၏။

တကယ်တော့ မမကြီးသည် ဘာသာရေးကို လွန်စွာကြည်ညိုလေးစားသူတစ်ယောက်ဖြစ်ပေ၏။ အမြဲလို ရွာဦးကျောင်းကို သွားရောက်၍ ဥပုသ်များဆောက်တည်တတ်၏။ ရွာရှိလူကြီးတွေသည် မမကြီးကို ချီးကျူးကြသလို အားပေးတတ်ကြ၏။

"ငါလည်း အဘဘုန်းစကားကို လက်ခံပါတယ်။ ဒါပေမဲ့ ငါက လူတစ်မျိုး၊ ငါ့ကို နှိမ်တာ မကြိုက်ဘူး။ တကယ်တော့ ငါဟာ မိဘ မရှိတဲ့လူတစ်ယောက်ပဲ။ ဒါကိုသိလျက်နဲ့ ပြောကြတော့ ခေါင်းထွက်တာပေါ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆွေထားလိုက်တော့ဟာ၊ အခုနင်ရွာက ထွက်သွားမယ် ဆိုတော့ ဘယ်ကိုသွားမှာလဲ၊ အဘဘုန်းက ခွင့်ပြုလား"

"လောလောဆယ်တော့ ခွင့်မပြုသေးဘူး။ ငါထင်ပါတယ် အဘဘုန်းတောင်းတဲ့ ကတိပေးပြီးတာနဲ့ သွားခွင့်ပြုမှာပါ"

"ဒါနဲ့ နင်က ဘယ်ကိုသွားမှာလဲ လူလေး"

"ဘယ်ကိုဆိုတာတော့ ငါမသိသေးဘူးဟာ။ ကြီးပွားတိုးတက်နိုင်တဲ့ နေရာကိုပေါ့ဟာ"

မမကြီး၏မျက်နှာသည် ကွက်ခနဲ ပျက်သွားပေပြီး ကြေကွဲမှုအရိပ်အယောင်များ ထွက်ပေါ်လာပေ၏။

တကယ်တော့ မမကြီးသည် ကျွန်ုပ်အပေါ်၌လွန်စွာသံယောဇဉ်ကြီးပေ၏။ ကျွန်ုပ်သည်လည်း မမကြီး၏အပေါ်တွင် သံယောဇဉ်ကြီးပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့နှစ်ယောက်၏ဘဝသည် ပေါင်းစပ်ရန် လွန်စွာခက်ခဲနေပေ၏။

"နင်မသွားလို့ မရဘူးလား လူလေး၊ နင်အဘဘုန်းရဲ့အနားမှာ မနေနိုင်ရင် ငါတို့နဲ့ လာနေပါဟာ၊ ငါအဖေ့ကို ပြောပေးမယ်"

"နေပါစေ မမကြီးရာ၊ ငါ့အတွက်နဲ့ နင့်ရဲ့ သိက္ခာကျပါတယ်ဟာ"

"ဘာလို့ ကျရမှာလဲ လူလေးရာ၊ နေစရာမရှိလို့ လာနေတာပဲ။ နင်ငါ့အနားမှာရှိတော့ ငါ့အတွက် အဖော်ရတာပေါ့ဟာ"

"လောလောဆယ်တော့ နေဦးဟာ၊ ငါတစ်နေရာကို ထွက်သွားကြည့်ဦးမယ်။ အဆင်မပြေတော့ ပြန်လာမှာပေါ့"

"အဆင်ပြေပြေ မပြေပြေ ပြန်လာခဲ့ဟာ ငါနင့်ကို မျှော်နေပါမယ်"

"အဲဒီအတွက်တော့ စိတ်ချပါဟာ။ ဒီရွာမှာ ငါအခင်မင်ဆုံးက နင်တစ်ယောက်တည်းပါဟာ"



ကျွန်ုပ်၏စကားကြောင့် မမကြီး၏မျက်နှာသည် ပြုံးရွှင်သွားပေ၏။ မမကြီးသည် ကျွန်ုပ်အား စူးရှသည့် မျက်လုံးတွေနှင့် ကြည့်လိုက်ပေ၏။ ၎င်း၏အကြည့်ကြောင့် ကျွန်ုပ်၏ရင်တွေခုန်လာပေ၏။

ကျွန်ုပ်တို့ စကားပြောကောင်းနေချိန်၌ အဖျက်တစ်ခုဝင်ရောက်လာပေ၏။

"မမကြီးရယ် လိုက်ရှာလိုက်ရတာ ဘယ်များရောက်နေသလဲလို့၊ အခုတော့ မိဘမဲ့သားနဲ့ စကားပြောနေတာကိုး"

ထိုစကားကြောင့် ကျွန်ုပ်လွန်စွာ ဒေါသထွက်မိပေ၏။ မီးဟုန်းဟုန်းတောက်နေသည့်မျက်လုံးတွေနှင့် ကြည့်လိုက်မိ၏။

ထိုသို့ပြောလာသူသည် တခြားလူမဟုတ်၊ မမကြီး၏အန္တဒါဖြစ်ပေ၏။ ၎င်းသည် မမကြီးကို ထန်းသိမ်းသူဖြစ်ပေ၏။

"အဲဒီလိုမပြောပါနဲ့ ဒွေါ်ဒေါ်၊ ကျွန်မ မကြိုက်ဘူး။ လူလေးကိုတွေ့ချင်လို့ ကျွန်မလာခဲ့တာပါ"

"မကြိုက်ချင်လည်းနေ အစ်ကိုကြီး ခေါ်နေတယ်။ ရွာဦးကျောင်းကို သွားမလို့တဲ့"

"လူလေး ငါသွားမယ်၊ ငါမှာတာ မမေ့နဲ့နော်"

မမကြီးသည် ကျွန်ုပ်အား ကျောခိုင်း၍ ထွက်သွားပေတော့သည်။ ပြီးနောက် ကျွန်ုပ်အား သမင်လည်ပြန်ကြည့်နေပေ၏။ ၎င်း၏အကြည့်များသည် ကရုဏာများ ပွှမ်းမိုးနေသည်ဟု ထင်နေမိပေ၏။

ကျွန်ုပ်သည်လည်း ကျောခိုင်း၍ ထွက်ခဲ့ပေတော့၏။ ကျွန်ုပ်တို့နှစ်ယောက်သည် တဖြည်းဖြည်းနှင့် ဝေး၍သာ နေပေတော့၏။

"ကိစ္စရှိလို့လား လူလေး"

အဘဘုန်း၏စကားသာဖြစ်ပေ၏။

အဘဘုန်းသည် မျက်လုံးကို မှိတ်၍ ဘုရားစာများကို ရွတ်ဖတ်နေလျက်ရှိ၏။ ကျွန်ုပ်သည် အဘဘုန်း တရားအားထုတ်ရာဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဟ္ဂိုလ်တစ်ယောက်ဖြစ်ဦးမယ်"

ကျွန်ုပ်လွန်စွာ ပီတိဖြစ်မိပေပြီး အဘဘုန်းကို ကြည့်လိုက်ပေ၏။ အဘဘုန်း၏မျက်နှာသည် ပြောင်းလဲမှုမရှိ တည်ငြိမ်လွန်းနေပေ၏။

အဘဘုန်းပြောသည့်အခက်အခဲသည် မည်မျှလောက်ခက်ခဲမည်ဆိုတာကို ကျွန်ုပ်ကြိုမတွေးတတ်အောင် ဖြစ်နေပေ၏။

"အသက်ပါ သေနိုင်တယ်နော်၊ အဲဒါကိုတော့ သတိထား။ အဓိကသတိထားရမှာက မိန်းမပဲ မိန်းမကိစ္စနဲ့ အရှုက်ရမယ်။ သိက္ခာကျမယ်။ အသက်အန္တရာယ်များမယ်၊ အသက်သေအောင် လုပ်ကြံခံရတတ်တယ်။နောက်သတိထားရမှာကဘုရားအလုပ်ဘဲအချိန်ပြည့်လုပ်။ ဘုရားအလုပ်ကို မလုပ်နိုင်ပေမယ့် ရတဲ့အချိန်လေးမှာတော့လုပ်ပေ့ါ။ အဘဘုန်းပြောတာ လူလေးသဘောပေါက်ရဲ့လား"

"တပည့်တော် သဘောပေါက်ပါတယ်ဘုရား"

အဘဘုန်းသည် ခေါင်းလေးကို တစ်ချက်ညိတ်လိုက်ပြီးတွေးနေပေ၏။ အဘဘုန်းသည် ကျွန်ုပ်အတွက် စဉ်းစားနေသည်ဟု ထင်မိပေ၏။

"ဟဲ့. . . လူလေး"

"ဘုရား"

"သွားစမ်း ထန်းရွက်လေးတစ်ရွက် သွားခူးခဲ့စမ်း"

"တင်ပါ့ဘုရား"

ကျွန်ုပ်သည် အဘဘုန်းကို တစ်ချက်ကြည့်လိုက်၏။ အဘဘုန်းရှေ့မှ ထွက်ခဲ့ပေပြီး ကျောင်းပေါ်မှ ဆင်းလာခဲ့ပေ၏။ ကျောင်းကြီးသည် ကျယ်ဝန်းသလို ကြီးမားနေသည့်အတွက် ကျောင်းကြီးအောက်ကိုရောက်ရန် တော်တော်လျှောက်ခဲ့ရ၏။

ကျောင်းအောက်ကိုရောက်ပြီးသည်နှင့် တောင်ထန်းပင်များရှိရာကို လျှောက်ခဲ့ပေ၏။ တောင်ထန်းပင်များသည် ကျောင်း၏အနောက်ဘက်၌ တောကြီးသဖွယ် ရှိနေပေ၏။ ကျွန်ုပ်တောင်ထန်းတောအတွင်းရှိ ခပ်နိမ့်နိမ့်အပင်တွေရှိရာသို့ ဝင်ခဲ့ပေ၏။



မည်သည့်အတွက်ကြောင့် မသိ၊ တောင်ထန်းပင်တွေသည် ယိမ်းယိုင်လှုပ်ရှားနေပေ၏။ ပတ်ဝန်းကျင်သည် လေများတိုက်ခတ်မှုမရှိပါလျက်နှင့် မည်သည့်အတွက်ကြောင့် ဤကဲ့သို့ဖြစ်နေသလဲဟု စဉ်းစားနေမိပေ၏။

ကြက်သီးများထလာပေပြီး ကြောက်စိတ်များအလိုလိုနေရင်းထွက်ပေါ်လာပေ၏။ ဘာကြောင့်ဆိုတာကို စဉ်းစားမရအောင် ဖြစ်နေပေ၏။ ကျွန်ုပ်၏ ဓားကိုင်လက်များသည် တုန်လှုပ်နေပေ၏။

"ဟာ"

လွန်စွာ အံ့သြရပေ၏။

ခပ်နိမ့်နိမ့် တောင်ထန်းပင် များရှိရာသို့ အရောက်တွင် လိပ်ပြာနီများထွက်လာ၍ ကျွန်ုပ်ထံ ဦးတည်လာနေပေ၏။ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေပေ၏။ လိပ်ပြာများသည် ကျွန်ုပ်အနားသို့ ရောက်ရှိလာပေ၏။ ကျွန်ုပ်ကို ရန်ပြုကြချင်းမရှိဘဲ အနီး၌ဝဲ၍ ပျံနေကြပေ ၏။ သဘောပေါက်သွားပေ၏။

ကျွန်ုပ်တောင်ထန်းရွက်တစ်ရွက်ကို ခုတ်လိုက်၏။ တောင်ထန်းပင်သည် ပြတ်ကျသွားချိန်၌ အံ့သြစရာအသံတစ်ခုကြားလိုက်ရပေ၏။ ၎င်းအသံသည် ကောင်းချီးပေးသံလား၊ ခြိမ်းခြောက်သည့်အသံလားဆိုတာ ကျွန်ုပ်ဝေခွဲမရအောင် ဖြစ်နေပေ၏။

"ဝေါ. . ."

"ဖျောင်း. . . ဖျောင်း"

ထွက်ပေါ်လာသည့်အသံတစ်ခုကြောင့် ကျွန်ုပ်ခြေဦးတည့်ရာပြေးလာခဲ့ပေ၏။ ကျွန်ုပ်၏အနောက်၌ အရာဝတ္ထုတစ်ခုလိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



သလို ထင်နေရပေ၏။

ကျွန်ုပ်ကြောက်စိတ်တွေနှင့် အတူပြေးနေရာ ဆရာတော်ရှိရာကျောင်းသို့ ရောက်ရှိလာခဲ့ပေ၏။ ကျွန်ုပ်ကျောင်းပေါ်သို့ တက်လိုက်ချိန်၌ လွန်စွာမောနေပေ၏။ ဆရာတော်ရှိရာသို့ ထွက်ခဲ့ပေရာ ဆရာတော်သည် ဘုရားခန်း၌ တရားမှတ်နေပေ၏။

"လူလေး ပြန်ရောက်လာပြီလား"

"ပြန်ရောက်လာပါပြီ ဘုရား"

"လွန်စွာမှ စိုးရိမ်ခဲ့ရဲ့လားကွယ်"

"ဘာတွေမှန်းမသိပါဘူး အဘဘုန်း"

အဘဘုန်းသည် ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်ပေ၏။ ကျွန်ုပ်အားကြည့်လိုက်ပြီးနောက် အေးချမ်းသည့်စကားတစ်ခွန်းထွက်ပေါ်လာပေ၏။

"အဲဒါ လူလေးအတွက် အောင်မြင်မှုပဲကွယ့်။ အဘဘုန်းက သာသနာဘောင်အတွင်းက ဘုရားသားတော်ဖြစ်နေတော့ လူလောကရဲ့ ရှုပ်ထွေးတာတွေကို ပုံကြီးချဲ့ပြီး မပြောချင်ဘူး။ အဲဒီတော့လူလေးကို မှာလိုက်မယ် သေချာမှတ်ထားကွယ့် ကြားလား"

"တင်ပါ့ဘုရား"

အဘဘုန်းသည် ကျွန်ုပ်၏လက်အတွင်း၌ရှိနေသည့် တောင်ထန်းရွက်ကို တောင်းယူလိုက်ပေ၏။ ကျွန်ုပ်သည် အဘဘုန်းအား တစ်ချက်ကြည့်လိုက်ပေ၏။ အဘဘုန်းသည် တောင်ထန်းရွက်ကို လိုသည့်နေရာမှ ဖြတ်လိုက်ပေ၏။

ကျွန်ုပ်သည် ဆရာတော်ကို သေချာကြည့်နေပေ၏။ တစ်ခုခုကို အာရုံပြုလျက်ရှိ၏။ အတန်ကြာသည်အထိ မည်သည့်စကားမျိုးကိုမျှ ဆိုမိန့်ခြင်းမရှိ။

"လူလေး"



"ဘုရား"

"ကညစ်တံပေးစမ်း"

ကျွန်ုပ်သည် ကညစ်တံကိုယူ၍ အဘဘုန်းကိုပေးအပ်ပေ၏။ အဘဘုန်းသည် ကညစ်တံနှင့် အရာတစ်ခုကို ရေးလိုက်ပေ၏။

အဘဘုန်းရေးနေသည့် စာလုံးတွေကို စိတ်ဝင်စားခြင်းများစွာဖြင့် ကြည့်လိုက်ပေ၏။

"ဉ. . . ရွှေ. . . ငွေ. . . ရတနာ ပေါကြွယ်စေသော်"

ဟု ရေးသားလိုက်ခြင်းသာဖြစ်ပေ၏။ ၎င်းစာလုံးကို ကျွန်ုပ်သဘောမပေါက်သလိုနှင့် အဘဘုန်းကို ကြည့်လိုက်ပေ၏။

အဘဘုန်းရေးသားသည့် တောင်ထန်းရွက်သည် အရင်းပိုင်းမဟုတ်သလို အလယ်ပိုင်းလည်းမဟုတ်၊ အဖျားပိုင်းသာဖြစ်ပေ၏။ အဘဘုန်းသည် ကညစ်တံကို ဘေးသို့အသာချလိုက်ပြီးနောက်တောင်ထန်းရွက်ကို စိုက်လိုက်ပေ၏။ လက်ဝါးနှင့် တောင်ထန်းရွက်ထိ၍ ထွက်ပေါ်လာသည့်အသံသည် ဟိန်း၍ထွက်သွားပေတော့၏။

"ဟဲ့. . . လူလေး"

"ဘုရား"

"အဘဘုန်းက ဘာအရွက်ခူးခဲ့လို့ မှာလိုက်လဲ"

"တောင်ထန်းရွက်ခူးခဲ့လို့ မှာလိုက်ပါတယ်ဘုရား"

"အေး. . . အခုခူးခဲ့တာ တောင်ထန်းရွက် မဟုတ်ပါလား၊ ထန်းရွက်ကြီးဖြစ်နေတယ်"

လွန်စွာ အံ့ဩသွားပေ၏။

နားမလည်စွာနှင့် အဘဘုန်းကို ကြည့်လိုက်ပေ၏။ အဘဘုန်း၏မျက်နှာသည် ပြောင်းလဲမှုမရှိဘဲ တည်ကြည်နေသလို အေးအေးစွာဖြင့် ကျွန်ုပ်ကို ကြည့်နေလျက်ရှိ၏။ အဘဘုန်း၏ အကြည့်သည် အပြစ်တင်ခြင်းမျိုးမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ညဲသို့ပင်ဖြစ်စေကာမူ ကျွန်ုပ်ရင်ထဲ၌ တုန်လှုပ်နေပေ၏။ သောနှာရှာလိုက်သည့်ကြားမှ လွဲမှားရခြင်းဖြစ်၏။ တကယ်တော့ ကျွန်ုပ်သည် တောင်ထန်းရွက်ကို ခူးနေချိန်၌ လိပ်ပြာအနိကောင်တွေနှင့် လင်းနို့အနီကောင်များ ကျွန်ုပ်ထံ ဦးတည်စွာရောက်ရှိလာသည့်အတွက် ထိတ်လန့်စွာ ထွက်ပြေးခဲ့ရပေ၏။ ၎င်းကြောင့် မှားယွင်းမှုဖြစ်သွားပေ၏။

ကျွန်ုပ်သဘောပေါက်သွားပေ၏။ စိုးရိမ်စိတ်နှင့်တုန်လှုပ်မှုတွေများလာပေ၏။ ကြောက်စိတ်တွေနှင့် အဘဘုန်းကို မကြည့်ရဲအောင်ဖြစ်သွားပေ၏။ မျက်နှာကို အသာလွှဲချလိုက်ပေ၏။ အဘဘုန်း၏ အပြစ်တင်မှုကို ခေါင်းငုံ့ခံရတော့မည်ဖြစ်ပါ၏။

"အေး. . . အဲဒါကောင်းတယ်ကွယ့်၊ လူလေးအတွက်ကောင်းသွားပြီ၊ လူလေးအဲဒါကိုခုတ်မယ့်အချိန်မှာ ရတနာ[illegible]လပေါ်မှာစဲနေတယ်။ ကောင်းချီးတွေပေးနေတယ်။ လူလေးကို မျက်စိလှည့်လိုက်တာပဲ။ ဒါဟာကောင်းခြင်းပဲ"

အဘဘုန်း၏စကားကြောင့် ကျွန်ုပ်ကျေနပ်စွာ သက်ပြင်းတစ်ခုကို ပြတ်သားစွာ ချလိုက်ပေ၏။ ကျွန်ုပ်အပြုံးနှင့် အဘဘုန်းကို ကြည့်လိုက်ပေ၏။

"ရော့. . . ဒီပစ္စည်းလေးကို သေချာသိမ်းထားလိုက်။ မည်သည့်အခက်အခဲနဲ့တွေ့နေပါစေ၊ အသက်နဲ့လဲပြီး ထိန်းသိမ်းပါ။ နောက်တစ်ခုက "သဗ္ဗဇယမင်္ဂလာ" ဂါထာတော်ကို အမြဲရွတ်ပါ။ အဘဘုန်းပြောတာ မှတ်မိလား"

"မှတ်မိပါတယ်ဘုရား"

"အဘဘုန်းကို ပေးထားတဲ့ကတိကိုတော့ မဖျက်လိုက်နဲ့ နော်။ နောက်တစ်ခုက လင်ရှိမယားကို မပြစ်မှားဖို့လိုတယ်။ အပြစ်တကာ့အပြစ်ထဲမှာ အဲဒီအပြစ်က လွန်စွာကြီးလွန်းတယ်ကွယ့်။ ကဲ. . . ကဲ လူလေး သွားလိုရာကို သွားနိုင်ပြီ"



ထိုစကားကို ကြားလိုက်ရသည့်အချိန်၌ လွန်စွာကြေကွဲသွားပေ၏။

မျက်ရည်များသည် ရစ်ဝဲ၍ ထွက်ကျလာပေ၏။ အဘဘုန်း၏အရိပ်အောက်၌ နှစ်ပေါင်းများစွာ နားခိုလာခဲ့ပြီးမှ ကျောခိုင်းထွက်သွားရမည်ဆိုသည့်အချိန်တွင် ထွက်ခွာသွားရမှာကို ဝန်လေးလာမိပေ၏။

အဘဘုန်း၏ ဆုံးမစကားသည် လွန်စွာမှန်နေပေ၏။ ကျွန်ုပ်သည် အဘဘုန်း၏ အနား၌ ရှိနေပေမယ့် သာသနာဘောင်အတွင်း၌ နေထိုင်သူမဖြစ်၊ စီးပွားရေးသမားတစ်ယောက်ဖြစ်မည်။၎င်းကြောင့်စီးပွားလုပ်ခြင်းသည် အောင်မြင်မည်ဖြစ်ပေ၏။

ယင်းအတွက်ကြောင့် ကျွန်ုပ်သည် အဘဘုန်းကို ဝတ်ပြု၍ ကျောင်းမှ ကျောခိုင်းထွက်ခဲ့ပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"နင်တကယ်ပြောတာလား လူလေး"

မမကြီး၏အသံပင်ဖြစ်၏။ ၎င်းအသံသည် ကြေကွဲမှုတွေ လွှမ်းမိုးနေလျက်ရှိ၏။

ကျွန်ုပ်သည် ရွာကို ကျောခိုင်းထွက်သွားရန် ဖြစ်ဆင်ပြီးတာနှင့် မမကြီးအား နှုတ်ဆက်နေခြင်းဖြစ်ပေ၏။ မမကြီးသည် ကျွန်ုပ်ခရီးထွက်မည်ဆိုသည့်အတွက် ၎င်းနေထိုင်ရာအိမ်ကြီးအနောက်၌ ချိန်းဆိုတွေ့ဆုံခြင်းဖြစ်ပေ၏။

မမကြီးသည် မန်ကျည်းပင်ကို ကျောမှီ၍ ရပ်နေပြီး ကျွန်ုပ်သည် မမကြီး၏ရှေ့၌ ရပ်နေပေ၏။



"တကယ်ပြောတာ မမကြီး၊ ဒါပေမယ့် ဘယ်ကိုသွားမယ်ဆိုတာတော့ မပြောတတ်သေးဘူးဟာ၊ ချမ်းသာမယ့်တစ်နေရာကိုပေါ့"

"နင် ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား လူလေး"

"ပြင်လို့ မရတော့ဘူးဟာ"

"တကယ်တော့ ငါဟာ မိဘမရှိတဲ့ လူတစ်ယောက်လေ။ ရွှေငွေ၊ ဥစ္စာဘာတစ်ခုမှ မရှိဘူး။ အမွေလည်း ရစရာမရှိဘူး။ အဲဒီအတွက် အသက်ကြီးလာရင် လူတွေရဲ့ ကဲ့ရဲ့မှုအောက်မှာ နေရမယ်။ သူတို့ ခိုင်းတာလုပ်ရမယ်။ အဲဒီလိုဘဝနဲ့ငါ မနေချင်ဘူး။ လူတွေအတွက် အကျိုးရှိတာ မလုပ်ပေးနိုင်ပေမယ့် အကျိုးမရှိတဲ့ အလုပ်မျိုးကိုတော့ ဘယ်တော့မှ မလုပ်ဘူး။ လုပ်လည်းလုပ်မှာ မဟုတ်ဘူး"

"အဘဘုန်းက မှာလိုက်တယ်၊ လူတွေကို ဘယ်တော့မှ မစော်ကားနဲ့၊ ရည်မှန်းချက်ကို အောင်မြင်အောင် ကြိုးစားရမယ်။ ပတ်ဝန်းကျင်ရဲ့စကားကို စဉ်းစားပြီးမှ ကောင်းမကောင်းဆိုတာ ဆုံးဖြတ်ရမယ်တဲ့။ ဒါပေမဲ့ နင့်စကားကိုတော့ ငါဘယ်တော့မှ မစဉ်းစားဘူး။ အမြဲတမ်းလက်ခံတယ်။ ဒီတစ်ခါ လက်မခံတာကိုတော့ ခွင့်လွှတ်ပါဟာ"

မမကြီးသည် နားမလည်စွာနှင့် ကြည့်လိုက်ပေ၏။မျက်နှာတွင် ကြေကွဲမှုများစွာဖြစ်ပေါ်လျက် အလိမ့်လိုက်ထက်လာပေ၏။

မမကြီးသည် မန်ကျည်းပင်ကိုမှီထားရာမှ ခွာလိုက်ပြီး ခြေတစ်လှမ်း ရှေ့ကို တိုးလိုက်ပြီးနောက် ကျွန်ုပ်၏ရှေ့တွင် ရပ်လိုက်ပေ၏။

"ဘယ်လိုဖြစ်မှန်းမသိဘူးဟာ၊ နင်တစ်နေရာကို ထွက်သွားမယ်ဆိုတော့ ငါ့ရင်ထဲမှာ တစ်မျိုးပဲ ခံစားရတယ်။ လွမ်းသလို၊ ဆွေးသလို၊ နှမြောသလိုပဲဟာ။ အဲဒါဘာကြောင့်လည်း သိလား လူလေး"

"တစ်ခုခုတော့ တစ်ခုခုပဲ ငါလည်း အမည်မဖော်တတ်ဘူး။ ဒါကြောင့် ငါနင့်ကို တွေ့ချင်လို့ ချိန်းလိုက်တာပေါ့။ အဓိကက နင့်ရဲ့မျက်နှာကိုပေါ့ဟာ၊ နင့်ရဲ့မျက်နှာက ငါ့ရဲ့နှလုံးသားမှာ နဂ္ဂတစ် တစ်ခုလို အမြဲရှိနေမယ်ထင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မမကြီးသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီးနောက် မျက်နှာလေးကို အသာငုံ့ချလိုက်ပေတော့၏။

မမကြီး၏အသံသည် ကြေကွဲမှုများစွာ ဖုံးလွှမ်းနေပေ၏။

တကယ်တော့ ကျွန်ုပ်သည် မမကြီးကို လွန်စွာချစ်မိပေ၏၊ ဘဝချင်းသည် များစွာကွာခြားနေသည့်အတွက်ကြောင့် ရင်တွင်းရှိအချစ်များကို ကြိတ်မှိတ်၍ မြိုသိပ်နေရခြင်းဖြစ်ပေ၏။

ကျွန်ုပ် မမကြီး၏အနားသို့ တိုးလိုက်မိပေ၏။

"လူလေး"

"ပြောလေ ငါနားထောင်နေတယ် မမကြီး"

"နင် ငါ့ကို တစ်ခုခုပြောချင်တယ်မဟုတ်လား၊ ဘာစကားလဲ ပြောလေဟာ ငါနားထောင်နေပါတယ်"

"ဟုတ်တယ် မမကြီး၊ ငါနင့်ကို ပြောစရာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ မပြောတော့ဘူးဟာ။ ဒီအတိုင်းရင်ထဲမှာပဲ သိမ်းထားတော့မယ်"

"ငါသဘောမပေါက်ဘူး လူလေးရယ်"

"နောက်တစ်ခေါက် ငါရွာကိုပြန်လာတဲ့အခါ ပြောမယ်ဟာ။ အဲဒီအခါကျရင် ပြောခွင့်ရပါစေလို့ ငါဆုတောင်းနေပါ့မယ်။ ဒီစကားကို နင်ကလွဲပြီး ငါ ဘယ်သူ့ကိုမှ မပြောဘူးလို့ ဆုံးဖြတ်ထားတယ်ဟာ"

"ငါသဘောပေါက်ပါပြီလူလေးရာ၊ နင်ပြောလာမယ့်စကားကိုငါ အသက်မကြီးခင်နားထောင်ရပါစေလို့ရွှေစေတီမှာဆုတောင်းနေပါ့မယ်"

ထိုသို့ စကားပြောကောင်းနေသည့်အချိန်၌ အံ့ဩစရာအကြောင်း တစ်ခုဖန်လာပေ၏။ ကျွန်ုပ်တို့နှစ်ဦးဘာလုပ်ရမှန်းမသိအောင် ဖြစ်မိပေ၏။

"အောင်မာ. . . ဘယ်သူများလဲလို့ မိဘမဲ့သားက ငါ့သမီးကို မဟုတ်တာတွေ ကြံစည်နေတယ်ပေါ့ ဟုတ်လား၊ သမီး ဒီကိုလာစမ်း"

"မဟုတ်ဘူး မေမေ၊ ကျွန်မ လူလေးကို တွေ့ချင်လို့ ချိန်းလိုက်



"တော်စမ်း သမီး"

အသံပိုင်ရှင်သည် မမကြီး၏ မိခင်ဒေါ်စိန်ပွင့်ဖြစ်၏။ ဒေါ်စိန်ပွင့်သည် မမကြီး၏လက်ကို လှမ်းဆွဲလိုက်ပေ၏။ မမကြီးသည် မိခင်ဒေါ်စိန်ပွင့်အနီးသို့ ရောက်ရှိသွားပေ၏။ ၎င်းသည် အားငယ်စိတ်နှင့် ကျွန်ုပ်အား ကြည့်နေပေ၏။

တကယ်တော့ မမကြီးသည် ကျွန်ုပ်အား တစ်ဖက်သတ်ချစ်နေမိသည်ဆိုတာကို ကျွန်ုပ်သဘောပေါက်မိပေ၏။ ကျွန်ုပ်သည်လည်း မမကြီးကို တကယ်ချစ်နေမိပေ၏။

ဘဝချင်းက ကွာခြားနေသည့်အတွက်ကြောင့်သာ ရင်၌သိမ်းထားရပေ၏။

"ဒီမှာ. . . လူလေး၊ နင့်လိုလူက ငါ့သမီးကို မှန်းရတယ်လို့ တူလို့တန်လို့လား၊ ကိုယ့်ဘဝကိုလည်း ပြန်စဉ်းစားပါဦးဟယ်။ နင် အခု ငါ့ခြံထဲက ထွက်သွား၊ မသွားရင် ငါတစ်ခုခုလုပ်မိလိုက်မယ်"

ကျွန်ုပ် ဘာစကားမှ မပြောနိုင်အောင် ဖြစ်မိနေပေ၏။

တကယ်လည်း မပြောနိုင်တော့ပါ။ တစ်ခုခုပြောမည်ဟု စဉ်းစားမိလျှင် မမကြီးအတွက် စိုးရိမ်ရပေ၏။ မမကြီးကို ဆူပူကြိမ်းမောင်းနေမည်။ ထိုအဖြစ်ကို အရောက်မခံနိုင်။ ထို့အတွက်ကြောင့် ရေငုံနှုတ်ပိတ်ထွက်သွားရန် ဆုံးဖြတ်လိုက်မိပေတော့၏။

ကျွန်ုပ် မမကြီးကို တစ်ချက်ကြည့်လိုက်ပေ၏။ ကျွန်ုပ်အကြည့်သည် နှုတ်ဆက်ခြင်း၏ အကြည့်မျိုးသာ ဖြစ်ပေ၏။ ထို့အတူ မမကြီးသည် ကြေကွဲစွာနှင့် ကျွန်ုပ်အား ကြည့်နေပေ၏။ အကြည့်တွေ၏နောက်ကွယ်၌ ကြေကွဲမှုတွေ လွှမ်းမိုးနေပေ၏။

ကျွန်ုပ် မမကြီးကို ကျောခိုင်း၍ ထွက်ခဲ့ပေ၏။ မမကြီးသည် ကျွန်ုပ်၏ကျောကို ကြည့်၍သာ ကျန်ရစ်ခဲ့ပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



## ရည်မှန်းချက်

**************

ထိုနေ့. . . . . .

ကျွန်ုပ်သည် ရည်မှန်းချက်ကို ရင်မှာပိုက်၍ ခရီးဆက်ခဲ့ပေ၏။

အဘဘုန်းကို ကျောခိုင်းခဲ့သည်မှာ သုံးရက်တိတိပြည့်ခဲ့ပေ၏။ ထိုသုံးရက်အတွင်း၌ ချမ်းသာမည့်အလုပ်ကို လုပ်ကိုင်ရန် မဆိုထားနှင့် စားသောက်နေထိုင်ရန်အတွက်ပါ ခက်ခဲနေပေ၏။ မည်သည့်နေရာ၌ နားခို၍ မည်သည့်အလုပ်ကို လုပ်ရမည်ဆိုတာ စဉ်းစား မရအောင်ဖြစ်နေပေ၏။



ကျွန်ုပ်သည် တစ်ယောက်တည်း ခရီးဆန့်နေရပေ၏။ အဘဘုန်းပေးလိုက်သည့် ငွေလေးများသည် သုံးစွဲခဲ့သည့်အတွက်ကြောင့် တဖြည်းဖြည်းနှင့် လျော့နည်းလာပေ၏။

"မောင်ရင်လေး ဘယ်သွားမလို့လဲကွယ့်"

ရုတ်တရက်အသံတစ်ခု ထွက်ပေါ်လာပေ၏။

အသံပိုင်ရှင်သည် အသားညိုညို၊ ခပ်ဝဝ၊ အရပ်မနိမ့်မမြင့်နှင့် လွယ်အိတ်တစ်လုံးကို လွယ်ထားပေ၏။ပင်နီတိုက်ပုံကိုဝတ်ဆင်၍ စောင်အခင်းပိုင်းကြီးကို ခေါင်းပေါင်းထားပေ၏။ ၎င်းသည် ကျွန်ုပ်၏ အနီးသို့ ရောက်လာပေ၏။

"ခြေဦးတည့်ရာပဲဗျာ။ အစ်ကိုက ဘယ်သွားမလို့လဲ"

"အစ်ကိုက လာဝိုင်းပတ်ရွာကို သွားမလို့ပါ။ ဒါနဲ့ညီလေးက ဘာသဘောနဲ့ခြေဦးတည့်ရာကိုသွားနေရတာလဲ၊အကြောင်းတစ်ခုတော့ ရှိမယ်ထင်တယ်"

"ရှိတာပေါ့ဗျာ၊ ကျုပ်သူဌေးဖြစ်ချင်လို့ ချမ်းသာတဲ့လမ်းစကို ရှာနေတာပဲ"

၎င်းသည် နားမလည်သည့်စကားဖြင့် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

"ချမ်းသာတဲ့လမ်းစကို ရှာနေတယ်ဆိုတော့ ညီလေးရဲ့မိဘတွေက ဘယ်မှာနေကြလို့လဲ၊ ညီလေးကိုရော ခွင့်ပြုတယ်ပေါ့"

"ကျုပ်မှာ မိဘနှစ်ပါးလုံး မရှိကြတော့ဘူး။ ငယ်ငယ်လေးတည်းက သေကုန်ကြပြီ။ အဲဒီအတွက် ကျုပ်ထင်ရာကိုထွက်ခဲ့တာပဲ"

"မိဘတွေက ဘာလို့သေကုန်တာလဲ"

ကျွန်ုပ် မကျေနပ်သည့်ပုံစံနှင့် ကြည့်လိုက်ပေ၏။

ဒီလူကြီး လျှာတော်တော်ရှည်တာပဲ။ ဘာကြောင့်မေးနေတာလဲဟု စိတ်ထဲ၌ တွေးနေမိပေ၏။ ထိုသို့မေးခြင်းသည် ကျွန်ုပ်ကိုတစ်ခုခုလုပ်ရန် ကြံစည်နေသလားဟု တွေးနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သတိထားရန်ပင် ဖြစ်နေရပေ၏။

"လူယုတ်မာတွေကြောင့်ပေါ့ဗျာ။ တကယ်တော့ "ကျုပ်တို့ဟာ လွန်စွာချမ်းသာတဲ့ ရွာမျက်ဖုံးတွေပေါ့။ မိဘနှစ်ပါးကိုသတ်ပြီး အတွင်းပစ္စည်းတွေ လုရုံတင်မကဘူး။ အိမ်ကိုပါမီးရှို့သွားကြတယ်"

"ညီလေးဘဝနဲ့ အစ်ကိုဘဝက တူနေတယ်။ အစ်ကိုမိဘတွေလည်း အဲဒီလိုပဲ အသတ်ခံရတာပဲ။ ဘဝတူတွေပေါ့ကွာ"

"ဟဲ. . . အစ်ကိုသွားတော့ဗျာ၊ ကျုပ်ဒီနေရာကနေ ပေဝင်ချောင်းရွာကို သွားတော့မယ်"

ထိုသို့ပြောလိုက်ပြီးသည်နှင့် လမ်းခွဲရန် ဟန်ပြင်လိုက်ပေ၏။

ကျွန်ုပ်တို့ရောက်ရှိနေသည့်နေရာသည် လမ်းလေးခွဆုံနေသည့်နေရာတစ်ခုဖြစ်ပေ၏။ ထိုလူနှင့်ဆက်မလိုက်ရန် ဆုံးဖြတ်ထားသည်လည်းပါ၏။ ရောက်နေသည့်နေရာကို လမ်းဆုံရွာဟု ခေါ်လေ့ရှိ၏။

ထိုနေရာမှ ဘယ်နေရာကို သွားသွား ရ၏။

စားသောက်နေထိုင် အနားယူလို့လည်း ရှိရှိပေ၏။ တချို့ကငှင်းနေရာ၌ တွေ့ဆုံကြရန် ချိန်းလိုက်ကြပြီးနောက် တွေ့ဆုံပြီးမှ တစ်နေရာသို့ ဆက်လက်ထွက်သွားကြပေ၏။

"အစ်ကိုလိုက်ပို့ဖို့ လိုသေးလား"

"ရပါတယ် အစ်ကို၊ ကျုပ်အတွက် နောက်ထပ်အဖော်တစ်ယောက်ရှိပါတယ်။"

ကျွန်ုပ်သည် ယုစကားကိုပြောလိုက်ပြီးနောက် လမ်းခွဲလိုက်ပေ၏။

"လူလေး လူတွေအပေါ် သံယောဇဉ်သိပ်မထားနဲ့၊ မင်းပဲခံစားရမယ်၊ အဘဘုန်း၏စကားပင်ဖြစ်ပေ၏။

ကျွန်ုပ်တစ်ယောက်တည်း ထွက်လာ၏။ ငှင်းသည် ကျွန်ုပ်အား ကြည့်၍သာ ကျန်ရစ်ခဲ့သော်လည်း ကျွန်ုပ်၏လုပ်ရပ်ကို နားမလည်နိုင်စွာဖြစ်နေပေ၏။



အချိန်သည် မွန်းတည့်နေသည့်အတွက် အပူရှိန်သည် လွန်စွာပူပြင်းလျက်ရှိနေပေ၏။ လမ်းလျှောက်ရသည့်အချိန်တွေသည် များပြားနေသည့်အတွက် ဝမ်းဗိုက်အတွင်း၌ ဟာတာတာဖြစ်နေပေ၏။ တစ်ခုခုကို စားသောက်ရန် တောင်းဆိုနေပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည်စားသောက်ရန်ကိုသတိမေ့ထားပြီး လိုရာကိုဆက်နေပေ၏။

အမှောင်ထုသည် ကမ္ဘာလောကကြီးကို ဖုံးလွှမ်းရန် ကြံစည်ကြိုးစားနေပေ၏။ ကျေးငှက်ပေါင်းများစွာသည် အိပ်တန်းတက်အနားယူရန် ဌာနသို့ ပျံသန်းနေပေ၏။

ညနေခင်း၏နေရောင်များသည် ပျောက်ကွယ်နေသလိုလေနုအေးများသည် ခပ်ဖြည်းဖြည်းနှင့် တိုက်ခတ်လျက်ရှိနေပေ၏။ သစ်ပင်သစ်ရွက်များ၏ကြားမှ ထွက်ပေါ်လာသည့်လေတိုးသံများကို ခပ်သဲ့သဲ့ ကြားနေရပေ၏။

ကျွန်ုပ်သတိထားမိပေ၏။

ကျွန်ုပ်ရောက်ရှိနေသည့်နေရာသည် ရွာမဟုတ်၊ မြို့လည်းမဟုတ်ဘဲ လူသူကင်းမဲ့နေသည့်တောအတွင်းသာ ဖြစ်နေပေ၏။ထိုနေရာ၌ အမှောင်ထုတွေ ဖုံးလွှမ်းနေသည့်အတွက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေပေ၏။ ရှေ့ကိုဆက်လျှင် ဘာဖြစ်မည်ဆိုတာ မခန့်မှန်းတတ်သလို ကျားရဲတိရစ္ဆာန်များ၏ အန္တရာယ်ပြုခြင်းကို အချိန်မရွေးခံရမည်ဖြစ်ပေ၏။

ထို့အတွက်. . .

တောအတွင်း၌ အနားယူရန် ဆုံးဖြတ်လိုက်ပြီးနောက် လုံခြုံသည့်နေရာတစ်ခုရှာရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ကျောက်ဂူတစ်ခုအားတွေ့လျှင်ကောင်းမည်ဟု တွေးနေသလို တောအတွင်း၌ နေထိုင်သည့် သစ်ခုတ်သမားများကို တွေ့လျှင်လည်းကောင်းမည်ဟု စဉ်းစားနေပေ၏။

ဝန်းကျင်သည် ကတ္တီပါမည်းကြီး လွှမ်းမိုးထားသလို ထင်ရပေ၏။ ထိုစဉ်မြင်ကွင်းထဲ၌မီးရောင်တစ်ခုကိုတွေ့လိုက်ရသောကြောင့် စိတ်ထဲ၌ ပျော်ရွှင်နေမိသလို လွန်စွာအံ့ဩမိပေ၏။

မီးရောင်ရှိသည့်နေရာသည် ကျွန်ုပ်ရောက်ရှိနေသည့်နေရာနှင့် သိပ်မဝေးသည့်အတွက်ကြောင့် ထိုနေရာသို့ သွား၍ တစ်ညတာ နားခိုခွင့်တောင်းရန် ဆုံးဖြတ်လိုက်၏။ ထိုနေရာသို့ ဦးတည်ထွက်လာခဲ့ပေ၏။ ဆန္ဒတွေနှင့် လမ်းလျှောက်လာခဲ့သည့်အတွက်ကြောင့် မီးရောင်ရှိရာအနီးသို့ ရောက်ရှိလာခဲ့ပေ၏။

မီးရောင်သည် ကုန်းတစ်ခုပေါ်၌ ရှိနေ၏။ ကုန်းလေးသည် ပတ်ဝန်းကျင်တွင် မသိမသာမြင့်သည်ဟု ထင်ရပေမယ့် တကယ်တမ်းကျတော့ လွန်စွာမြင့်နေ၏။ မီးရောင်လင်းနေသည့် ကုန်းလေးပေါ်သို့ ကျွန်ုပ်တက်ခဲ့ပေ၏။

ထင်ထားသည်နှင့် လွန်စွာကွာခြားလျက်ရှိ၏။ အံ့ဩစရာကောင်းသည့်မြင်ကွင်းတစ်ခုသာဖြစ်ပေ၏။

မီးအလင်းရောင်ရှိနေသည့်ကုန်းပေါ်တွင် လူသူနေထိုင်ခြင်းမျိုးမဟုတ်၊ သာသနာအတွင်း၌ ပျော်မွေ့နေသည့် ရသေ့ကြီးတစ်ပါးနေပြီး မီးရောင်သည် မတ်ရပ်ဆင်းတုတော်၏ရှေ့၌ပူဇော်ထားခြင်းဖြစ်ပေ၏။

မတ်ရပ်ဆင်းတုတော်သည် ဆယ့်ငါးလက်မခန့် မြင့်၍ ဆင်းတုတော်သည် ရွှေရောင်ဝင်းလျက်ရှိနေသလို ရောင်ခြည်တော်တွေလွှတ်နေသလို ထင်ရ၏။ ကျွန်ုပ်သည် ရသေ့ကြီး၏ ရှေ့သို့ရောက်ရှိသွားပေ၏။ ရသေ့ကြီးသည် ဆင်းတုတော်ဝန်းကျင်တွင်တံမြက်စည်းလှည်းနေ၏။



ကျွန်ုပ်သည် ရသေ့ကြီးကို ဝတ်ပြုလိုက်ပေ၏။

ရသေ့ကြီးသည် ကျွန်ုပ်အား ကြည့်လိုက်၏။

"အို. . . အလိုကြီးတဲ့ ဒုက္ခသည်လေးပါလား"

ရသေ့ကြီး၏စကားကို နားမလည်စွာဖြင့် ကြည့်လိုက်ပေ၏။ ကျွန်ုပ်အဖြေစကားထွက်မလာမီအချိန်တွင် ရသေ့ကြီး၏စကားကို ဆက်လက် ကြားလိုက်ရပေ၏။

"လူလေး နားမလည်ဘူး မဟုတ်လား"

"ကျုပ်နာမည်က လူလေးပါ ဘရသေ့"

"ဒီနာမည်ကို ညီတော်ပေးလိုက်တာ မဟုတ်လား"

"အဘဘုန်းပေးလိုက်တဲ့နာမည်ပါ ဘရသေ့၊ အခုလို ထွက်လာတာလည်း အဘဘုန်းရဲ့ခွင့်ပြုချက်အရထွက်လာခဲ့ရတာပါဘရသေ့။ ဒါနဲ့ ဘရသေ့နဲ့ အဘဘုန်းက ဘယ်လိုတော်စပ်တာလဲ ဘုရား"

ဘရသေ့သည် ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီးနောက် ဆင်းတုတော်ရှိရာသို့ ဦးတည်ထွက်လာခဲ့ပေ၏။

ကျွန်ုပ်သည် ဘရသေ့၏ အနောက်သို့လိုက်ခဲ့ရာ ဆင်းတုတော်၏ အနားသို့ ရောက်လာခဲ့ပေ၏။

ဘရသေ့သည် ဆင်းတုတော်၏ အနားသို့ရောက်ရှိပြီးသည်နှင့် ထိုင်ချလိုက်ပေ၏။ ကျွန်ုပ်သည် ဆင်းတုတော်သို့ ကပ်လှူထားသည့် ငှက်ပျောသီးကိုသာ စားလိုက်ရလျှင် လောလောဆယ် အစာပြေသွားမည်ဟု တွေးမိပေတော့၏။

ထိုငှက်ပျောသီးကို ဘရသေ့က စွန့်ပြီးကျွေးလိုက်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ ဟု တွေးနေချိန်၌ ဘရသေ့သည် ကျွန်ုပ်အား ငှက်ပျောသီးနှစ်လုံးကိုယူ၍ ပေး၏။ ငှက်ပျောသီးသည် မွှေးလွန်းနေသလို စားချင်စရာ လွန်စွာကောင်းနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဘရသေ့ကျွေးသည့် ငှက်ပျောသီးကို နှစ်ခြိုက်စွာ စားလိုက်မိပေ၏။ ငှက်ပျောသီးနှစ်လုံးကုန်သွားသည့်အချိန်၌ လွန်စွာအားရှိလာသလို ထင်နေမိပေ၏။ ဘရသေ့သည် တစ်ချက်ပြုံး၍ စကားစပြောလေ၏။

"လူလေး ဗိုက်ပြည့်သွားပြီ မဟုတ်လား။ ဒါဆို နားထောင် ညီတော်ရဲ့ အကြောင်းကို ပြောပြမယ်။"

"တကယ်တော့ ညီတော်ဟာ ဝဋ်ကြွေးတွေရှိနေသေးလို့ သံသရာမှာ ကျင်လည်နေရတာပဲ။ ဘရသေ့ကလည်း ဝဋ်ကြွေးတွေကို ကျေအောင်ဆပ်ဖို့ အမြဲပြောနေတာပဲ၊ ညီတော်က လွန်စွာခေါင်းမာတယ်၊ ပြောရခက်တယ်။"

"ခုတော့ ဝဋ်ကြွေးတွေကုန်တော့မှာပေါ့။ ဒီအချိန်မှာ လူလေးတို့က ညီတော်နဲ့တွေ့တော့ လွန်စွာကံကောင်းတယ်။ ဘရသေ့ကလည်း သူ့ကိုစောင့်နေတာပဲ။ ညီတော်ဟာ မကြာခင် ဒီကိုရောက်လာတော့မယ်။ ညီတော်မလာခင် လူလေးက အရင်ရောက်လာတာပဲ။ ဒါဟာကောင်းတဲ့နိမိတ်တစ်ခုပဲ"

ဘရသေ့စကားကို ကြားလိုက်ရသည့်အချိန်၌ ကျွန်ုပ်လွန်စွာအံ့ဩတုန်လှုပ်သွားပြီး ကြက်သီးမွေးညင်းများထလာသလို ထင်နေမိပေ၏။

"ဒီနေရာကို ဘယ်နေရာလို့ခေါ်သလဲ ဘရသေ့"

"ဒါဟာ မြစွန်ပါဘုရားကုန်းတော်ပဲ လူလေး။ ဒီကုန်းတော်ကို ရောက်ရှိလာသူတိုင်းဟာ စေတီတော်ကို ဖူးခွင့်မရခဲ့ကြဘူး။ လူလေး ကံကောင်းလို့ ဖူးရတာပဲလို့ မှတ်လိုက်ပါ"

"ကျုပ်သဘောပေါက်ပါပြီ ဘရသေ့၊ အဲဒီအတွက်လည်း လွန်စွာ ကြည်နူးမိပါတယ်။ အဘဘုန်းက မှာလိုက်ပါတယ်။ မြစွန်ပါစေတီတော်ကို ဖူးဖြစ်အောင် ဖူးသွားပါလို့ မှာလိုက်ပါတယ်"



"အဲဒါကို လူလေးမေ့နေတယ် မဟုတ်လား။ လူလေးမှာ အပြစ်မရှိပါဘူး။ ဤမျှလောက်ကြီးမားတဲ့ ဒုက္ခသည်တစ်ယောက်က ဘုရား၊ တရားဆိုတာကို ဘယ်လိုလုပ်ပြီး ဦးစားပေးနိုင်မှာလဲ"

"ဒါပေမဲ့ လူလေးကို ဘရသေ့က တစ်ခုမှာလိုက်မယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ မိန်းမကို ရှောင်ပါ။ လူလေးရဲ့အနားကို ရောက်ရှိလာမယ့် မိန်းမတွေက လူလေးအတွက် အနှောင့်အယှက်တွေ ဖြစ်ဖို့က များတယ်။ ဘာလို့ ဒီစကားပြောရတာလဲဆိုတော့ လူလေးက ရည်မှန်းချက်ရှိတဲ့ လူတစ်ယောက်ဖြစ်နေလို့ပါပဲ။ ဘရသေ့ပြောတာကို သဘောပေါက်လား လူလေး"

"ကျုပ် သဘောပေါက်ပါပြီ ဘရသေ့"

"ကောင်းပြီ၊ဒါဆိုလူလေးဒီနေရာကခွာတော့၊အန္တရာယ်မကြာခင်ရောက်လာတော့မယ်၊ လူလေးအတွက် အန္တရာယ်များနိုင်တယ်"

ဘရသေ့စကားကို နားမလည်စွာဖြင့် ကြည့်လိုက်ပေ၏။

ထိုနေရာကို မည်သည့်အန္တရာယ်ပြုမည့်လူများ ရောက်လာမလဲ။ တကယ်အန္တရာယ်ပြုမည့်လူတွေရောက်လာလျှင် ဘရသေ့က မည်သို့ကာကွယ်မလဲ၊ ကျွန်ုပ်အသက်ပေးပြီး ကာကွယ်၍ ကောင်းမည်လားဟု စဉ်းစားနေမိပေ၏။

"လူလေးက ဘာကြောင့် ဘရသေ့ကို စိုးရိမ်နေရတာလဲ၊ ဘရသေ့စကားကို နားထောင်တဲ့အနေနဲ့ လူလေး အခုပဲသွားပါ။ အဲဒီမှာ လမ်းရှိတယ်။ လမ်းအတိုင်းသွားရင် ရွာတွေ့မယ်။ လူလေးကို ကူညီမယ့်သူနဲ့လည်းတွေ့မယ်"

ဘရသေ့သည် ထိုနေရာမှ ထွက်သွားရန် အတန်တန်ပြောလာသည့်အတွက်ကြောင့် ကျွန်ုပ်သည် စေတီတော်ကို ဝတ်ပြု၍ သို့ရာ ဆုကိုတောင်းပြီးနောက် ဘရသေ့ကိုပါဆက်လက်ဝတ်ပြုပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘရသေ့သည် ကျွန်ုပ်အား ဆုပေးနေ၏။

ထို့နောက် . . .

ကျွန်ုပ်သည် စေတီတော်ကုန်းကို ကျော်ခိုင်း၍ ကုန်းတော်၏ တောင်ဘက်အတိုင်း ဆင်းလာခဲ့ပေ၏။

ထိုစဉ် . . .

ကြောက်စရာကောင်းသည့်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပေ၏။

ကျွန်ုပ်သည် ကုန်းတော်ပေါ်မှ ဆင်းလာ၍ ခပ်လှမ်းလှမ်းသို့ အရောက်တွင် ကြီးမားသည့် မြွေဟောက်ကြီးတစ်ကောင်ကိုတွေ့လိုက်ရပေ၏။ ၎င်းမြွေဟောက်ကြီး၏ အပေါ်၌ ယောကျ်ားတွေနှင့် ရောင်စုံမိန်းမ ပျိုတွေ စီးနင်းလိုက်ပါလာကြပေ၏။ ထိုသူတို့၏မျက်လုံးတွေသည် ပြုံးရွှင်ပျော်မြူးနေကြသလို သာယာသောအသံများနှင့် ဂါထာတော်ကို ရွတ်ဖတ်နေကြပေ၏။

(မှတ်ချက်။ ။ထိုဂါထာတော်ကို တစ်နေရာ၌ မောင်လူလေးထွက်ဆိုမည်ဖြစ်ပါသည်။)

ကျွန်ုပ်သည် ဂါထာတော်ကို သေချာနားထောင်ပြီးလိုက်၍ ရွတ်ဆိုနေပေ၏။ မြွေဟောက်ကြီးသည် မြစွန်ပါစေတီတော်သို့ဦးတည်နေပေ၏။

ကျွန်ုပ်သည် ထိုမြင်ကွင်းကို ကြည့်၍လွန်စွာအံ့သြနေပေ၏။ ၎င်းတို့သည် မြစွန်ပါစေတီတော်နှင့် ဘရသေ့ထံ ရောက်ရှိပြီး ဖူးမျှော်ရန်အတွက်လား၊ အန္တရာယ်ပြုရန်အတွက် သွားရောက်မှာလား။ ဝေခွဲမရအောင် ဖြစ်နေချိန်၌ မြွေဟောက်ကြီးသည် ကုန်းတော်၏ခြေရင်းသို့ ဦးတည်နေပေ၏။

မြွေဟောက်ကြီး၏ ဦးခေါင်းပေါ်၌ အသက်ခုနစ်ဆယ်ကျော် အဘိုးအို ထိုင်နေပေ၏။ အဘိုးအိုကြီးသည် အဖြူရောင်ပိတ်စတွေကို



ခေါင်းပေါင်းထားသလို အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မုတ်ဆိတ်အဖြူများသည် ရှည်လျားစွာ တွဲကျလျက်ရှိ၏။

**(မြစွန်ပါစေတီတော်သည် ဒေးစွန်ပါစေတီတော်နှင့် တောင်သုံးလုံးသာ ကွာဝေးသလို ဒေးစွန်ပါစေတီတော်သည် လူအများဖူးနိုင်သလို မြစွန်ပါစေတီတော်သည် လူတစ်ဦးတစ်ယောက် ဖူးရန်မလွယ်ကူအောင်ဖြစ်နေပေ၏။)**

ထိုအချိန်၌ မြွေဟောက်ကြီးသည် စေတီတော်၏ ရှေ့သို့ ရောက်ရှိသွားပေ၏။

မြွေကြီးပေါ်ရှိ လူအများသည် စေတီတော်၏ရှေ့သို့ရောက်ရှိသွားကြသလို စေတီတော်ကို ဝတ်ပြုကြ၏။ဘရသေ့သည်စေတီတော်၏ဘေး၌ ရပ်နေပေ၏။

ထိုအတွင်း၌ ပါရှိလာသည့် ဝတ်စုံဖြူအဘိုးအိုကြီးသည် ထိုင်ရာကထလိုက်ပြီး စေတီတော်ကို ဦးတည်၍လျှောက်လာ၏။စေတီတော်ရှေ့၌ ရပ်၍ ရွှေအစစ်နှင့်ပြုလုပ်ထားသည့် ရွှေလွယ်အိတ်ကြီးကို တပ်ဆင်ပူဇော်နေချိန်၌ ထိုင်နေသူများသည် ဂါထာတော်ကို ရွတ်ဆို၍ ပူဇော်နေပေ၏။

ကျွန်ုပ်သည် စိတ်ဝင်စားစွာ ကြည့်နေချိန်တွင် အံ့သြစရာမြင်ကွင်းတစ်ခုနှင့် ကြုံတွေ့လိုက်ရပေ၏။

မှန်ပေ၏။

ကျွန်ုပ်ထံရောက်ရှိလာသည်မှာ လွန်စွာကြောက်စရာကောင်းသည့် လူကြီးနှစ်ယောက်ဖြစ်ပေ၏။

ထိုလူကြီးနှစ်ယောက်သည် ရှည်လျားသည့်အမွေးများနှင့်ဖြစ်ပြီး လက်အတွင်း၌ဆုပ်ကိုင်ထားသည်မှာလူသေစေသည့်လက်နက်ကြီးများဖြစ်သလို ကြောက်စရာကောင်းသည့်မျက်လုံးများနှင့် ကျွန်ုပ်ကို ကြည့်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့သည် ကျွန်ုပ်ထံ ဦးတည်လာနေသလိုထိုသူတို့၏ အနောက်၌ လွန်စွာများသည့် လူရိုင်းများလိုက်ပါလာပေ၏။ ၎င်းတို့ကို ရင်ဆိုင်ရန် ကျွန်ုပ်၌ စွမ်းအားမရှိသည်မှာ အမှန်ပင်ဖြစ်ပေ၏။

၎င်းတို့သည် တောဝက်ရိုင်းများ၊ ကျားများ၊ငှက်ကုလားအုတ်များ၊ မြွေများကိုစီး၍ ကျွန်ုပ်ထံ ရက်စက်စွာ သတ်ဖြတ်ရန်ဦးတည်လာနေကြပြေ၏။လူရိုင်းခေါင်းဆောင်ဟုထင်ရသူည့် လူတစ်ယောက်သည် ကျွန်ုပ်ကို တိုက်ခိုက်ရန် အမိန့်ပေးလိုက်ချိန်၌ ထိုအရာများသည် ကျွန်ုပ်ထံ ဦးတည်လာနေလျက်ရှိ၏။

"ယား. . ."

ကျွန်ုပ်သည် အားမာန်ကိုယုံကြည်စွာသွင်းလိုက်၏။

ကိုယ်ကိုတစ်ဖက်လှည့်၍နောက်ကိုဆုတ်ပြီးခြေဦးတည့်ရာ ပြေးနေပေ၏။

ကျွန်ုပ်ပြေးသည်မှာ လမ်းမရှိ၊ သစ်ပင်များကို နင်းခြေ၍ ပြေးနေပြီး ထိုလူရိုင်းများသည် သံပြိုင်အော်ဟစ်၍ ကျွန်ုပ်ထံသို့ဦးတည်လိုက်နေကြပေ၏။

ကျွန်ုပ်နှင့်ထိုသူများသည် သိပ်မကွာသလို လွန်စွာ နီးကပ်နေပေ၏။ သူတို့နှင့် ကြုံလိုက်သည်နှင့်ကျွန်ုပ်၏ကိုယ်ခန္ဓာသည်တစ်စစီဖြစ်သွားနိုင်ပေ၏။

ကြီးမားသည့်သစ်ပင်ကြီးများယိမ်းယိုင်လဲကျသလိုမြေပေါက်အပင်များသည် မြေ၌ ပြားပြားဝပ်လဲကျကုန်ပေ၏။

အချိန်သည် ညဥ့်နက်သန်းခေါင် ဖြစ်နေသည့်အတွက် ဝန်းကျင်တစ်ခုလုံး အသံများ ဆူညံစွာထွက်ပေါ်နေပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် အသက်ဘေးမှလွတ်အောင် ပြေးနေ၏။

အံ့ဩရပြန်သည်။

ပြေးစရာလမ်းမရှိအောင် ဖြစ်နေပေ၏။



လမ်းစပျောက်နေပြီး ကြီးမားသည့် ချောင်းတစ်ခုကို တွေ့လိုက်ရ၏။ အနောက်ကို တစ်ချက်လှည့်ကြည့်လိုက်ချိန်၌ လူရိုင်းများသည် အနောက်နားသို့ ရောက်နေပေ၏။

ရုတ်တရက် အသံတစ်ခု ထွက်လာ၏။

"ခုန်ချလိုက် လူလေး"

အသံပိုင်ရှင်သည် ဘရသေ့၏အသံသာဖြစ်ပေ၏။ ကျွန်ုပ်ဆက်စဉ်းစားမနေတော့ဘဲ ချောင်းထဲသို့ ခုန်ချလိုက်ပေတော့၏။

"ဝုန်း"

ကျွန်ုပ်သည် ချောင်းထဲသို့ ရောက်ရှိသည်နှင့်အတူ ရေအောက်ထဲသို့ နစ်မြုပ်ကျသွားပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပေ၏။

အရှေ့ရပ်ရှိ နေလုံးကြီးသည် ကမ္ဘာလောကကြီးသို့ အလင်းရောင်များပေးနေသလို အလင်းရောင်များသည်ဝန်းကျင် တစ်ခုလုံးသို့ ထိန်လင်းနေပေ၏။

ထို့အတူ ခရီးသွားလူတစ်ယောက်သည် သွက်လက်သည့်ခြေလှမ်းတွေနှင့် ဦးတည်လာနေပေ၏။ ထိုသူသည် ချောင်းငယ်ကလေး၏အနီးသို့ ရောက်ရှိလာပေ၏။

ခရီးသွားသည် အရာဝတ္ထု၏အနားသို့ ရောက်ရှိလာပြီး ရပ်ကြည့်နေပေ၏။



အရာဝတ္ထုဆိုသည်မှာ ကျွန်ုပ်သာဖြစ်ပြီး ကျွန်ုပ်သည်အချိန်ကြာမြင့်စွာ သတိလစ်နေပေ၏။ ဘယ်နှစ်ရက်ကြာသည်အထိသတိလစ်နေသည်ဆိုတာ မသိအောင်ဖြစ်နေပေ၏။

"ကောင်လေး. . . ကောင်လေး"

ခေါ်သံတစ်ခုထွက်ပေါ်လာသည့် အတွက်ကြောင့် မျက်လုံးကို အားထုတ်၍ ဖွင့်လိုက်ပေ၏။ မြင်ကွင်းထဲ၌ အသက်ငါးဆယ်ကျော်အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရသလို ၎င်း၏မျက်နှာသည် နိုးရိမ်စိတ်များ လွှမ်းမိုးနေပေ၏။

ထိုအသက်ငါးဆယ်ကျော်လူသည် ကျွန်ုပ်ကို ထူလိုက်ပေ၏။

အားအင်များကုန်ခမ်းနေသည့် ကျွန်ုပ်သည်ပျော့ခွေစွာ လိုက်ပါလာပေ၏။ ထိုလူ့ကို ကျေးဇူးတင်သည့်အကြည့်များဖြင့် ကြည့်လိုက်ပေ၏။

"ကောင်လေး ဘယ်လိုဖြစ်တာလဲ"

"ကျုပ်အခု ဘယ်ကိုရောက်နေတာလဲ"

"အခုရောက်နေတာက ကင်းချောင်းအင်းထဲကို ရောက်နေတာကွယ့်"

"ကင်းချောင်းအင်းထဲကို. . . . ."

လွန်စွာအံ့ဩမိလျက်ရှိပေ၏။

ကျွန်ုပ်မှတ်မိပေ၏။ ကြောက်စရာကောင်းသည့်လူရိုင်းများ လိုက်သည့်အချိန်တွင် ခုန်ချသည်မှာစမ်းချောင်းကြီးတစ်ခုအတွင်းသာ ဖြစ်ပေ၏။

စမ်းချောင်းနှင့် ကင်းချောင်းအင်းသည် မည်သို့ပတ်သက်ဆက်စပ်နေသလဲဆိုတာ ကျွန်ုပ်စဉ်းစားမရအောင် ဖြစ်နေပေ၏။ ကျွန်ုပ်သည် အဖြစ်အပျက်အားလုံးကို ပြောပြလိုက်ပေ၏။ ကျွန်ုပ်ပြောပြနေသည့်အဖြစ်အပျက်တွေကို နားထောင်၍ ၎င်းသည် လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေလျက်ရှိပေ၏။ ထို့အတူနားမလည်စွာဖြင့် ကျွန်ုပ်ကိုကြည့်နေ၏။

"ဒါအမှန်တွေပဲလား လူလေး"

"ကျုပ်မဟုတ်တာ တစ်ခုမှမပြောထားဘူး ဦးလေး"

"ဒါနဲ့နေစမ်းပါဦး လူလေးရဲ့ အဲဒီလူတွေကစေတီတော် နဲ့ ဘုရားသေ့ကို ခေါ်သွားသလား"

"အဲဒါတော့ ကျုပ်မသိဘူး။ကျုပ်ပြီးဆုံးအောင် မကြည့်လိုက်ရဘူး။ ပြီးတော့ မြစွန်ပါဆိုတဲ့ စေတီတော်နဲ့ ဘုရားသေ့ဘယ်လိုပျောက်သွားတာလည်းဆိုတာ သိချင်နေတယ်။ ဒါပေမဲ့ကျုပ်သိခွင့်မရဘူးဗျာ။ ဘုရားသေ့ကတော့ပြောပါတယ်။မြန်မြန်သွားပါ ၊ သူတို့လာရင် ဒုက္ခရောက်လိမ့်မယ်လို့ပြောတယ်"

"လူလေးပြောတာမှန်မယ်လို့ ယုံကြည်ပါတယ်၊ ခက်တာက မြစွန်ပါစေတီတော်ကို ဘယ်လိုလူမှ မတွေ့ဖူးကြဘူး"

"မြစွန်ပါစေတီတော် တကယ်ရှိတယ်ဆိုတာတော့ သေချာတယ်ပေါ့"

"သေချာတာပေါ့ လူလေးရာ။ ဒါပေမဲ့ အဲဒီစေတီတော်ကိုတော့ ဖူးတွေ့တာတော့ ခပ်ရှားရှားပေါ့ကွယ်"

ထိုစကားကို ကြားလိုက်ရချိန်၌ ကျွန်ုပ်ရင်ထဲ၌တုန်လှုပ်မှု၊ ကြည်နူးမှု၊ ကြေကွဲမှုများ လွှမ်းမိုးလာပေ၏။

မြစွန်ပါစေတီတော်ကို ဖူးတွေ့ရသည့်လူအနည်းစု အထဲ၌ ကျွန်ုပ်လည်း တစ်ယောက်အပါအဝင်ဖြစ်သွားပေ၏။ လူ့လောကတွင် ကျွန်ုပ်သည် လွန်စွာထူးဆန်းသည့် လူသားတစ်ယောက်ဖြစ်သွားသည်ဟု ယူဆမိ၏။

ကျွန်ုပ်သည် အနီးရှိလူကြီးကို ကြည့်လိုက်၏။

"အဲဒီဘုရားက လူတွေကိုးကွယ်တဲ့ စေတီမဟုတ်ဘူးလား"



"လူတွေကိုးကွယ်ချင်တာပေါ့။ ဘယ်နေရာဆိုတာမသိလို့ပေါ့ကွယ်။ အဲဒီစေတီ သိပ်မမြင့်ဘူးမဟုတ်လား"

"ဟုတ်တဲ့ သိပ်မမြင့်ပါဘူး၊ ရွှေချထားတာအိနေတာပဲ"

ကျွန်ုပ်သည်မြစွန်ပါစေတီ၏အကြောင်းကိုပြောပြလိုက်၏။ ထိုသို့ပြောနေချိန်တွင် ၄င်းသည် စိတ်ဝင်စားစွာနားထောင်နေပေ၏။ ထိုသို့ ပြော နေချိန်တွင် ကျွန်ုပ်သည် ကြည်နူးခြင်း ၊ကြေကွဲခြင်းများစွာ ဖြစ်နေ၏။

"အဲဒီစေတီတော်ကို ဖူးခွင့်ရတဲ့ကောင်လေးကို ကျုပ်အနေနဲ့ချီးကျူးပါတယ်။ အခု ကောင်လေးက ဘယ်ကိုသွားလို့ဘယ်ကိုပြန်မှာလဲ"

"အဲဒီစကားက လွန်စွာပြောရခက်တယ် ဦးလေး။ ကျုပ်အလုပ်လုပ်ဖို့ ဆရာတော်ကို ခွင့်တောင်းပြီးထွက်ခဲ့တာပဲ။ လူ့လောကမှာ ချမ်းသာကြွယ်ဝတဲ့ လူတစ်ယောက်ဖြစ်ချင်လို့ပါ။ အခု ကျုပ်မှာဘာအလုပ်မှမရှိဘူး"

"ကောင်းပြီ အဲဒါဆို ဦးနဲ့အလုပ် အတူတူလုပ်မလား၊ ဦးကဒီနယ်မှာ သီးစားချထားတဲ့လူပဲ။ အခုသီးစားတွေကို လိုက်သိမ်းနေတာပဲ။ ဦးနာမည်က မြသာတဲ့"

မျှော်လင့်မထားသည့် စကားကို ကြားလိုက်ရသည့်အတွက် ကျွန်ုပ် လွန်စွာ ကျေနပ်မိ၏။ အလုပ်မရှိသည့်အချိန်၌ ဦးမြသာနှင့်လိုက်သွားလျှင်နေထိုင်စားသောက်မှုအတွက်လုံလောက်ပြီဟုထင်နေမိ၏။ ၄င်းနှင့်လိုက်သွားလျှင် ကျွန်ုပ်အတွက် မည်သည့်အကျိုးထူးရှိမည်နည်းဟု စဉ်းစားနေ၏။

"ကောင်လေး ဦးပြောတာကိုလက်ခံလား၊လက်ခံတယ်ဆိုရင် တစ်ခါတည်းလိုက်ခဲ့။ လူလေးအတွက် အားလုံးတာဝန်ယူထားယ်"

"ကျုပ်လက်ခံတယ်ဗျာ။ လိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးမြသာသည် ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

ကျွန်ုပ်သည် ဦးမြသာခေါ် ရာနောက်သို့ လိုက်လာခဲ့၏။ ဦးမြသာသည် ရွာလွတ်ရွာ၌ နေထိုင်သည်။ ကျွန်ုပ်ရောက်ရှိနေသည့် နေရာနှင့် ရွာလွတ်ရွာသည် သုံးနာရီမျှ လမ်းလျှောက်ရပေ၏။

*******



## အခန်း ( ၅ )

ကျွန်ုပ်သည် ဦးမြသာနေထိုင်ရာ ရွာလွတ်ရွာသို့ ရောက်ရှိလာ၏။

၎င်းရွာသည် အိမ်ခြေတစ်ထောင်ကျော်လောက်ရှိ၏။ အိမ်ငယ်များထက် အိမ်ကြီးအိမ်ကောင်းများက ပိုများသည်။ ကြီးမားသည့် အိမ်များ၌ ကြီးမားသည့် သစ်ပင်ကြီးများလည်းရှိ၏။

ကျွန်ုပ်သည် ဦးမြသာအိမ်အရောက်တွင် ဦးမြသာ၏ မိသားစုနှင့် မိတ်ဆက်ပေး၏။ ဦးမြသာ၌ သားယောကျ်ားလေး မရှိ။သမီးမိန်းကလေးနှစ်ယောက်ရှိ၏။ ၎င်း၏သမီးများသည် ကျွန်ုပ်နှင့်အသက်အရွယ် သိပ်မကွာသည့်အတွက် နေရခက်နေ၏။ ဦးမြသာ၏သမီးအကြီးမှာ မြနှင်းဆီဖြစ်၍ အငယ်မမှာ ဆောင်းသဇင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် လွန်စွာချမ်းသာ၏။ ထိုအတွက် ကျွန်ုပ်အားကျေ လာ၏။ ကျွန်ုပ်သည် လွန်စွာချမ်းသာချင်သည့်အတွက်ကြောင့် ဆရာ တော်ထံ၌ ခွင့်တောင်း၍ ထွက်ခဲ့ခြင်းသာဖြစ်၏။

ဦးမြသာသည် သမီးမိန်းကလေးတွေ မွေးထားသည့်အတွက် ကျွန်ုပ်ကို ၎င်း၏စပါးကျီ၌ နေထိုင်ခွင့်ပေး၍လုပ်ငန်းတွေကိုသင်ကြား ပေး၏။

"မောင်လူလေးကို ဦးတစ်ခု မှာထားရဦးမယ်"

"ဟုတ်ကဲ့ ဦးလေး၊ ကျုပ်နားထောင်နေပါတယ်"

"ဦးလေးမှာရှိတဲ့ သမီးနှစ်ယောက်ကို ငါတို့ရဲ့ညီမအရင်းတွေ လို သဘောထားပြီး စောင့်ရှောက်ပေးပါ။ အမြင်မတော်တာတွေ့ရင် ဦးလေးကို အချိန်မရွေးလာပြောပါ"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျုပ်ညီမအရင်းတွေလို သဘောထား ပါ့မယ်"

ကျွန်ုပ်သည် ရဲတင်းစွာ ကတိပေးလိုက်၏။

တကယ်လည်း မှန်နေ၏။ ကျွန်ုပ်သည် မိဘညီအစ်ကိုမောင် နှမတွေ မရှိသည့်အတွက် ၎င်းတို့ကို ညီမအရင်းတွေကဲ့သို့ ခင်မင်၏။

ယခုဦးမြသာသည် ထိုစကားပြောလာသည့်အတွက် ဂရုစိုက် ရပေဦးမည်။ ဦးမြသာသည် ခေါင်းတဆတ်ဆတ်ညိတ်၍ဆေးပြင်းလိပ် ကို ဖွာရှိုက်လျက်ရှိ၏။

"သမီးတို့ကလည်း မောင်လူလေးကို အစ်ကိုအရင်းတစ် ယောက်လို သဘောထားနော် အဖေပြောတာ ကြားလား"

"ဟုတ်ကဲ့. ... ကြားပါတယ် အဖေ"

"ကဲ မောင်လူလေး သမာတောရွာကိုသွား၊ စလုတို့အိမ်မှာ စပါးဝယ်ထားတာရှိတယ်။ ဘယ်နေ့စပါးလာပြီး ပို့မှာလဲလို့ မေးလိုက်၊ ညက်ထွန်းနဲ့နိုင်စိုးတို့ အိမ်ကိုပါသွား။ အရေးကြီးတာက ညက်ထွန်းပဲ။



ဒီကောင်ကအရက်သမားဖဲသမား လောင်းကစားကို အကုန်လုပ်တယ်"

"ကျုပ်သဘောပေါက်ပါပြီ ဦးလေး၊ ကျုပ်အခုပဲသွားပါ့မယ်"

ကျွန်ုပ်သည် ဦးမြသာကို နှုတ်ဆက်၍ ထွက်ခဲ့၏။ ကျွန်ုပ် သည် မြွေဟောက်သားရေခါးပတ်ကြီးကိုပတ်၍ လွယ်အိတ်တစ်လုံးကို လွယ်ထား၏။ လွယ်အိတ်အတွင်း၌ ငွေအနည်းအကျဉ်းနှင့် လောက် လေးခွ၊ လောက်စာလုံး၊ အဝတ်အစား အပိုတစ်စုံသာ ပါရှိ၏။

သမာတောရွာသည် အိမ်ခြေတစ်ထောင်ဝန်းကျင်ရှိ၏။

ကျွန်ုပ်နေထိုင်သည့်ရွာနှင့် ဆယ်မိုင်ဝန်းကျင်ရှိ၏။ ၎င်းရွာ သို့ ခြေကျင်လျှောက်ရ၏။ ရွာတွေကို ကျော်ဖြတ်ရသလို လျှိုမြောင် ကိုင်းတောတွေကို အထပ်ထပ်ကျော်ဖြတ်ရ၏။ ၎င်းနေရာသည်ကျွန်ုပ် အတွက် အသစ်အဆန်းလိုဖြစ်နေလျက်ရှိ၏။ ၎င်းတို့သည်ကျွန်ုပ်အား မျက်နှာစိမ်းနေ၏။

ကျွန်ုပ်ဖြတ်သန်းသွားသည့်ရွာတချို့တွင် လူဆိုးလူမိုက်တွေ ရှိနေသည့်အတွက် သတိထားနေရ၏။ ဦးမြသာကိုယ်တိုင်လည်း ကျွန်ုပ်အားမှာထား၏။

၎င်းတို့ကို ကျွန်ုပ်ဂရုမစိုက်ပေ။

လူ့လောက၌ လူလာဖြစ်ရသည်မှာ ကြီးမားသည့်သံယောဇဉ် တွယ်စရာ မိဘညီအစ်ကို မောင်နှမ မရှိသည့်အတွက်ကြောင့်ဖြစ်၏။

ကျွန်ုပ်၏မိဘနှစ်ပါးနှင့် အစ်ကိုနှစ်ယောက်သည် လူဆိုး လူမိုက်တွေ၏လက်ချက်နှင့် အသက်သေကုန်ကြ၏။ ကျွန်ုပ်သည်၎င်း တို့ကို မိဘညီအစ်ကိုမောင်နှမတွေအတွက် ပြန်လည်ချေပရန်ကို မလို သားသည့်အတွက် မိသားစုကို ပြိုကွဲအောင်ပြုလုပ်သွားသည့်သူများ အား မနှောင့်ယှက်ပါဟု ကတိပေးထားခဲ့၏။ ဆရာတော်သည်လည်း ထိုကတိအားတောင်းထားလိုက်ပေ၏။ ၎င်းကတိကို ကျွန်ုပ်ပေးလိုက် ၏။ ကျွန်ုပ်၏ ညီအစ်ကိုမောင်နှမများကိုသတ်သွားသူအား ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေမည်ဟုကျွန်ုပ်ဘယ်သောအခါမျှမစဉ်းစားမိအောင်ဆုံးဖြတ်ထားပေ၏။

ထိုသို့ လမ်းလျှောက်ရင်းနှင့် ကျွန်ုပ်သည် ဆရာတော် ပေးလိုက်သည့်ဂါထာများအနက် သဗ္ဗုဒ္ဓေ ဂါထာတော်အား နှုတ်မှ ရွတ်ဆိုလျက် လမ်းလျှောက်လျက်ရှိ၏။

(၁) သဗ္ဗုဒ္ဓေ အင္ဒဝီသဥ္စ၊ ဒွါဒသဉ္စသဟဿကေ။
ပဥ္စသတ သဟဿဝါနိ၊ နမာမိသိရသာမဟံ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာနိဗ္ဗုတာဇိနာ။
တေသံမမ္မဉ္စသံဃဉ္စ၊ အာဒရေနနမာမဟံ။

(၃) နမက္ကရာ၊ နုဘာဝေန၊ ဟိတွာသဗ္ဗေဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တုအသေသတော။

လမ်း၌ မည်သည့်အန္တရာယ်ကိုမျှ တွေ့ကြုံခဲ့ခြင်းမရှိ။ တွေ့ကြုံသည့်အန္တရာယ်များသည် နောက်ဆုတ်၍သာ ထွက်ပြေးကြကုန်၏။ ထိုအတွက်ကြောင့် ကျွန်ုပ်သည် ယုံကြည်မှုများ အပြည့်အဝရှိလာပေ၏။

ကျွန်ုပ်လမ်းလျှောက်နေချိန်၌ လူသုံးယောက်သည် ကျွန်ုပ်အနောက်မှ လိုက်လာ၏။ ထိုလူတွေကိုတွေ့လိုက်သည်နှင့် အဖော်ရပြီဟု အတွေးများနှင့်အတူ ခပ်မှန်မှန် လမ်းလျှောက်လာ၏။ ၎င်းတို့မှာသည်  အနောက်မှ ခပ်မှန်မှန် လိုက်ပါလာ၏။

ထူးခြားသည်မှာ ကျွန်ုပ်ရပ်နေလျှင် ၎င်းတို့သည် ရပ်နေကြပေ၏။ ထိုအတွက်ကြောင့် သတိထားလာမိ၏။ ကျွန်ုပ် သမားတော်ရွာအနီးသို့အရောက်တွင် ၎င်းတို့သည် မည်သည့်နေရာ၌ ပျောက်ကွယ်သွားသည်မသိအောင် ဖြစ်သွားပေ၏။ ကျွန်ုပ်သည် သမားတော်ရွာသို့ ရောက်ရှိလာပေ၏။ ဦးမြသာမှာလိုက်သည့် သမားတော်ရွာက ကိုစံလှအိမ်သို့ ဦးတည်လာခဲ့ပေ၏။



ကိုစံလှသည် ဦးမြသာ၏လူယုံတစ်ယောက်ဖြစ်၏။ ကိုစံလှသည် သမားတော်ရွာနှင့် တခြားရွာများရှိ စပါးများကို ဝယ်ရ၏။ စံလှဝယ်ယူထားသည့် စပါးများကို ဦးမြသာအိမ်သို့ ပို့ပေးရ၏။ ထိုနေ့စပါးပို့ချိန်ရောက်နေ၏။ လာရောက်မပို့သေးသည့်အတွက် ပို့ပေးရန် ကျွန်ုပ်အား တာဝန်ပေးစေလွှတ်လိုက်၏။

ကိုစံလှသည် ရွာလယ်၌ နေထိုင်၏။ ကျွန်ုပ်သည် ရွာလယ်လမ်းအတိုင်း ကိုစံလှအိမ်သို့ လျှောက်လှမ်းလာပေ၏။ သို့နှင့် ကိုစံလှအိမ်သို့ ရောက်ရှိလာပေ၏။

"မောင်လှလေး လာတယ်ဟေ့ လာတက်လေကွယ်"

"ဟုတ်ကဲ့ ဦးစံလှ"

"မောင်လှလေးအတွက် ရေနွေးကြမ်းနဲ့ ပဲပြုတ်ကျော်လေး ယူခဲ့ကွာ"

ကိုစံလှသည် စကားပြောရာ၌ လွန်စွာကောင်း၏။ထိုကြောင့် ဦးမြသာသည် လူယုံအဖြစ် သတ်မှတ်ထားပေ၏။ကျွန်ုပ် အိမ်အပေါ်ထပ်သို့ တက်လိုက်ပေ၏။

"အစ်ကိုကြီး လွှတ်လိုက်တာလား မောင်လှလေး၊ ငါ လည်း လာဖို့ပဲဟေ့. . .စပါးတွေက မပြီးပြတ်သေးလို့ကွာ။အခုမောင်လှလေး ရောက်လာတာနဲ့အတော်ပဲ။ ညနေ သလင်းထဲကို သွားကြတာပေါ့"

"ဟုတ်ကဲ့ရပါတယ် ဦးစံလှ၊ ဆရာကြီးကစပါးတွေအရောက်နောက်ကျလို့တဲ့ အဲဒါကျုပ်ကို လွှတ်လိုက်တာပါ"

"စိတ်ချပါကွာ။ အခက်အခဲကို မပြောတော့ဘူး မောင်လှလေးမြင်သွားအောင် ကြည့်သွားပေါ့။ စပါးတွေက မပေးမှာ မဟုတ်ဘူး။ ရိတ်သိမ်းတာ နောက်ကျနေလို့ပါ။ ဒီညတော့ ဒီမှာပဲ အိပ်သွားပေါ့။ နောက်နေ့မှ ခရီးဆက်လေကွယ်၊ အနားယူရင်းပေါ့"

"ကောင်းပါပြီ ဦးစံလှ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဦးစံလုနှင့် စကားတွေပြောနေပေ၏။ ဦးစံလုသည် ရာသီဥတုကြောင့် စပါးများ ရိတ်သိမ်းနောက်ကျရသည့် အကြောင်းတွေအား ရှင်းပြလျက်ရှိ၏။ ၎င်း၏ရှင်းပြချက်သည် ကျွန်ုပ်အတွက် လွန်စွာ စိတ်ဝင်စားစရာ ကောင်းနေပေ၏။

ကျွန်ုပ်တို့သည် စကားကောင်းကောင်းနှင့် ပြောနေကြရာ အချိန်သည် လွန်စွာနောက်ကျသွားပေ၏။

ကျွန်ုပ်သည် ဦးစံလု၏အိမ်၌တစ်ညအိပ်အနားယူလိုက် ၏။

ဦးစံလု၏မိသားစုသည် လွန်စွာခင်မင်စရာကောင်းပေ ၏။ ကျွန်ုပ်သည် ညမအိပ်ခင် စရောက်သည့်အချိန်၌ ဦးစံလုခေါ် သွားရာသို့ လိုက်သွား၏။ ကျွန်ုပ်ကိုတွေ့ချိန်၌ စပါးပေးရမည့်သူများသည် လာရောက်ပေးပါမည်ဟု ကတိပေးလိုက်ကြပေ၏။

ကျွန်ုပ်သည် ကျေနပ်ပျော်ရွှင်မိ၏။ ဦးမြသာလွှတ်လိုက်သည့် လုပ်ငန်းမှာအောင်မြင်မှုရသည့်အတွက်ကြောင့် ဖြစ်ပေ၏။ ကျွန်ုပ်သည် မနက်လင်းတာနှင့် နေထိုင်ရာရွာသို့ပြန်လာခဲ့ပေ၏။

******

"အစ်ကို လူလေးပြန်လာပြီလား။ အဖေတောင် မေးနေသေးတယ်"

ထိုသို့မေးသူမှာ ဦးမြသာ၏ သမီးကြီးမြနှင်းဆီပင်ဖြစ်ပေ၏။ ကျွန်ုပ်အိမ်ခြံဝင်းအတွင်းသို့ဝင်လိုက်သည်နှင့် ၎င်းသည် ဆီးကြိုနှုတ်ဆက်ခြင်းပင်ဖြစ်ပေ၏။ မြနှင်းဆီသည် ကျွန်ုပ်အား နှုတ်ဆက်သည်မှာ ချစ်သူတစ်ယောက် (သို့) အချစ်ဆုံးသူငယ်ချင်း တစ်ယောက်နှင့် နှစ်ပေါင်းများစွာ ကွဲကွာပြီး၍ ပြန်ဆုံသည့်အခါ နှုတ်ဆက်သည့် ပုံစံမျိုးဖြစ်ပေ၏။



ကျွန်ုပ်သည် အိမ်အနီးသို့ လျှောက်လှမ်းလာ၏။

"ဟုတ်တယ် မြနှင်းဆီ။ လုပ်ငန်းတွေ ပြီးတာနဲ့ ပြန်လာတာပဲ။ ဒါနဲ့ ဦးလေးရော မတွေ့ပါလား၊ ဘယ်ကိုသွားလဲ"

"တောင်ဘက်အပိုင်းကို သွားတယ် အစ်ကိုလူလေး၊ ဒါနဲ့ ထမင်းစားခဲ့လား"

"မစားခဲ့ရသေးဘူး"

"ဟောတော့ ဘယ်အချိန်ရှိနေပြီလဲ။ အဖေကပိုက်ဆံမထည့်ပေးလိုက်ဘူးလား။ နေတောင်အတော်လေးစောင်းနေမှပဲ"

မြနှင်းဆီ ပြောမှပဲ ကျွန်ုပ်ထမင်းဆာသလိုဖြစ်လာ၏။ ကျွန်ုပ်သည် နေရပ်ကိုရောက်စေလိုသောဆန္ဒနှင့် လျှောက်လှမ်းလာခဲ့ရာ၌ ထမင်းစားရမှန်းမသိအောင်ဖြစ်သွားပေ၏။ ယခုသတိထားမိလိုက်ချိန်၌ နေအတော်စောင်းလျက်ရှိနေ၏။

"ထည့်ပေးလိုက်ပါတယ် မြနှင်းဆီ၊ မလိုအပ်ဘူးထင်လို့မသုံးခဲ့တာပါ ပိုက်ဆံတွေ ပြန်ပိုလာပါတယ်"

"ဘာလို့ အဲဒီလိုလုပ်ရတာလဲ အစ်ကိုရယ်၊ စားရမယ့်အချိန်ရောက်ရင်စားမှပေါ့။ ခဏနားလိုက်ဦး ထမင်းသွားခူးလိုက်ဦးမယ်"

ထိုသို့ပြောပြီးနောက် မြနှင်းဆီသည် ထမင်းချက်သည့် အခန်းအတွင်းသို့ ဝင်ရောက်သွား၏။ ၎င်းထမင်းခူး မည်ဆိုတာ တကယ်တော့ မဟုတ်ပေ။

ထမင်းချက် မတုတ်ရီကို နှိုးခြင်းဖြစ်၏။

မှန်ပါ၏။

မိဘများသည် မြနှင်းဆီကို ဘယ်တော့မှ ထမင်းခူးမစားရဘူး၊ မတုတ်ရီ ခူးပြီးမှ စားရမည်။ ဘယ်အချိန်စားစား မတုတ်ရီကိုသာ ခူးခိုင်းရမည်ဟု အမိန့်ထုတ်ထား၏။

ယခု ကျွန်ုပ် ထမင်းစားမည်ဆိုသည့်အတွက်ကြောင့် မတုတ်

www.burmeseclassic.com

www.burmeseclassic.com



ရီကို ခူးခိုင်း၏။ မြနှင်းဆီ ကျွန်ုပ်ထံသို့ ပြန်ရောက်လာပေ၏။

"အစ်ကိုလူလေး ထမင်းစားမယ်လေ မတုတ်ရီ ပြင်ပေးထားတယ်"

"စားမယ်လေ"

ကျွန်ုပ်သည် ထမင်းစားခန်းအတွင်းသို့ ဝင်သွား၏။ ကျွန်ုပ်နှင့်အတူ မြနှင်းဆီပါ လိုက်ပါလာ၏။ ကျွန်ုပ်ထမင်းစားနေချိန်တွင် မြနှင်းဆီအနား၌ ထိုင်နေပေ၏။ မြနှင်းဆီသည် ၎င်း၏ဖခင်ဦးမြသာ၏ရင်တွင်းစကားများအား ကျွန်ုပ်သို့ တဆင့်ပြောပြနေပေ၏။

"အစ်ကိုလူလေးက သူ့အတွက် အားကိုးရတဲ့လူတစ်ယောက်ဖြစ်မယ်လို့ထင်တယ်တဲ့၊ ကျွန်မကလည်း အဖေထင်သလိုဖြစ်ပါစေလို့ ဆုတောင်းနေမိတယ်"

"ဘာကြောင့်လဲ မြနှင်းဆီ"

"ဒီလိုလေ အစ်ကိုလူလေးရဲ့၊ ကျွန်မတို့မှာတ အားကိုးစရာယောကျ်ားလေးဆိုလို့ အဖေတစ်ယောက်တည်းရယ်၊ အဖေကအသက်ကြီးပြီလေ။ အဲဒီအတွက် အဖေ့ကို အနားယူစေချင်ပြီး ဒါပေမဲ့ လက်ရှိလုပ်ငန်းတွေက များနေတော့ အနားယူဖို့ အချိန်မရှိဘူးလေ။အစ်ကိုရောက်လာတော့ အဖေ အနားရတာပေါ့"

စိတ်ချပါ မြနှင်းဆီ ကျုပ်ရှိနေသရွေ့ ဦးလေးအနားရမှာပါ။ ဦးလေးအားကိုးရလောက်တဲ့အထိလည်း ကြိုးစားသွားမှာပါ"

ကျွန်ုပ်၏စကားကြောင့် မြနှင်းဆီမှာ အံ့သြသလိုဖြစ်သွားပြီး ကျွန်ုပ်အား ကြည့်လိုက်၏။

မြနှင်းဆီ၏အကြည့်သည် ကျွန်ုပ်အတွက် ရန်ခုန်စေ၏။

ဒါအမှန်ဖြစ်၏။ တကယ်တော့ ကျွန်ုပ်သည်မိန်းကလေးတွေနှင့် အနီးကပ်နေခဲ့ဖူး၏။ပျဉ်စလူ့ရွာ၏သူဌေးသမီးသည် ကျွန်ုပ်အား စိတ်ဝင်စား၏။ ကျွန်ုပ်သည် သူဌေးသမီး မမကြီးအား ဤမျှလောက်



ရင်ခုန်ခြင်းမရှိသလို စိတ်ဝင်စားမှုမရှိအောင် ဖြစ်နေပေ၏။

ကျွန်ုပ်၏နှလုံးသားများသည် ဘာကြောင့်လှုပ်ရှားနေသည် ဆိုတာကို မတွေးတတ်အောင် ဖြစ်နေပေ၏။ အချစ်သည်လွန်စွာ ဆန်းကြယ်သလားဟု တွေးနေမိ၏။

"အစ်ကိုလူလေးက ဘယ်ကိုသွားဖို့ စိတ်ကူးထားလို့လဲ"

"အစ်ကိုက ချမ်းသာတဲ့ လူတစ်ယောက်ဖြစ်ဖို့ကြိုးစားပြီး ရွာကထွက်လာတာလေ မြနှင်းဆီရဲ့၊ ဒီမှာမချမ်းသာရင် ချမ်းသာတဲ့ နေရာကို သွားရမှာပေါ့"

"ကျွန်မတို့နဲ့နေရင်လည်း ချမ်းသာမှာပေါ့၊ အဖေဟာအစ်ကိုလူလေးကို ချမ်းသာတဲ့လမ်းတွေလုပ်ပေးမှာပေါ့၊ တစ်ခုရှိတာက"

မြနှင်းဆီသည် စကားကို ဆက်လက်ပြောဆိုခြင်းမရှိဘဲ ရပ်ထားပေ၏။

ကျွန်ုပ် မြနှင်းဆီအား ကြည့်လိုက်၏။ အကြည့်ချင်းဆုံမိနေသည့်အတွက် ကျွန်ုပ်ရင်တွေခုန်လာပြန်၏။ စားနေသည့်ထမင်းသည် ဆက်လက်စားချင် စိတ်မရှိအောင် ဖြစ်လာပေ၏။

"ဘာများလဲ မြနှင်းဆီ"

"အစ်ကိုလူလေးကြိုးစားရင် အဖေက ဒီအတိုင်းကြည့်နေမှာ မဟုတ်ပါဘူး။ အစ်ကိုလူလေး အခုသွားခဲ့တဲ့ဦးစံလှကိုပဲ ကြည့်လေ။ ဘယ်လောက်အဆင်ပြေနေပြီလဲဆိုတာ"

"အစ်ကို သဘောပေါက်ပြီ မြနှင်းဆီ၊ အဲဒီအတွက် အစ်ကို ကြိုးစားပါ့မယ်။"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

ကျွန်ုပ်သည် စားလက်စထမင်းအား အစသတ်လိုက်၏။ပုဂံကိုယူ၍ဆေးရန် အနောက်ခန်းသို့အထွက် မြနှင်းဆီတားလိုက်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထမင်းစားပြီးနောက် အပြင်ခန်းသို့ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပေတော့၏။

ထိုအချိန်၌ ဦးမြသာရောက်ရှိလာပေ၏။ ဦးမြသာအား ဦးစံလှနှင့်တွေ့ဆုံရသည့်အကြောင်းပြောပြီးစပါးများအားလာရောက်ပို့မည်ဆိုသည့်အကြောင်း ပြောနေချိန်၌ ဦးစံလှသည် နွားလှည်းများနှင့်အတူ စပါးများ လာရောက်ပို့သည့်အတွက် လွန်စွာဝမ်းသာနေပေ၏။

ကျွန်ုပ်အတွက် မျက်နှာကောင်းရ၏။ ကျွန်ုပ်၏လုပ်ရပ်အား ချီးကျူးလျက်ရှိနေပေတော့၏။

*******



## အခန်း ( ၆ )

တိတ်ဆိတ်သောည တစ်ညဖြစ်ပေ၏။

ဦးစံလှ အရောက်ပို့ပေးသည့် စပါးများအား သိမ်းဆည်း၍ အပြီး၌ ပင်ပန်း၍ အနားယူနေ၏။ ထိုသို့ အနားယူသည့်နေရာသည် ကျွန်ုပ်နေထိုင်ရာ အိမ်လေးအရှေ့၌ ထိုင်နေခြင်းသာဖြစ်၏။ ကောင်းကင်ထက်၌ လမင်းကြီးသည် အနှောင့်အယှက်အတားအဆီးများ ကင်းမဲ့ စွာ နေသည့်အတွက် စိတ်များလန်းဆန်းနေသလို ထင်မိ၏။

“မင်းဟာ ချမ်းသာမယ့်လူတစ်ယောက်ဖြစ်တယ်။ အဲဒီအတွက် ရိုးရိုးသားသားနဲ့ ကြိုးစားပါလူလေး။ ရိုးသားတဲ့လူတစ်ယောက်အတွက် ချမ်းသာမှုဆိုတာ မခက်ပါဘူး။ အဲဒါကို အမြဲမှတ်ထားနော်။

www.burmeseclassic.com

www.burmeseclassic.com



အဘဘုန်းပြောတာ ကြားတယ် မဟုတ်လား လူလေး"

အဘဘုန်း၏ မှာစကားပင်ဖြစ်၏။

ကျွန်ုပ်သည် ထိုစကားအား အမြဲလို ဂရုစိုက်လျက်ရှိသလို ရိုးသားသော သူတစ်ယောက်ဖြစ်ရန် ကြိုးစားနေပေ၏။ မည်သူတွေ မရိုးသားတာ လုပ်နေပေမယ့် ကိုယ်ကရိုးသားဖို့ အမြဲလို စဉ်းစားလျက်ရှိ၏။

လူ့လောက၌ နေထိုင်ခြင်းမှာ ရိုးသားခြင်း၊ ချမ်းသာခြင်းတို့သာ အဓိကဖြစ်နေ၏။

တကယ်တော့ ကျွန်ုပ်သည် လူ့လောက၌၊ နေထိုင်ရာ၌ မည်သည့်အဖော်မျှမရှိသလို အဖော်ဆိုတာလည်း ကျွန်ုပ်သာဖြစ်၏။ ကျွန်ုပ်၏ဘဝအတွက် ကျွန်ုပ်သာ အဓိကပွဲကိုင်ရှင်ဖြစ်၏။ထို့အတွက် အဘဘုန်း၏ စကားတစ်ခွန်း၊ ထပ်မံသတိရလာ၏။

"လူလေး မင်းဟာ လူ့လောကမှာ နေထိုင်ရတာ သွန်သင်ဆုံးမမဲ့ မိဘဆရာဆိုတာ မရှိတဲ့အတွက် မင်းဘဝရဲ့ ပွဲကိုင်ရှင်ဟာ မင်းသာဖြစ်တယ်၊ အဲဒါကို သေချာမှတ်ထားနော်"

ဟုတ်ပေ၏။

ကျွန်ုပ်၏ ပွဲကိုင်ရှင်သည် ကျွန်ုပ်သာဖြစ်၏။

ထို့အတွက်သာ ကျွန်ုပ်အေးချမ်းစွာနှင့်လျှောက်လှမ်းနေထိုင်ဖို့သည် ကျွန်ုပ်သာ ပွဲကိုင်ရှင်ဟု တွေးတောနေချိန်၌ အရိပ်တစ်ခုအား တွေ့လိုက်ရ၏။

၎င်းအရိပ်သည် ကျွန်ုပ်အား ဦးတည်လာနေလျက်ရှိ၏။ အရိပ်အား ကျွန်ုပ်စိုက်၍ကြည့်လိုက်ပေ၏။ ကျွန်ုပ်ထံဦးတည်လာသူသည် မိန်းကလေးတစ်ယောက်သာဖြစ်၏။ မိန်းကလေးသည် ဦးမြသာ၏ သမီးကြီး မြနှင်းဆီသာဖြစ်၏။ မြနှင်းဆီသည် ကျွန်ုပ်ထံဦးတည်လာခြင်းပင်ဖြစ်၏။



"ဦးလေးခေါ်ခိုင်းလို့လား မြနှင်းဆီ"

"မဟုတ်ပါဘူး အစ်ကို၊ မြနှင်းဆီတစ်ယောက်တည်းနေရတာ ပျင်းတာနဲ့ အစ်ကိုနဲ့ စကားပြောရအောင် ထွက်လာတာပါ"

"ဒီအချိန်မှ မြနှင်းဆီရယ်"

ထိုမျှသာပြောနိုင်ပြီး ရှေ့ဆက်ပြောရန် စွမ်းအားတွေမရှိသည့်အတွက် ကျွန်ုပ်လွန်စွာ အံ့သြမိပေ၏။ မြနှင်းဆီသည်ကျွန်ုပ်ရှေ့၌ ရပ်လိုက်၏။

"မြနှင်းဆီလာတာကို မကြိုက်လို့လား အစ်ကို"

"ဒီအချိန်မှာအစ်ကိုက တစ်ယောက်တည်းလေ၊ မြနှင်းဆီနဲ့ စကားပြောမယ့်အဖော်ရှိတော့ ကောင်းတာပေါ့၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲအစ်ကို"

"ဦးလေးက အစ်ကိုနဲ့ မြနှင်းဆီတို့ ဒီအချိန်မှာ စကားပြောနေတာကိုတွေ့သွားရင် တစ်မျိုးထင်သွားမှာပေါ့ မြနှင်းဆီရဲ့"

"အို. . . မြနှင်းဆီတို့က ရိုးရိုးသားသား ပြောကြတာပဲ။ ဘာလို့ တစ်မျိုးထင်ရမှာလဲအစ်ကိုရဲ့"

"ဒါက မြနှင်းဆီရဲ့အထင်လေ၊ ရှေးလူကြီးတွေဟာ အလွန်ရိုးသားကြတယ်လေ။ မထင်ရင်တော့ ကောင်းတာပေါ့။ထင်မိမှာစိုးရိမ်လို့ပြောနေတာပါ"

မြနှင်းဆီသည် ကျွန်ုပ်ဘေး၌ ဝင်ထိုင်လိုက်ပေ၏။ ၎င်း၏ ကိုယ်ခန္ဓာသည် ကျွန်ုပ်၏ ကိုယ်လုံးအား ထိမိသွားသည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်သွားပေ၏။

အဘဘုန်း၏စကားသည် ရုတ်တရက်နားထဲသို့ ရောက်ရှိလာပေ၏။

အဘဘုန်း၏စကားသည် မိန်းမတွေနှင့် ကင်းအောင်နေထိုင်ရန်ပင်ဖြစ်၏။ မိန်းမယူရန် တားမြစ်ထားခြင်းမဟုတ်။ မည်မှန်းချက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးလူမိုက်တွေက သတ်သွားကြတယ်။ တစ်ချိန်တုန်းက အစ်ကိုတို့မိသားစုတွေဟာ လွန်စွာချမ်းသာကြတယ်။ လူချမ်းသာတွေရဲ့ စာရင်းဝင်တွေပေါ့။ သူတို့ဟာ အဖေ့ဆီက ငွေလာချေးကြတယ်။ တချို့က ချေးထားတဲ့ငွေကို ပြန်မဆပ်ကြဘူး။ ဒါကြောင့်အဖေက ပြန်မဆပ်တဲ့လူတွေကို မချေးတော့ဘူး။ အဲဒီတော့ မြနှင်းဆီရယ် သူတို့ရဲ့တောင်းဆိုမှုတွေကို မပေးလို့ဆိုပြီး မိသားစုတစ်စုလုံးကို သတ်သွားကြတယ်။ အစ်ကိုမရှိလို့သာပေါ့ အစ်ကိုသာရှိနေရင် အသတ်ခံရဦးမယ်"

ထိုသို့ပြောအပြီး၌ ကျွန်ုပ်သည် ရင်ထဲ၌ ကြေကွဲမှုတွေပိုတ်ဆို့လာသည့်အတွက် စကားစအား ရပ်လိုက်ရပေ၏။

မြနှင်းဆီသည် ကျွန်ုပ်အား ကရုဏာစိတ်နှင့် ကြည့်လိုက်၏။ ကျွန်ုပ်သိ၏။ ကျွန်ုပ်အသံမှာ ကြေကွဲသံဖြစ်ပေါ်နေ၏။

"အဲဒီလိုအသတ်ခံရတော့ အစ်ကို့မှာ အားကိုးရာမဲ့ဖြစ်နေတာပေါ့ မြနှင်းဆီ၊ ဒါနဲ့ ပျဉ်စလူပဆရာတော်ကြီးအဘဘုန်းက မွေးစားပြီး ပညာသင်ပေးတယ်။ အရွယ်ရောက်လာတော့ အဘဘုန်းကို အလုပ်သွားလုပ်ဖို့ ခွင့်တောင်းတယ်၊ အစ်ကို့ရဲ့ခွင့်တောင်းမှုကို အဘဘုန်းက ပေးတယ်။ အဲဒါနဲ့ ဦးလေးမြသာနဲ့တွေ့ပြီး မြနှင်းဆီတို့နဲ့ တွေ့ဆုံရတာပေါ့။ အဲဒီအတွက်လည်း ကျေးဇူးတင်မိပါတယ်။"

ကျွန်ုပ်၏စကားသည် မြနှင်းဆီအတွက် ကြေကွဲစရာများဖြစ်သွားသည်ဟု ထင်နေမိ၏။ မြနှင်းဆီသည် ကျွန်ုပ်ထံရောက်လာချိန်တွင် မျက်နှာသည်လန်းဆန်းလျက်ရှိ၏။

ကျွန်ုပ်၏ဖြစ်ရပ်များသည် မြနှင်းဆီအတွက် စိတ်မကောင်းစရာ ဖြစ်သွားပေ၏။

"အစ်ကို့ဘဝက သနားစရာပဲနော်"

"ကံတရားက အစ်ကို့အတွက် စီမံလိုက်တာပဲလို့ထင်ရမှာပေါ့ မြနှင်းဆီ"



"အဲဒါတွေကိုတွေးမိတိုင်း အစ်ကို အားမငယ်ဘူးလားဟင်"

"အားငယ်နေလို့ ပြည့်စုံလာရင် အားငယ်ချင်ပါတယ်။ ပြီးခဲ့တဲ့အတိတ်ဟောင်းတွေကသာ အသစ်ဖြစ်ပြီး စိတ်ညစ်နေရမှာပေါ့။

"အစ်ကို့စကားက အားတက်စရာတွေပဲ ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒီညအစ်ကိုနဲ့ စကားပြောရတာ မြနှင်းဆီအတွက် ဗဟုသုတတိုးပါတယ်"

ကျွန်ုပ်တို့ စကားပြောနေချိန်တွင် လမင်းကြီးအား တိမ်မိုးတိမ်ရိပ်များသည် တဖြည်းဖြည်းဖုံးအုပ်နေပေ၏။ အချိန်သည်လည်း ညဉ့်နက်၍ လမင်းကြီးသည် အနောက်ဘက်သို့ ကူးပြောင်းနေပေ၏။ မြနှင်းဆီသည် ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်သွားပေ၏။

ကျွန်ုပ်သည် ထိုနေရာ၌သာ ဆက်လက်ထိုင်နေဆဲပင်ဖြစ်၏။

အထီးကျန်လူသားတစ်ယောက်သည် အထီးကျန်ဘဝနှင့်သာ ကျေနပ်ရပေ၏။

*******

"လူလေး အလုပ်ပင်ပန်းနေပြီလားကွယ့်"

ဦးမြသာ၏အသံပင်ဖြစ်၏။

ကျွန်ုပ်သည် စပါးများအား အိမ်အတွင်းသို့ ထည့်နေလျက်ရှိ၏။ ကျွန်ုပ်နှင့်အတူ အလုပ်သမားခြောက်ယောက်ပါသည်။ အလုပ်သမားများအား ကျွန်ုပ်ဦးစီးရ၏။ ပိုင်ရှင်၏ခိုင်းစေချက်သည် ကျွန်ုပ်တို့အတွက် အလုပ်သာဖြစ်၏။

ထိုအတွက် ကျောင်း၌ ပညာသင်ကြားခဲ့ဖူး၏။

ဤသည်မှာ. . .

"အိပ်သော်နောက်ကျ ထသော်ကားရှေ့ ပေးမှုသူ့အပ်
စေ့စပ်ဆောင်ရွက် ကျေးဇူးမြတ် ငါးချက်လျှမ်းကျင်ရာ"

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါဆိုးမစာသည် ကျွန်များ၏ ကျင့်ဝတ်ငါးပါးဖြစ်၏။

တကယ်တော့ ကျွန်ုပ်သည် ကျွန်တစ်ယောက်ပင်ဖြစ်ပေ၏။ ကျွန်သည် ကိုယ့်ရဲ့ ကိုယ်ခန္ဓာနှင့် သူစိမ်းသာဖြစ်နေ၏။ ထိုအချိန်၌ ငါကိုယ်ငါပိုင်သည် စကားလုံးကို သုံးစွဲ၍မရဟု ကျွန်ုပ်သိနေ၏။

ထိုအတွက်ကြောင့် ကျွန်ုပ်သည် ဦးမြသာခိုင်းသည့်အား ဦးဆောင်၍ပင် လုပ်နေရပေ၏။

"ရပါတယ် ဦးလေး၊ ကျုပ်အတွက် ကျင့်သားရနေပါပြီ"

"အေးကွယ်၊ လူလေးက ဦးလေးအတွက် သားတစ်ယောက်လို အားကိုးရတယ်။ လူလေးလာမှပဲ ဦးလေးလည်း အနားရတော့တယ်"

ဦးမြသာသည် ပြုံးရွှင်သည့်မျက်နှာနှင့် ဆေးတံကြီးအားဖွာရှိုက်နေပေ၏။ ဆေးတံအတွင်း၌ရှိနေသည့်မီးများသည် ရဲထွက်လာပြီး ပြာလဲ့လဲ့ မီးခိုးငွေ့လေးများသည် ကမ္ဘာလောကအတွင်းသို့လွတ်လပ်စွာ ထွက်ပေါ်လာ၏။ ကျွန်ုပ်သည် ကျေနပ်သည့်အပြုံးများနှင့် ဦးမြသာကို ကြည့်လိုက်ပေ၏။

တကယ်တော့ ကျွန်ုပ်သည် ဦးမြသာပြောသလို သားအရင်းတစ်ယောက်ကဲ့သို့ လုပ်ဆောင်ပေးနေ၏။ ဦးမြသာခိုင်းသည့် အလုပ်များအားစေ့စပ်သေချာအောင် လုပ်ပေးတတ်၏။ ကျွန်ုပ်လုပ်ပြီးသည့်အလုပ်များသည် ဦးမြသာပြန်ကြည့်စရာမလိုအောင် သေချာလွန်းနေ၏။

"ဟုတ်ကဲ့ ကိုယ်ပိုင်အလုပ်လို သဘောထားပြီးလုပ်ပေးပါတယ် ဦးလေး၊ ကျုပ်ရဲ့စိတ်ထဲမှာလည်း အဲဒီလိုသေချာအောင်လုပ်လိုက်ရမှ ကျေနပ်နေလို့ပါ"

"ဒါကောင်းတဲ့စိတ်ဓာတ်ပဲ လူလေး၊ ကမ္ဘာလောကမှာလူသားတစ်ယောက်ဖြစ်လာရင် သေချာရမယ်။ စည်းကမ်းရှိရမယ်။ စနစ်ကျရမယ်။ အဲဒီလိုစိတ်ရှိတဲ့လူဟာ ဘယ်တော့မှ မဆင်းရဲဘူး။ ဆင်းရဲရင်လည်း ဆိုးဆိုးဝါးဝါးမဖြစ်ဘူး။ အဲဒါဘာကြောင့်လဲ သိလားလူလေး"



"အဲဒီအဆင့်ထိရောက်အောင် ကြိုးစားရဦးမယ် ဦးလေး"

"အေး... လူလေးပြောတာမှန်တယ်၊ တကယ်တော့ လူလေးကငယ်ပါသေးတယ်။ လူ့လောကရဲ့အကြောင်းကို သိဖို့အများကြီးလိုသေးတယ်။ ဒီအရွယ်နဲ့ဒီလောက်သိတာပဲ ချီးကျူးရမှာပေါ့ကွယ်"

"အဲဒီအတွက် ဝမ်းသာပါတယ် ဦးလေး၊ ကျုပ်ဦးလေးတို့အပေါ်ထားတဲ့စေတနာဟာ တစ်နေ့အကျိုးပေးမယ်လို့ ထင်နေပါတယ် ဦးလေး"

"လူလေးပြောတာမှန်တယ်။ ဘယ်အလုပ်ပဲလုပ်လုပ် စေတနာထားရင် ကိုယ်လုပ်ထားတဲ့စေတနာဟာ အမြဲအကျိုးပေးတယ်"

"ဟုတ်ကဲ့ အဲဒါကို ကျုပ်လက်ခံပါတယ် ဦးလေး၊ အဘဘုန်းကပြောဖူးတယ်။လူဆင်းရဲပေမယ့် စိတ်ဓာတ်မဆင်းရဲအောင် အမြဲကြိုးစားပါလို့ မှာထားတယ်"

ဦးမြသာသည် သဘောကျခြင်းများစွာနှင့် ခေါင်းကိုတဆတ်ဆတ်ညိတ်နေပေ၏။

၎င်းသည် ဆေးပြင်းလိပ်အား မီးညှိ၍ အေးဆေးစွာ သောက်လျက်ရှိ၏။ ပြာလဲ့လဲ့မီးခိုးများသည် တလွင့်လွင့်တက်နေလျက်ရှိ၏။

ဦးမြသာသည် ကျွန်ုပ်အား သဘောကျနေ၏။ ကျွန်ုပ်ရောက်လာသည့်အတွက် လုပ်ငန်းတိုးတက်၍ အဆင်ပြေသလို ပိုင်ဆိုင်သည့်စပါးများ စောစီးစွာ ရိတ်သိမ်းနိုင်ခြင်းကြောင့် ဦးမြသာကိုယ်တိုင်ပြောသော ထိုစကားအတွက် ကျွန်ုပ်ပီတိဖြစ်နေပေ၏။

"ကဲ... လူလေးဒါလေးပြီးတာနဲ့ နားလိုက်တော့ကွယ်။ ပင်ပန်းနေရောပေါ့၊ အလုပ်ကလည်း တစ်နေ့တည်းနဲ့ပြီးတာမှ မဟုတ်ဘဲ နောက်နေ့တွေရှိသေးတာပဲ"

"ဟုတ်ကဲ့ ဦးလေး၊ လုပ်လက်စလေးတွေ သက်စ[illegible]လိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး ထမင်းစားဖို့စောင့်နေမယ်နော်"

ထိုအချိန်၌ ဦးမြသာသည် ကျွန်ုပ်တို့အား ကျောခိုင်း၍ နေထိုင်ရာအိမ်သို့ ပြန်ထွက်သွားပေ၏။ ကျွန်ုပ်တို့သည် လုပ်ငန်းများအား ရုတ်သိမ်းလိုက်၏။ အလုပ်သမားများအား ပြန်လွှတ်လိုက်ပြီးနောက် ကျွန်ုပ်သည် ပြန်လာခဲ့တော့၏။

*******



## အခန်း ( ၄ )

တစ်နေ့သ၌. . .

ကျွန်ုပ်ထမင်းစားပြီး၍ ပြန်လာအချိန်၌ မြနှင်းဆီလိုက်လာခဲ့ပေ၏။ ဦးမြသာသည် လုပ်ငန်းများ၌ ပါရှိသည့် စာရင်းစာရွက်များအား လိုက်ယူရန် ထည့်ပေးလိုက်၏။ ဦးမြသာနေထိုင်သည့်အိမ်နှင့် ကျွန်ုပ်နေထိုင်ရာအိမ်သည် သုံးခြံသာ ကွာနေသည့်အတွက် သွားရသည်မှာ လွန်စွာနီးသည်ဟု ပြောနိုင်ပေ၏။

မြနှင်းဆီသည် ကျွန်ုပ်နှင့်စကားပြောရာ၌ တစ်မျိုးဖြစ်နေသည်ဟု ထင်နေချိန်၌ ရုတ်တရက် ကြားလိုက်ရသည့်စကားများကြောင့် လွန်စွာ အံ့ဩမိ၏။

"အစ်ကိုအိမ်ထောင်ပြုဖို့ စဉ်းစားပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ရင်ဘတ်နဲ့ကျောကုန်းသာရှိတဲ့လူတစ်ယောက်က ဘယ်လို လုပ်အိမ်ထောင်ပြုဖို့ စဉ်းစားရမှာလဲ မြနှင်းဆီရယ်"

"အစ်ကိုက အားငယ်တတ်တယ်နော်"

"အားငယ်တာ မဟုတ်ဘူးမြနှင်းဆီ၊ တစ်ဖက်သားကို သောကအရောက်မခံစေချင်တာပါ။ မြနှင်းဆီ စဉ်းစားကြည့်လေ၊ ကိုယ်နဲ့လက်ထပ်မယ့်ဆိုတဲ့ မိန်းကလေးကို ချမ်းသာတာပဲမြင်ချင်တယ်။ ချမ်းသာတော့ အဲဒီမိန်းကလေးရဲ့ ဘဝကပျော်စရာကောင်းတာပေါ့။ ဆင်းရဲနေရင် အိမ်ထောင်ရေးဟာ ပျော်စရာဘယ်ကောင်းမလဲ။ စိတ်သောကရောက်နေတာနဲ့ပဲ အချိန်ကုန်နေမှာပေါ့"

"ဟုတ်တယ်နော် အစ်ကိုပြောတာမှန်တယ်၊ ဒါကို မြနှင်းဆီလည်းလက်ခံတယ်"

ကျွန်ုပ် မြနှင်းဆီအားကြည့်လိုက်ပေ၏။

မြနှင်းဆီသည်လည်း ကျွန်ုပ်အား ကြည့်နေပေ၏။ ၄င်း၏အကြည့်သည် ကြင်နာမှုများ ရောယှက်နေပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် မြနှင်းဆီအား ညီမလေးတစ်ယောက်ကဲ့သို့ သဘောထားနေမိ၏။

ကျွန်ုပ်တို့ လျှောက်လှမ်းနေသည့်လမ်းသည် ညီညာလျက်ရှိနေပေ၏။ ပုစဉ်းရင်ကွဲလေးများ၏အသံသည် ကျွန်ုပ်တို့နှင့်အပြိုင်ထွက်ပေါ်လျက်ရှိနေ၏။ ကျွန်ုပ်သည် မြနှင်းဆီအား ဂရုတစိုက်ခေါ်လာခဲ့ပေ၏။

မြနှင်းဆီသည် ကျွန်ုပ်၏ကိုယ်လုံးနှင့် ပွတ်ခါသီခါပွတ်တိုက်၍ လျှောက်လှမ်းနေ၏။ ထိုသို့ ပွတ်တိုက်လျှောက်လှမ်းလာရာ၌ စိတ်များမှာ အရောင်ပြောင်းနေသည်။ ပုတ်သင်ညိုတစ်ကောင်ကဲ့သို့ ထင်ရပေ၏။ ဒါကိုမြနှင်းဆီ သိချင်မှသိနိုင်လိမ့်မည်ဟု ထင်မှတ်ဖြစ်နေပေ၏။ ကျွန်ုပ်နေထိုင်ရာအိမ်သို့ ရောက်ရှိလာ၏။

"အစ်ကို မြနှင်းဆီမေးတာ ဘာလို့မဖြေသေးတာလဲ"



"ဘာကိုလဲ မြနှင်းဆီ"

"အစ်ကိုကမေ့တတ်တာလား၊ မေ့ချင်ယောင်ဆောင်နေတာလား"

"ဟုတ်တယ် မြနှင်းဆီ၊ အစ်ကိုလောသွားတယ်။ လူတိုင်းဟာ ချမ်းသာချင်ကြပါတယ်၊ အဲဒီအထဲမှာ အစ်ကိုလည်း ပါတယ်"

"ချမ်းသာချင်တဲ့သူက ဘာလို့သူဌေးသမီးကို လက်မထပ်ချင်ရတာလဲ"

"ဒါမေးသင့်တဲ့မေးခွန်းပဲ မြနှင်းဆီ၊ ချမ်းသာတဲ့မိန်းကလေးက ချမ်းသာတယ်ဆိုပြီး အစ်ကို့ကို နှိမ်မယ်ဆိုရင် မြနှင်းဆီလက်ခံနိုင်ပါ့မလား"

"အစ်ကိုရဲ့စိတ်ဓာတ်နဲ့ မာနကို မြနှင်းဆီချီးကျူးပါတယ်။ အဲဒီအတွက် အစ်ကို့ကို မြနှင်းဆီအထူးကြီးလေးစားတယ်"

"ထိုစကားအတွက် ကျွန်ုပ်လွန်စွာဝမ်းသာမိ၏။ ကျွန်ုပ်တို့နေထိုင်ရာ အိမ်ဖြူဝသို့ပြန်ရောက်ချိန်၌ လွန်စွာအံ့သြမိကြကုန်၏။

"ဝေါ. . ."

"ဖျောင်း. . . ဖျောင်း"

ကြောက်စရာကောင်းသည့်အသံသည် ကျယ်လောင်စွာထွက်ပေါ်လာပေ၏။ ထိုအတွက် အထိတ်တလန့်ဖြစ်ကုန်ပေ၏။

"အမလေး လုပ်ပါဦး အစ်ကိုရယ်"

မြနှင်းဆီသည် အလန့်တကြားအော်ဟစ်၍ ကျွန်ုပ်အား တင်းကြပ်စွာ ဖက်လိုက်၏။ ကျွန်ုပ်သည် စိုးရိမ်စိတ်များနှင့်အတူ မြနှင်းဆီအား ပြန်လည်၍ ဖက်ထားလိုက်၏။ အချစ်၏လှုပ်ရှားမှုများကြောင့် နှလုံးသားအား ထိန်းချုပ်ရခက်နေပေ၏။ ကမ္ဘာလောကကြီး ဘယ်လောက်ဆူညံဟိန်းထွက်သွားသည်ဆိုတာ ဂရုမစိုက်နိုင်အောင်ဖြစ်နေ၏။

မြနှင်းဆီသည် ကျွန်ုပ်ရင်ခွင်အတွင်း၌ ငြိမ်သက်နေ၏။ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ၄င်းအား အချိန်ဘယ်လောက်ကြာအောင် ပွေ့ဖက်ထားသည်ဆိုတာ မသိအောင်ဖြစ်နေပေ၏။

ဟိန်း၍ထွက်လာသည့်အသံသည် ထူးဆန်းသည့်အကြောင်း မဟုတ်။ ပင်ယံထက်၌ ရှိနေသည့် ကုက္ကိုကိုင်းကျိုးကျခြင်းပင်ဖြစ်၏။ ကုက္ကိုကိုင်းခြောက်လေးသည် ကျွန်ုပ်တို့၏ဘေး၌ လွတ်လပ်စွာပြုတ်ကျသွားပေ၏။ ကျွန်ုပ်နှင့် မြနှင်းဆီသည် မည်သည့်ဒဏ်ရာမျှ ရရှိကြခြင်း မရှိပေ။

"အစ်ကို မြနှင်းဆီကို လွှတ်ပေးတော့လေ၊ ဘာလို့ ဒီလောက် ဖက်ထားရတာလဲ"

"အို. . . ဟုတ်သားပဲ၊ အစ်ကိုမေ့သွားတယ် စိတ်မဆိုးနဲ့နော် မြနှင်းဆီ"

ကျွန်ုပ်သည် မြနှင်းဆီကို လွှတ်ပေးလိုက်ပေ၏။ ကျွန်ုပ်လွှတ်ပေးလိုက်ချိန်၌ မြနှင်းဆီသည် ကျွန်ုပ်၏လက်မောင်းလေးအား တင်းကြပ်စွာ ဆုပ်ကိုင်ထားနေပေ၏။ မြနှင်းဆီသည် ကျွန်ုပ်၏မျက်နှာအား ကြည့်နေပေတော့၏။ ကျွန်ုပ်အား စိတ်ဝင်စားနေသည်ဟုထင်နေမိပေတော့၏။

*******

ကြေကွဲစရာလား၊ ကြည်နူးစရာလားဆိုတာ ကျွန်ုပ်ကြိုတင်မတွေးတတ်အောင် ဖြစ်နေပေ၏။

မြနှင်းဆီနှင့် ကျွန်ုပ်တို့ လက်ထပ်ရမည့်အခြေအနေသို့ ရောက်ရှိလာနေပေ၏။

မြနှင်းဆီ၏တောင်းဆိုမှုကြောင့် ဦးမြသာသည် ကျွန်ုပ်အား ဖွင့်ဟပြောဆိုလာပေ၏။ ထိုအကြောင်းသတင်းသည် ကျွန်ုပ်နှင့်မြနှင်းဆီတို့ ချစ်သူများဖြစ်နေသည့်အတွက် လက်ထပ်ပေးရန်တောင်းဆိုသလို၊ ဦးမြ



သာကိုယ်တိုင်က သဘောတူနေသည့်အတွက်ကြောင့် ကျွန်ုပ်အား လာရောက်ပြောပေ၏။

ထိုတောင်းဆိုမှုသည် ကျွန်ုပ်အတွက် လွန်စွာအံ့ဩတုန်လှုပ်သွားရပေ၏။ မြနှင်းဆီအား လက်မထပ်ချင်ဘူးလားဆိုသော် လက်မထပ်ချင်သလို လက်လည်းထပ်ချင်နေပါ၏။

လက်မထပ်ချင်သည့်အချက်သည် ကျွန်ုပ်သည် ရည်မှန်းချက် မပြည့်သေးသည့်အတွက်ကြောင့်ပင် ဖြစ်လာပေ၏။

လက်ထပ်ချင်သည်မှာ မြနှင်းဆီ၏ ပြုစုယုယမှုများအား ခံယူချင်သည့်အတွက်ကြောင့်ပင်ဖြစ်၏။

တကယ်တော့ မြနှင်းဆီသည် လွန်စွာ ချောမောလှပသည့် မိန်းကလေးတစ်ဦးပင်ဖြစ်၏။ မိဘများချမ်းသာသည့်အတွက် ကျွန်ုပ်၏နောင်ရေးမှာ စိတ်အေးရပြီး လူချမ်းသာတစ်ဦးဖြစ်လာလိမ့်မည်ဟု ထင်နေမိ၏။

"လူလေး ငါတို့မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်မှ အမိုရှိမှ ပွင့်တာကွဲ့။ အမိုရှိမှ ပွင့်တယ်ဆိုပြီး မကြိုးစားရင် အောင်မြင်မှာမဟုတ်ဘူး။ အမိုလည်းရှိရမယ်၊ ကြိုးလည်းကြိုးစားရမယ်။ အဲဒါဆို အောင်မြင်မှုရရှိလိမ့်မယ်"

အဘဘုန်း၏စကားပင်ဖြစ်၏။

ယခု ကျွန်ုပ်အတွက် အမိုရပြီဟု ဆိုနိုင်ပေ၏။ ကျွန်ုပ်၏ရည်မှန်းချက်အတွက် မြနှင်းဆီသည် အမိုပြုနိုင်သည်ဟု ထင်ရပေ၏။

ထို့ကြောင့် မြနှင်းဆီအား ကျွန်ုပ်လက်ထပ်ရန်ဆုံးဖြတ်လိုက်၏။ မြနှင်းဆီကိုယ်တိုင်လာရောက်၍ မေးပြန်၏။

"အစ်ကို မြနှင်းဆီကို လက်ထပ်မယ်လို့ အဖေ့ကိုပြောလိုက်တယ်မဟုတ်လား"

"ဟုတ်တယ် ဦးလေးကိုတော့ပြောလိုက်ပါတယ်။ ဒါပေမဲ့ အစ်ကို့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ် မြနှင်းဆီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ အစ်ကို။ မြနှင်းဆီသဘောမပေါက်ဘူး"

မြနှင်းဆီသည် ကျွန်ုပ်၏လက်မောင်းလေးအား ဆုပ်ကိုင်၍ ထိုသို့မေးလိုက်ပေ၏။ ကျွန်ုပ်ရင်တွင်း၌ အဖြေရှိနေပေ၏။ ကျွန်ုပ်သည် ကြိုတင်ပြင်ဆင်ထားခြင်းကြောင့်ပင်ဖြစ်၏။ မြနှင်းဆီအား ကြည့်လိုက်ရာ မြနှင်းဆီ၏ မျက်နှာသည် ပြုံးရွှင်နေ၏။ ကျွန်ုပ်နှင့် လက်ထပ်ရမည့်ကိစ္စအား ကျေနပ်လျက်ရှိ၏။ တကယ်တော့ မြနှင်းဆီသည် ကျွန်ုပ်အား တစ်ဖက်သတ် ချစ်နေသူတစ်ယောက်ဖြစ်၏။

ကျွန်ုပ်သည် မြနှင်းဆီအားကြည့်လိုက်ပေ၏။ အချစ်သည်ထိုအရာအား ခေါ်နေသလားဟု တွေးနေမိပေ၏။ တကယ်တော့ ကျွန်ုပ်သည် ဒီအရွယ်ထိရောက်ရှိလာ၏။ အချစ်ဆိုတာအား တစ်ခါမျှ ခံစားခဲ့ဖူးသူမဟုတ်၊ တချို့ ကျွန်ုပ်၏အရှေ့၌ အချစ်နှင့်ပတ်သက်၍ များစွာပြောဆိုလျက်ရှိ၏။ ထိုအရာအား ကျွန်ုပ်လက်ခံလေ့မရှိ၊ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်ုပ်မခံစားဖူးဘူးဟု ထင်မှတ်မိပေ၏။

"အစ်ကိုက ဆင်းရဲတယ်။ တစ်ကောင်ကြွက်တစ်ယောက်၊ အစ်ကိုနဲ့လက်ထပ်လိုက်လို့ မြနှင်းဆီ စိတ်အားငယ်နေမလား၊ နောက်ပြီးတော့ . . ."

"ဘာကိုလဲ အစ်ကို"

"အစ်ကိုတို့က ရွာထဲမှာနေရတာ ပတ်ဝန်းကျင်ရှိတယ်။ ဘယ်ကမှန်းလည်းမသိ၊ နောက်ပြီးအခြေအမြစ်မရှိတဲ့ လူတစ်ယောက်ကို လက်ထပ်ရမလားဆိုပြီး ကဲ့ရဲ့ကြရင် မြနှင်းဆီ စိတ်သောကရောက်မှာကိုလည်း အစ်ကို ကြည့်ရက်ဘူး။ အစ်ကို မြနှင်းဆီကို သနားတယ်"

"မဟုတ်တာအစ်ကိုရယ်၊ အစ်ကိုနဲ့ မြနှင်းဆီတို့ လက်ထပ်ကြတာ သူတို့နဲ့ မသက်ဆိုင်ပါဘူး။ ပတ်ဝန်းကျင်ဆိုတာ ကဲ့ရဲ့တတ်တဲ့ အမျိုးပါလား အစ်ကိုရာ၊ ဘယ်သူတွေ ဘာပဲပြောပြောမြနှင်းဆီ ဂရုမစိုက်ဘူး အစ်ကို။ အရေးကြီးတာက မြနှင်းဆီနဲ့ အစ်ကိုလူလေးတို့ တစ်ယောက်



နဲ့ တစ်ယောက်နားလည်မှုရှိနေဖို့ပဲ"

"အစ်ကိုနားလည်ဖို့ထက် မြနှင်းဆီသဘောပေါက်ဖို့လိုတယ်။ အစ်ကိုရဲ့ အချစ်ဦးက မြနှင်းဆီရယ်ပါ။ အဲဒီအတွက် အစ်ကိုမကြောက်ချင်ဘူး"

မြနှင်းဆီသည် လူလေးပခုံးပေါ်သို့ ခေါင်းလေးမှေးတင်လိုက်၏။ ချစ်သူသာအနား၌ ရှိနေလျှင် ကမ္ဘာလောကကြီး ရှစ်ခြမ်းကွဲသွားပါစေ ဂရုမစိုက်ပါဘူးဟု ပြောနေမိ၏။

"ဒါတွေမပြောနဲ့တော့ အစ်ကို။ မြနှင်းဆီမသိဘူး။ မြနှင်းဆီသိချင်တာက အစ်ကိုနဲ့မြနှင်းဆီ ဘယ်တော့လက်ထပ်ကြမလဲဆိုတာပဲ"

"ဦးလေးကပြောတယ်၊ ဒီနွေစပါးသိမ်းပြီးတာနဲ့ လက်ထပ်ပေးမယ်ပြောတယ် မြနှင်းဆီ။ လောလောဆယ်တော့ သူတို့နဲ့သုံးနှစ်လောက်အတူနေကြတဲ့၊ အဲဒီအချိန်မှာ စုဆောင်းထားတဲ့၊ သုံးနှစ်ပြည့်တာနဲ့ အိမ်ခွဲပေးမယ်ပြောတယ်။"

"အဲဒါအစ်ကိုက ဘာပြောလိုက်လဲ"

"ဘာပြောရမှာလဲ မြနှင်းဆီရဲ့ ဦးလေးသဘောလို့ပဲပြောလိုက်တာပေါ့၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲအစ်ကို"

"ဒီရက်ထဲမှာ အစ်ကို ဖိုးဦးစိန်ရွာကို သွားဖို့ရှိတယ်။ အထက်ပန်းညိုနဲ့ အောက်ပန်းညိုကိုပါ သွားဖို့ရှိသေးတယ်။ အဲဒီရွာကအဝယ်တော်ပွဲစားကြီးတွေက စပါးတွေလာမပို့သေးလို့တဲ့။ အဲဒါတွေကိုသွားလိုက်ပြောရမှာ မြနှင်းဆီရဲ့"

"ဘယ်နှစ်ရက်ကြာမှာလဲ အစ်ကိုရယ်၊ မြနှင်းဆီကတော့ ဒီရက်ထဲမှာ ခရီးဝေး သိပ်မသွားစေချင်ဘူး။ မိဘစကားဆိုတော့လည်း မတားလိုတော့ပါဘူး အစ်ကိုရယ်"

လူလေးနှင့် မြနှင်းဆီတို့သည် တစ်ယောက်မျက်နှာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ကြည်နူးခြင်းများစွာနှင့်အတူ စကားများပြောနေကြသည့်အတွက် ပတ်ဝန်းကျင်အား သတိမေ့နေကြပေ၏။

လဆန်းရက်၌ရှိသည့် လခြမ်းပဲ့လေးသည် အနောက်ရပ်သို့ တဟုန်ထိုးဆင်းနေပေ၏။ ပုစဉ်းရင်ကွဲလေးများသည် မောပန်းခြင်းမရှိဘဲ ပျော်မြူးစွာဖြင့် အော်ဟစ်လျက်ရှိ၏။

၎င်းတို့နေထိုင်သည့်ကျေးလက်ဒေသများရှိချစ်သူများသည် ညအချိန်ခါ၌ မှောင်ရိပ်ခို၍ ချိန်းတွေ့တတ်ကြပေ၏။ ထိုသို့ချိန်းတွေ့ရန်အတွက် အောင်သွယ်တော်များက တဆင့်ချိန်းပေးရ၏။ တချို့အောင်သွယ်တော်များနှင့် လက်ထပ်သူများစွာ ရှိခဲ့ဖူး၏။ ထိုကိစ္စနှင့်ပတ်သက်၍ ကြေကွဲသူများစွာရှိသလို ပျော်ရွှင်သူများစွာလည်း ရှိနေကြပေ၏။

ထိုဒေသသည် ချစ်သူဘဝရောက်ရန် လွန်စွာခက်ခဲတြ၏။ မိန်းကလေးတစ်ယောက်အား စိတ်ဝင်စားလျှင် စာရေးပြီးမှ ထိုမိန်းကလေးနှင့် ရင်းနှီးသူအား ရှာရပေ၏။ မိန်းကလေးတစ်ယောက်အား စာအစောင်ပေါင်းများစွာ ရေးပေးရ၏။ ထိုမိန်းကလေး၏ အကဲခတ်မှုအား စိတ်ရှည်ရှည်နဲ့စောင့်နေရ၏။ ထိုသို့စောင့်ရာ၌ ထိုမိန်းကလေး၏အပေါ်၌ သစ္စာရှိရ၏။ မိန်းကလေးတစ်ယောက်အား နောက်ထပ်စိတ်ဝင်စားလျှင် သစ္စာမရှိသူဟု သတ်မှတ်ခြင်းခံရ၏။

ကျေးလက်ဒေသ၌ ချစ်စရာကောင်းသည့်ဓလေ့တစ်ခုရှိ၏။ ဤသည်မှာ စိတ်ဝင်စားလျှင် ဘယ်မိန်းကလေးကိုမဆို စိတ်ဝင်တစားစာပေးပိုင်ခွင့်ရှိ၏။ ချမ်းသာသည့်ရွှေဘုံပေါ်မှ မိန်းကလေးအား ကြိုက်နှစ်သက်ခွင့်ရှိ၏။ ထို့အတွက် ဘယ်လိုမိဘကမှ တားမြစ်ပိုင်ခွင့်မရှိဖြစ်နေတတ်၏။

ယခုမြနှင်းဆီအား စိတ်ဝင်စားသူယောကျ်ားလေးရှိ၏။ မြနှင်းဆီသည် အနား၌ရှိသည့်လူလေးကိုသာ ချစ်မြတ်နိုး၏။ ရှိုးသားသည့်လူလေးအား မြနှင်းဆီဖခင်က သဘောတူ၍ လက်ထပ်ရန်အထိ စီစဉ်



ပေး၏။

"မြနှင်းဆီပြန်တော့နော် အချိန်လည်း ညဉ့်နက်လှပြီ"

"ဘာကြောင့်လဲမသိဘူး၊ မြနှင်းဆီ အစ်ကိုနဲ့စကားပြောရတာ မဝသေးဘူး။ စကားတွေပြောချင်သေးတယ်"

"အစ်ကိုလည်း မြနှင်းဆီလိုပါပဲ။ မြနှင်းဆီရဲ့မျက်နှာလေးကို ကြည့်ပြီး စကားတွေပဲ ပြောချင်တယ်။ အစ်ကိုနဲ့ ခွဲရလည်းတစ်လလောက်ပါပဲ။ နောက်ဆိုရင် အတူတူနေကြရတော့မှာပဲ။ မြနှင်းဆီက အစ်ကိုနဲ့နေရတာ ညည်းငွေ့သွားပြီလို့ပြောမှာကိုပဲ စိုးရိမ်နေမိတယ်"

"မြနှင်းဆီက မိန်းကလေးပါအစ်ကိုရယ်"

လူလေးသည် ချစ်သူမြနှင်းဆီ၏ မျက်နှာဖူးဖူးလေးအားစူးစိုက်ကြည့်နေပေ၏။ ထို့နောက် မြနှင်းဆီသည် လူလေး၏ရင်ခွင်အတွင်းသို့ ဝင်လိုက်ပေ၏။ လူလေးသည် မြနှင်းဆီအား တင်းကြပ်စွာဖက်ထားလိုက်ပေ၏။

အချစ်သည် ပျော်ရွှင်ကြည်နူးခြင်းနှင့် သာယာလှပမှုအားဖန်တီးပေးနေ၏။ ကမ္ဘာလောက၌ လူသားများရှိနေလျှင် အချစ်သည် ရှင်သန်လန်းဆန်းနေမည်ဟု ထင်မှတ်မိပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

လွှန်စွာတိတ်ဆိတ်သော ညတစ်ည. . . . .

ပတ်ဝန်းကျင်တစ်ခုလုံးအား မဟာရာကန့်လန့်ကာချပ်ကြီးခြုံလွှမ်းထားသလိုဖြစ်နေပေ၏။ ကြယ်တာရာများ၏ မှိတ်တုတ်တုတ်အလင်းရောင်များမှာ အမှောင်ထုအား ဖြိုခွင်းလျက်ရှိပေ၏။ ညဉ့်အချိန်ဖြစ်နေသည့်အတွက် ထိုဒေသ၌ နေထိုင်ကြသူများ နှစ်ခြိုက်ခြင်းများစွာနှင့် အိပ်မောကျလျက်ရှိပေ၏။

ထို့နောက်. . .

အနက်ရောင်ဝတ်စုံနှင့် လူလေးယောက်သည် လမ်းမအတိုင်း သွက်လက်စွာ လျှောက်လှမ်းလျက်ရှိပေ၏။ ၎င်းတို့၏ ခြေသံများသည် လွှန်စွာတိတ်ဆိတ်လျက်ရှိပေ၏။ ထိုလူလေးယောက်သည် ခြံကြီးတစ်ခြံအတွင်းသို့ ဦးတည်လျက်ရှိနေပေ၏။



၎င်းတို့သည် အဆောက်အဦကြီးတစ်ခုသို့ ဦးတည်လျက်ရှိနေပေ၏။ ၎င်းတို့သည် အဆောက်အဦ၏အနီးသို့ရောက်သည်နှင့်နှစ်ဦးသည် ပတ်ဝန်းကျင်အား အကဲခတ်လျက်ရှိနေသလို ကျန်နှစ်ဦးသည် အဆောက်အဦ၏ ပိတ်ထားသည့်တံခါးအား ဖွင့်လျက်ရှိနေပေ၏။

အဆောက်အဦသည် တခြားမဟုတ်။ စပါးများလှောင်ထားသည့် စပါးဂိုဒေါင်ပင်ဖြစ်ပေ၏။ ၎င်းတို့သည် စပါးဂိုဒေါင်အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားနေကြခြင်းပင်ဖြစ်၏။

တိတ်ဆိတ်သည့်ည ဖြစ်နေသည့်အတွက် ၎င်းတို့လုပ်နေသည့် အသံများသည် ပတ်ဝန်းကျင်၌ ခပ်ပါးပါးသာကြားနေရပေ၏။ ဂိုဒေါင်ဖောက်နေသူများသည် တံခါးပွင့်ရန်အတွက် ကြိုးစားနေသလို အစောင့်နှစ်ယောက်သည်လည်း ပတ်ဝန်းကျင်အား သေချာအကဲခတ်လျက်ရှိနေပေ၏။

အတန်ကြာအောင် ဖွင့်လိုက်သည့်အတွက် ဂိုဒေါင်တံခါးပွင့်သွားပေ၏။ ထို့နောက် နှစ်ယောက်သည် အပေါ်သို့ တက်လိုက်ကြပေ၏။ အပေါ်၌ရှိသည့် စပါးအိတ်များအား တစ်အိတ်ချင်းထပ်၍ ထုတ်လျက်ရှိပေ၏။

ထိုလူများသည် ဂိုဒေါင်အတွင်းရှိ စပါးအိတ်များအား ထမ်း၍ တစ်နေရာ၌ သွားရောက်စုပုံထားပေ၏။ တစ်အိတ်ချင်းထမ်းထုတ်နေသည့်အတွက် စပါးအိတ်များ ပုံနေပေ၏။

ထိုအချိန်၌ လူတစ်ယောက်သည် ဂိုဒေါင်ဘက်သို့ ဦးတည်လာလျက်ရှိနေပေ၏။ ရုတ်တရက်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် လွှန်စွာအံ့ဩသွား၏။ ထိုလူသည် ဒေါသများထွက်လာ၏။ အနီးရှိတုတ်တစ်ချောင်းအား ဆုပ်ကိုင်လိုက်ပေ၏။

"ရော့"

"အား. . ."

www.burmeseclassic.com

www.burmeseclassic.com



စပါးအိတ်သယ်လာသူအား ရိုက်ချလိုက်ပေ၏။ ၄င်းသည်ရှေ့သို့ လွင့်ကျသွားပေ၏။ ထိုအသံကြားလိုက်ချိန်၌ အနက်ရောင်ဝတ်စုံနှင့် သူများသည် ဝိုင်းအုံရောက်ရှိလာ၍ ထိုလူအား ဝိုင်း၍တိုက်ခိုက်လျက်ရှိနေပေ၏။

လေးယောက်အနက် တစ်ယောက်လဲကျသွားသည့်အတွက် သုံးယောက်တစ်ယောက်ဖြစ်နေပေ၏။ တိုက်ပွဲသည် ပြင်းထန်သလို တစ်ယောက် သမားသည် အရှုံးပေးခြင်းမရှိ အသေခံ၍ တိုက်ခိုက်လျက်ရှိနေပေ၏။

ရှေ့၌လူနှစ်ယောက်အား တိုက်ခိုက်နေချိန်၌ အနက်ရောင်လူသည် လဲနေရာမှထပြီး နောက်မှနေ၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့်တုတ်နှင့် ရိုက်လိုက်၏။

"ရော့"

ထိုအချိန်တွင် တုတ်သည် အရှိန်ပြင်းထန်စွာနှင့် ဦးတည်နေပေ၏။ သူ့ထံသို့ အရာတစ်ခုရောက်ရှိလာသည်ဆိုတာ သိလိုက်ရသည့်အတွက်ရုတ်တရက်ခေါင်းအား ငုံ့၍ရှောင်လိုက်ပေ၏။

"အု"

ထွက်ပေါ်လာသည့်အသံနှင့်အတူ ရှေ့၌ရှိနေသည့် အနက်ရောင်လူတစ်ယောက်အား ထိမှန်၍လဲကျသွားပေတော့၏။ထိုစဉ် အနောက်၌ရှိနေသူအား အနောက်ခြေဖြင့် ဖြတ်ကန်လိုက်ပေ၏။ ရင်ဝသို့ ထိမှန်၍ လဲကျသွားပေ၏။

"သူခိုးဗျို့. . . . . ."

"သူခိုး. . . . ."

ထွက်ပေါ်လာသည့်အသံသည် တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်အား ဆူညံသွားစေ၏။ အနီး၌ရှိနေသည့်သူများ ကြားသိလိုက်ရ၍ ရောက်ရှိလာခဲ့ပေ၏။ ထိုလူများသည် အနက်ရောင်လူများအား ဝိုင်း၍



တိုက်ခိုက်နေကြ၏။

သူခိုးဆိုသည့်သတင်းသည် တစ်ရွာလုံး ပျံ့နှံ့သွားပေ၏၊ ထိုအ တွက်ကြောင့် ရွာသားများရောက်ရှိလာကြခြင်းဖြစ်၏။ ထိုအထဲ၌ လူလေး၏ပိုင်ရှင် ဦးမြသာနှင့်သမီး မြနှင်းဆီတို့ ရောက်ရှိလာကြပေ၏။ ၄င်းတို့သည် လူလေးအား လိုက်ရှာနေပေ၏။ လူလေးသည် ဒဏ်ရာနှင့် လဲကျနေပေ၏။

အနက်ရောင်ဝတ်သူခိုးများသည် နှစ်ယောက်ထွက်ပြေးလွတ်မြောက်သွားပြီး၊ တစ်ယောက်မှာ ပြင်းထန်သည့်ဒဏ်ရာများရရှိ၍ တစ်ယောက်သည် သေဆုံးသွားပေ၏။

"အစ်ကိုလူလေး"

"အစ်ကိုလူလေး"

မြနှင်းဆီသည် လူလေးအား ပွေ့ထူ၍ ခေါ်လျက်ရှိ၏။

လူလေးသည် သတိလစ်၍ လဲကျနေပေ၏။ မြနှင်းဆီခေါ်ပေမယ့် ကြားရခြင်းမရှိအောင် ဖြစ်နေပေ၏။ ညဦးအမှောင်ထုသည် လူသူများအား သဲသဲကွဲကွဲ မမြင်ရပေမယ့် မီးတုတ်များကြောင့် လင်းထိန်နေလျက်ရှိနေပေ၏။

"အဖေရေ. . . ဒီမှာအစ်ကိုလူလေး သတိလစ်နေတယ် လုပ်ပါဦး"

မြနှင်းဆီအသံကြောင့် ဦးမြသာရောက်ရှိလာ၏။ ရွာသားများသည် အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်အား ဖမ်းဆီး၍ ရွာသူကြီးအိမ်သို့ ပို့ပေးကြပေ၏။ တချို့က လူလေးအား ဦးမြသာအိမ်သို့ပို့လိုက်ကြပေ၏။ ဦးမြသာနှင့်လူတချို့သည် အနက်ရောင်လူများ ခိုးထုတ်ထားသည့်စပါးများအား ပြန်လည်၍ သိမ်းဆည်းနေကြပေတော့၏။

လူဆိုး၊ သူခိုးများအား ဖမ်းဆီးတိုက်ခိုက်သည့်အတွက် လူလေးအားချီးကျူးကြပေ၏။ ဦးမြသာသည် လူလေးအား ပို့၍ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချသလို ချစ်သူမြနှင်းဆီသည်လည်း လူလေးအပေါ်၌ ပို၍ ချစ်မြတ်နိုးအားကိုးလာပေ၏။ ထိုရွာ၌ လူလေးသည် နာမည်ကောင်း လက်မှတ်ရလာသလို တစ်ရွာလုံး၌ လူလေး၏ ကောင်းသတင်းသည် ကျော်ကြားလျက်ရှိနေ၏။ ရွာသူကြီး ဦးမြမောင်သည် လူလေးအား ချီးကျူး နေပေ၏။

ရွာ၌ သူခိုးအခိုးခံရသည်မှာ မကြာခဏပင်ဖြစ်၏။ ဘယ်သူမှ မဖမ်းမိသလို ဘယ်သူဆိုတာ မသိခဲ့အောင်ဖြစ်နေပေ၏။

ယခုလူလေးနှင့်တွေ့မှ သူခိုးအား ဖမ်းမိပေ၏။

*******

လူလေးအား ချီးကျူးမဆုံးခင်အချိန်၌ ကြီးမားသည့်ပြဿနာတစ်ခု တက်လာပေ၏။ ထိုပြဿနာသည် ဘယ်လိုလူမှ ဖြေရှင်းရဲသည့်သတ္တိမရှိအောင်ဖြစ်နေပေ၏။

ထိုညကဖြစ်ရပ်အား အခြေခံရပေ၏။

လူလေးလက်ချက်နှင့် သေသွားသူသည် မသဲရွာလူမိုက်ကိုကြိုက်၏ ညီဖြစ်နေပေ၏။ ၄င်း၏ညီသေဆုံးသွားသည့်အတွက် လူမိုက်ကိုကြိုက်သည် လူလေးအား ပြန်လည်၍သတ်မည်ဟု ကြိမ်းဝါးလာသလို လူလေးအား သိမ်းထားပါက ဦးမြသာတို့မိသားစုအား သတ်မည်ဟုပင် ဖြစ်လ ပေ၏။

၄င်းကိစ္စနှင့်ပတ်သက်၍ ရွာသူကြီးအား အကြောင်းကြားပါက အိမ်ကိုပါ မီးရှို့မည်ဟုပြောလာသဖြင့် ဦးမြသာတို့မိသားစုနှင့်အတူ လူလေးစိတ်သောကရောက်နေရပေ၏။

"ကျုပ်အဲဒီလူမိုက်ကြိုက်ကို ရင်ဆိုင်မယ်ဦးလေး၊ လူ့လောကမှာ ဆွေမျိုးမရှိတဲ့တစ်ကောင်ကြွက်ပဲ၊ အသိုင်းအဝိုင်းရှိတဲ့ သူ့လိုလူတောင်



သေရဲသေးတာပဲဗျာ။ကျုပ်လိုလူ ဘာလို့မသေရဲရမှာလဲ"

"ငါတူရဲ့သတ္တိကို ဦးလေးယုံပါတယ်ကွာ။ လူမိုက်နဲ့ရန်ဖြစ်ရင် ကိုယ်ပါလူမိုက်ဖြစ်သွားမှာပေါ့လူလေးရာ၊ ငါ့တူပြောတဲ့စကားမေ့သွားပြီလားလူလေး၊ကျုပ်ဟာလူချမ်းသာတစ်ယောက်ဖြစ်မယ့်လူ၊ လူချမ်းသာတစ်ယောက်ဖြစ်အောင်လုပ်မယ်။ ဘယ်လိုပဲ အခက်အခဲတွေရှိနေပါစေ ကျော်ဖြတ်မယ်ဆိုတဲ့စကားကို မေ့နေပြီလား လူလေး"

"အဖေပြောတာမှန်တယ် အစ်ကိုလူလေး၊ သူတို့နဲ့ဖက်ပြီး လူမိုက်လုပ်လို့မဖြစ်သေးဘူး၊ အစ်ကိုလူလေးဟာ ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်မှာပါ။ အစ်ကိုလူလေးရဲ့ အနောက်မှာမြနှင်းဆီရှိပါတယ်။ ဘာမှစိတ်ဓာတ်မကျပါနဲ့ မြနှင်းဆီတို့စကားကို နားထောင်ပါ အစ်ကိုလူလေးရယ်"

ကျွန်ုပ်သည် အသက်လောက်ချစ်ရသူမြနှင်းဆီအား ကြည့်လိုက်၏။

မြနှင်းဆီ၏မျက်နှာသည် ကြေကွဲမှုများစွာ လွှမ်းမိုးလျက်ရှိ၏။ ချစ်သူကိုသာ အားပေးနေရပေမယ့် တကယ်တမ်းကျတော့ မြနှင်းဆီကိုယ်တိုင် ခံစားနေရပေ၏။

"လောက၌ လူသားတစ်ယောက်ဖြစ်လာပြီဆိုတာနဲ့ အနှောင့်အယှက်အတားအဆီးတွေ များစွာရှိတယ် လူလေး၊ အဲဒါတွေကိုကျော်ဖြတ်နိုင်မှ ကိုယ့်ရဲ့ရည်မှန်းချက်တွေ အောင်မြင်မယ်၊ တိုးတက်မယ်။ ဘာမဟုတ်တဲ့ကိစ္စလေးတစ်ခုနဲ့ ကိုယ့်ရဲ့ ရည်မှန်းချက်တွေ မဖျက်ဆီးစေနဲ့။ လှေပြေးနေတုန်း တက်ကျိုးသွားတဲ့ အဖြစ်ကိုအရောက်မခံနဲ့။ မိမိကို အနိုင်ကျင့်တဲ့သူရှိမယ်။ အဲဒီလူတွေကို ဒေါသနဲ့ ရင်မဆိုင်ပါနဲ့၊ မေတ္တာနဲ့ရှောင်လိုက်ပါ။ အဲဒီအတွက် လူလေးအောင်မြင်မှုများစွာ ရရှိလာပါလိမ့်မယ် လူလေး"

ထိုစကားသည် အဘဘုန်းကြီးစကားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဘုန်းကြီးကျောင်းကို ကျောခိုင်းထွက်တော့မည့် အချိန်၌ အဘဘုန်းသည် ကျွန်ုပ်အား မှာလိုက်သည့်စကားဖြစ်သလို ကတိတောင်းခဲ့ပေ၏။ ၎င်းကတိအား ကျွန်ုပ်ပေးခဲ့၏။ ယခုကျွန်ုပ်၌ အသက်လောက်ချစ်ရသူ မြနှင်းဆီရှိနေ၏။ ထိုအတွက်ကြောင့် ကျွန်ုပ် ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားလျက်ရှိ၏။

"အဲဒီတော့ ကျုပ်ဘာဆက်လုပ်ရမလဲ ဦးလေး"

"ငကြိုက်တို့အဖွဲ့ လာနိုင်တယ်။ အချိန်မရွေးအိမ်ထဲကို ဝင်ပြီး ဒုက္ခပေးနိုင်တယ်။ အဲဒီတော့ လူလေးတစ်နေရာကို ခဏရှောင်နေလိုက်ပါ။ တစ်လလောက်ပေါ့။ နောက်ပြီးမှ ပြန်လာခဲ့ပါ"

"ဘယ်လိုဦးလေး"

ကျွန်ုပ်နားမလည်နိုင်စွာနှင့် ကြည့်လိုက်ပေ၏။

ထိုစကားသည် ကျွန်ုပ်ဘယ်လိုမှ မျှော်လင့်မထားသည့် စကားများသာဖြစ်၏။ အံ့ဩခြင်းများစွာနှင့် ဦးမြသာတို့အား ကြည့်လိုက်ပေ၏။

ဦးမြသာသည် ဆေးတံအားတစ်ချက်ဖွာရှိုက်လိုက်၏။

"ဟုတ်တယ်လူလေး၊ ဒီနေရာက ခဏလောက်ရှောင်ပေးပါ။ သူတို့က လွန်စွာရက်စက်တတ်ကြတယ်ကွယ့်။ တကယ်တော့ လူလေးကို ဒီလိုပြောရတာ ဦးလေးအတွက် လွန်စွာစိတ်မကောင်းဖြစ်ရတယ်။ ပြီးတော့ သမီးမြနှင်းဆီကိစ္စကလည်း မပြီးသေးတော့ တော်တော်ခက်နေတယ်လူလေးရာ"

မှန်ပေ၏။

ကျွန်ုပ်မြနှင်းဆီနှင့် ခွဲရမှာကို လွန်စွာစိတ်မကောင်းဖြစ်နေရပေ၏။ ကျွန်ုပ်ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်နေပြီး မြနှင်းဆီကို ကြည့်လိုက်၏။

ထို့နောက် လူငယ်တစ်ယောက်ရောက်ရှိလာ၍ လူငယ်ထံအာ ကြည့်ရောက်သွားပေ၏။ လူငယ်၏လက်ထဲ၌ စာတစ်စောင်ပါလာပေ၏။



"ဘာကိစ္စလဲကွဲ့"

"ဒီမှာစာပေးခိုင်းလို့ပါ အဘ"

"ဟေ့. . ပေး. . . ပေး"

ဦးမြသာသည် လူငယ်၏လက်ထဲရှိစာအား လှမ်းယူလိုက်ပေ၏။ လူငယ်လေးသည် ဦးမြသာအား စာပေးပြီးတာနဲ့ ချက်ချင်းပြန်ထွက်သွားပေ၏။ ဦးမြသာသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပေ၏။ ထိုအကြည့်သည် လွန်စွာအဓိပ္ပာယ်ရှိ၏။ ကျွန်ုပ်ချက်ချင်းအတွေးပေါက်လာ၏။ ထိုစာသည် လူမိုက်ငကြိုက်ထံမှ ရောက်ရှိလာသည့်စာဖြစ်ရမည်ဟု သတိထားလိုက်မိ၏။ ဦးမြသာသည် ဆေးတံအား တစ်ချက်ဖွာရှိုက်လိုက်ပြီး စာအခေါက်အား ဖြေလိုက်ပေ၏။

သို့. . . .

ဦးမြသာ

ကျုပ်ရဲ့ညီလေးတို့ သတ်လိုက်သည့်ခင်ဗျားရဲ့ အလုပ်သမား လူလေးဆိုတဲ့ ကောင်လေးအား ကျုပ်ထံအမြန်ပို့ပေးပါ။ ဒီညနေ နေညို ချိန်မသဲကုန်းကစောင့်နေမယ်။ လာမပို့ရင် ခင်ဗျားတို့မိသားစုအားလုံး ကျုပ်အကြောင်းသိရမယ်။

"ငကြိုက်"

အားလုံးတုန်လှုပ်ချောက်ချား ကုန်ကြသလို ကျွန်ုပ်အားစိုးရိမ်စိတ်များစွာနှင့် ကြည့်လိုက်ကြပေ၏။ ငကြိုက်သည် ပြောသလိုလုပ်တတ်သည်ဟု အားလုံးက သတ်မှတ်ထားသလို တကယ်လည်းလုပ်တတ်ပေ၏။ ထိုနယ်တစ်ဝိုက်တွင် ငကြိုက်အား ကြောက်လန့်ကြပေ၏။

ငကြိုက်သည် အားကိုးရင်အားကိုးလို့ရ၏။ ရွာတစ်ရွာ၌ လူသတ်ဓားပြတိုက်ချင်းမဖြစ်အောင် ငကြိုက်အား တာဝန်ပေးထားလျှင် အားလုံးတာဝန်ယူသွား၏။ ၎င်းတာဝန်ယူထားသည့် နယ်မြေ၌သာ ထိုကိစ္စများဖြစ်ပေါ်သွားလျှင် ၎င်းကိုယ်တိုင် လူသတ်ဓားပြတိုက်သူအား

www.burmeseclassic.com

www.burmeseclassic.com



ရှင်း၍ အားလုံးရှေ့၌ပြ၏။

ယခုဦးမြသာ၏ စပါးကိုဒေါင်ဖောက်သည့်ကိစ္စမှာ ကြိုက်ရှင်းရမှာကို လှလေးသည် ဝင်ရောက်ရှင်းလိုက်သည့်အတွက် ဒေါသထွက်သည်ကတစ်ကြောင်း၊ ၎င်း၏ညီအသက်သေဆုံးရသည်က တစ်ကြောင်း၊ အကြောင်းနှစ်ခုပေါင်းဆက်၍ လှလွေး၏အပေါ်၌ ဒေါသထွက်စိတ်ဆိုး၍ ထိုသို့တောင်းဆိုခြင်းပင်ဖြစ်၏။

"ကျုပ်ကိစ္စကို ကျုပ်သွားရှင်းမယ်ဦးလေး"

"ဘယ်လိုပြောလိုက်တယ် လှလေး၊ ဒီကောင်တွေက လူဆိုးလူမိုက်တွေ၊ သေမထူး၊ နေမထူးကောင်တွေပါ လှလေးရာ။ လှလေးက အသက်ငယ်ပါသေးတယ်။ လူ့လောကမှာ လုလုပ်ဖို့ အများကြီးရှိပါသေးတယ်။ ဦးလေးရဲ့စကားကို နားထောင်ပါလှလေး"

"ဦးလေးကို ကျုပ်အဖေတစ်ယောက်လို လေးစားပါတယ်။ ဒီလူတွေ လူပါးဝလွန်းလို့ပါ"

ကျွန်ုပ်သည် မသဲရွာသားလူမိုက်ကြီး ကြိုက်အားတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်ကို ဦးမြသာတို့မိသားစု လက်ခံခြင်းမရှိသလို မြနှင်းဆီသည်လည်း စိတ်သောကရောက်နေ၏။

ကျွန်ုပ်သည် မြနှင်းဆီအား ကြည့်လိုက်ပေ၏။ မြနှင်းဆီ၏ မျက်နှာသည် သောကများ လွန်စွာလွှမ်းမိုးနေသလို ဒေါသများလည်း လွှမ်းမိုးလျက်ရှိနေပေ၏။

"အစ်ကိုလှလေး သွားစရာမလိုဘူး၊ ကျွန်မသွားမယ်"

"မြနှင်းဆီ မင်းမသွားရဘူး။ မင်းနဲ့မဆိုင်ဘူး။ အစ်ကို့ကိစ္စ အစ်ကိုရှင်းမယ်"

"ဆိုင်တယ်အစ်ကို၊ ကျွန်မဟာ အစ်ကို့ရဲ့ဇနီးမယားဖြစ်မယ့်သူတစ်ယောက်ပါ။ အစ်ကိုသေသွားရင် ကျွန်မလည်း လူ့လောကမှာ



ဆက်နေလို့ ဘာထူးမှာလဲ။ အဲဒီတော့ ကျွန်မအရင်အသေခံလိုက်မယ်"

တစ်ယောက်နှင့်တစ်ယောက် အငြင်းပွားနေချိန်၌ နေလုံးကြီးသည် တောင်စွယ်သို့ဝင်ရောက်ရန် အားယူနေပေ၏။ မကြာခင်အချိန်ကာလ၌ လူမိုက်ကြိုက်ရောက်ရှိလာတော့မည်ဟု တွေးနေမိပေ၏။ ထိုသို့တွေးနေသူသည် တခြားလူမဟုတ် ဦးမြသာပင်ဖြစ်၏။

ဦးမြသာ၏ရည်မှန်းချက်မှာ လှလေးသည် တခြားနေရာသို့ ခေတ္တရှောင်ထွက်သွားလျှင် ပြဿနာသည် အေးချမ်းသွားနိုင်သည်ဟု တွက်ဆမိ၏။ တကယ်တမ်းပြောလာသည့်အချိန်၌ လှလေးသည် လက်ခံခြင်းမရှိသည့်အတွက် စိတ်မကောင်းဖြစ်ရသလို ကြိုက်ရောက်ရှိလာလျှင် ရှင်းရခက်သွားမည်ဟု ထင်နေမိပေ၏။

"လှလေး ဦးလေးရဲ့စကားကို နားထောင်ပါကွယ်။ မကြာခင် ကြိုက်လာတော့မယ်။ ခဏရှောင်လိုက်ပါကွယ်။ အခြေအနေအေးသွားရင် ဦးလေးလာခေါ်ပါ့မယ်ကွယ် ကြားလား လှလေး"

"အဖေ့စကားကို နားထောင်လိုက်ပါ အစ်ကိုရယ်နော်၊ ကျွန်မ မျက်ရည်နဲ့တောင်းပန်ပါတယ်။ အခုလိုပြောလိုက်ရတာ လွန်စွာစိတ်မကောင်းဖြစ်ရပါတယ် အစ်ကို၊ တကယ်တော့ ကျွန်မလည်း အစ်ကိုနဲ့ မခွဲချင်ပါဘူး အစ်ကိုရယ်နော် အစ်ကို"

ထိုသို့ပြောနေသည့်အတွက် လှလေးဘာလုပ်ရမှန်းမသိအောင်ဖြစ်နေပေ၏။ အားလုံးကို ကြည့်နေချိန်၌ ရုတ်တရက်အသံတစ်ခု ထွက်ပေါ်လာပေ၏။

"ဦးမြသာ ဘာလို့ကျုပ်ရဲ့တောင်းဆိုချက်ကို မလုပ်ပေးတာလဲ"

ရုတ်တရက်ထွက်ပေါ်လာသည့်အသံသည် လွန်စွာကြောက်စရာကောင်းလျက်ရှိပေ၏။

အိမ်အတွင်း၌ ရှိနေသူအားလုံး တုန်လှုပ်ကုန်၏။

ပတ်ဝန်းကျင်သည် အမှောင်ထုများ လွှမ်းမိုးနေသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ ရောက်ရှိလာသူအား ရုတ်တရက်မြင်တွေ့ရခြင်းမရှိအောင် ဖြစ်နေပေ၏။

"သားလူလေး မင်းပြေးတော့၊ သမီးမြနှင်းဆီလိုက်ပို့လိုက်၊ အနောက်ဘက်ထွက်ပေါက် အပြင်ဘက်ထိပို့ပြီး လမ်းပါပြလိုက်ဦးနော်၊ ကြားလားသမီး"

"ကျုပ်အသက်အသေခံပါ့မယ် ဦးလေး"

"လူလေးသွားပါတော့။ ဘာမဟုတ်တာလေးနဲ့ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"

"အစ်ကိုလူလေး လာသွားမယ်"

မြနှင်းဆီသည် ကျွန်ုပ်အားခေါ်ဆွဲ၍ ထွက်ခဲ့ပေ၏။ ကျွန်ုပ်သည် ရုန်းနေသော်လည်း ကြေကွဲလျက်ရှိနေသည်။ မြနှင်းဆီ၏ အနောက်သို့ လိုက်လာခဲ့ပေ၏။ ထိုသို့လိုက်လာပေမယ့် နားထဲ၌ ကြောက်စရာကောင်းသည့်အသံများ ကြားနေရပြီး ကြောက်တပည့်အများစုသည် ခြံအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားလျက်ရှိနေပေ၏။

"ဦးမြသာ ကျုပ်ပြောတာမကြားဘူးလား၊ ဘယ်မှာလဲလူလေး ဆိုတဲ့အကောင် ကျုပ်ကို အခုထုတ်ပေးပါ"

ထိုအချိန်၌ ကျွန်ုပ်နှင့်မြနှင်းဆီတို့သည် အိမ်အနောက်ဘက်မှဆင်းလာခဲ့ရာ၌ ခြံအပြင်ဘက် မန်ကျည်းပင်ကြီးများ၏ အောက်သို့ ရောက်ရှိလာပေ၏။ မန်ကျည်းပင်များနှင့် တခြားအပင်များရှိနေသည့်အတွက် ကျွန်ုပ်တို့အား တွေ့ရှိခြင်းမရှိပေ။

မြနှင်းဆီသည် ကျွန်ုပ်အား စိုးရိမ်စိတ်များစွာနှင့် မှာနေပေ၏။

တခြားနေရာ၌ ကြာကြာမနေရန်နှင့် တစ်လကျော်လျှင်ပြန်လာခဲ့ရန်။ ၄င်းဆီမကြာခဏ လာရောက်ရန် ထိုကိစ္စတွေ အေးချမ်းသွားသည့်အခါ၌ လက်ထပ်ကြရန်။ မြနှင်းဆီသည် ကျွန်ုပ်၏အပေါ်၌ သစ္စာရှိစွာ စောင့်ဆိုင်းနေမည့်အကြောင်း၊ ကျွန်ုပ်သည်လည်း မြနှင်းဆီအပေါ်၌



သစ္စာရှိရန်။ ကျွန်ုပ်မှလွဲ၍ ဘယ်လိုလူကိုမှ လက်ထပ်မယူပါကြောင်း၊ မြနှင်းဆီ၏ဘဝ၌ ကျွန်ုပ်သာရှိပါကြောင်း၊ မျက်ရည်များစွာနှင့် ပြောနေသည့်အတွက် ကျွန်ုပ်လွန်စွာ ကြေကွဲရပေ၏။

တကယ်တော့ ကျွန်ုပ်သည် မြနှင်းဆီအား အသက်လောက်ချစ်နေ၏။ မြနှင်းဆီဟာ ကျွန်ုပ်ဘဝ၏အချစ်ဦးသာ ဖြစ်ပါ၏။ မြနှင်းဆီမှလွဲ၍ဘယ်လိုမိန်းကလေးကိုမှ စိတ်ဝင်တစားချစ်လိမ့်မည်မဟုတ်ပါကြောင်းဆိုတာ ကျွန်ုပ်ကိုယ်ကျွန်ုပ်သိနေသည့်အတွက် မြနှင်းဆီအား ကတိပေးလိုက်၏။

မြနှင်းဆီသည် ကျွန်ုပ်ဆက်သွားရမည့်လမ်းအား ပြနေ၏။

ထိုနေရာမှ ခရီးဆက်လျှင် တောခြေမြိုင်ရွာသို့ ရောက်မည်။ တောခြေမြိုင်ရွာသည် မသဲရွာသားလူမိုက်ကြောက်တို့ရောက်နိုင်စွမ်းမရှိကြောင်း မှာရင်း၊ မားရှည်တစ်ချောင်းအပါအဝင် လောက်လေးခွနှင့် လောက်စာလုံးအိတ်များပေးလိုက်၏။

ထို့နောက်. . . .

ကျွန်ုပ်သည် မြနှင်းဆီအား ကျေနပ်ခြင်းများစွာနှင့် ပွေ့ဖက်ထားလိုက်၏။ လမ်းခွဲရတော့မည်ဆိုသည့်အတွက် မျက်ရည်များသည် ရေတံခွန်ပေါ်မှ ကျနေသည့်ရေများကဲ့သို့ အဆက်မပြတ်စီးဆင်းကျလျက်ရှိနေပေ၏။

ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် အနမ်းလေးများ ကြင်နာစွာပေးပြီး မျက်ရည်စက်များအား ယုယစွာသုတ်ပေးကြ၏။

"အစ်ကိုလူလေး ကျွန်မပြောတာ မမေ့နဲ့နော်။ ကျွန်မအစ်ကိုပြန်လာမယ့်ရက်တွေကို နေ့စဉ်နဲ့အမျှ မန်ကျည်းပင်ကြီးအောက်ကနေစောင့်နေမယ်နော်"

"စိတ်ချပါမြနှင်းဆီ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အစ်ကို မြနှင်းဆီထံကို ပြန်လာခဲ့ပါမယ်။ အစ်ကိုရဲ့ဘဝမှာ မြနှင်းဆီတစ်ယောက်တည်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်"

"အစ်ကိုသွားတော့နော်၊ တော်ကြာလူမိုက်ကောင်တွေလိုက်လာဦးမယ်။ အစ်ကို့အတွက် စိတ်ချမယ့်နေရာက ကိုမိုးပတ်တာပဲ၊ အဲဒီဟာကိုကျော်တာနဲ့ သူတို့မလာတော့ဘူးဆိုတာပဲ"

"ကောင်းပြီ အစ်ကိုသွားတော့မယ် မြနှင်းဆီ"

ထို့နောက်. . . .

ကျွန်ုပ်သည် မြနှင်းဆီအားကျောခိုင်း၍ ထွက်လာခဲ့ပေ၏။ ပတ်ဝန်းကျင်တွင် အမှောင်ထုများ လွှမ်းမိုးလျက်ရှိနေပေ၏။

မြနှင်းဆီသည် ကျွန်ုပ်အား မျက်ရည်များစွာနှင့် ကြည့်၍ ကျန်ရစ်ခဲ့ပေ၏။

နောက်ပိုင်းဘာဆက်ဖြစ်မယ်ဆိုတာ ကျွန်ုပ်မသိပေမယ့် ကျွန်ုပ်သိလိုက်တာတစ်ခုရှိ၏။ ထိုအသိသည် လူမိုက်ကြိုက်နှင့်အဖွဲ့ ကျွန်ုပ်၏အနောက်သို့ လိုက်လာခြင်းပင်ဖြစ်ပေတော့၏။

*******

ကိုမိုးပတ်တာကြီးသည် အမှောင်ထုကြီးအား ဖြိုခွင်း၍ တောင်ကြီးသဖွယ်ရှိနေ၏။ ၎င်းတာကြီး၏အပေါ်နှင့် ပတ်ဝန်းကျင်တွင် ချုံနွယ်များစွာပေါများသလို ကြီးမားသည့်အပင်ကြီးများလည်း ရှိနေပေ၏။ ထိုစဥ်ကြိုက်တို့အဖွဲ့၏ အံသံကြားချိန်၌ ကျွန်ုပ်သည် တာဘောင်ပေါ်၌ရှိနေသည့် ညောင်ပင်ကြီး၏အပေါ်သို့ တက်လိုက်ပေ၏။ ညောင်ဖင်ကြီးသည် အကိုင်းအခက်တွေ လွန်စွာပေါများလျက်ရှိ၏။

ညောင်ပင်ကြီးမှာ သရဲတစ္ဆေခြောက်သည့်ညောင်ပင်ကြီးဟု နာမည်ကြီးနေကြောင်း ထိုဒေသအတွင်းရှိ နေထိုင်သူများကပြောကြသလို ညောင်ပင်ကြီး၏အနားမှ ဖြတ်သန်းသွားလာခြင်းမရှိဘဲဖြစ်နေကြ၏။ ဤ



မျှလောက်နာမည်ကြီးသည့်ညောင်ပင်ကြီး၏အပေါ်သို့ အရဲစွန့်၍ ကျွန်ုပ်တက်လိုက်၏။ နေရာကောင်းသည်ဟု ထင်ရသည့်နေရာ၌ ကျွန်ုပ်ထိုင်လိုက်၏။

တာဘောင်ပေါ်သို့ တက်ရောက်လာမည့် ကြိုက်တို့အဖွဲ့အား ကြည့်နေပေ၏။ မြင်ကွင်းထဲတွင် လူခြောက်ယောက်အား တွေ့လိုက်ရပေ၏။ ၎င်းတို့၏လက်ထဲ၌ ဝင်းလက်သည့် ဓားရှည်များအားဆုပ်ကိုင်ထားကြ၏။

မြနှင်းဆီ၏စကားအား ကြားယောင်မိပေ၏။

"ကိုမိုးပတ်တာကို အရင်ရောက်အောင်သွားပါအစ်ကို၊ တာပေါ်ရောက်ရင် သူတို့ကို အနိုင်ရသလိုပဲ"

ကျွန်ုပ်သည် လောက်လေးခွနှင့် လောက်စာလုံးအား ထုတ်လိုက်၏။ ရှေ့မှတက်လာသူအား လေးခွနှင့် ပစ်လိုက်ပေ၏။

"ဖောက်"

လောက်စာလုံးသည် အရှိန်နှင့်ပြေး၍ ရှေ့မှတက်လာသူအား ဦးတည်၍ ထိမှန်သွားပေ၏။

"အမလေးဗျ"

"ဘုန်း"

အော်သံနှင့်အတူ ထိုလူသည် လဲကျသွားပေ၏။

ကျွန်ုပ်လွန်စွာ ဝမ်းသာသွားပေ၏။ စိတ်ထဲ၌ ကြည်နူးလာမိပေ၏။

ကျွန်ုပ်သည် နောက်ထပ်အဆက်မပြတ် ပစ်နေပေ၏။

"တစ်လုံး"

"နှစ်လုံး. . သုံးလုံး. . . လေးလုံး. . . ခြောက်လုံး"

ကျွန်ုပ်ပစ်လိုက်သည့် လောက်စာလုံးများသည် ထိုလူများအား ထိမှန်၍ သုံးယောက်သည် မြေပေါ်သို့ လဲကျသွား၏။ ထိုသို့ထိမှန်သွား

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ၄င်းတို့သည် လွန်စွာ အံ့သြကုန်သလို ကျွန်ုပ်သည်လည်း အံ့သြရ၏။

ကျွန်ုပ်အံ့သြသည်မှာ တခြားမဟုတ်၊ ကြီးမားသည့်အရိပ်မည်းကြီးတစ်ခုသည် တဟဲဟဲရယ်မောလျက် ထိုလူတွေထံဦးတည်လျက်ရှိ၏။ လူမိုက်ကြိုက်တို့သည် ထိုအရိပ်မည်းကြီးအား တွေ့လိုက်ချိန်၌ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြလေ၏။ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့်ငှက်ကြီးတောင်ခါးများအား လွှတ်ချတော့မလိုဖြစ်နေပေ၏။

"ဟာ. . . ကိုမိုးပတ်တာစောင့် တဲ့သရဲကြီးကွ၊ ပြေးကြဟေ့"

"ပြေးကြ"

၄င်းတို့သည် အနောက်သို့လှည့်၍ ပြေးကုန်ကြပေ၏။

"ဟီး. . . ဟီး. . . . ဟီး. . . . . ဟီး"

အရိပ်မည်းကြီးသည် ရယ်မော၍ လိုက်နေပေ၏။ ထိုရယ်သံသည် တိတ်ဆိတ်သည့် ည အ,ကာလအား ဆူညံစွာ လွှမ်းမိုးလျက်ရှိနေပေ၏။ ထို့အတူ အရိပ်မည်းကြီးသည် ထိုလူများ၏အနောက်သို့ လိုက်နေပေ၏။

"အော်လူမိုက်ဆိုတဲ့လူတွေလည်း တကယ်တမ်းကျတော့ ကြောက်တတ်ကြတာပါပဲလားဗျာ"

ဟု ကျွန်ုပ်သဘောပေါက်ခြင်းများစွာနှင့် မှတ်ချက်ချလိုက်မိပေ၏။

ကျွန်ုပ်သည် ညောင်ပင်ကြီး၏အောက်သို့ သွက်လက်စွာဆင်းလိုက်မိ၏။

ထိုသို့ဆင်းပြီးနောက် ကျွန်ုပ်သည် ကိုမိုးပတ်တာအတိုင်း ခရီးဆက်လာပေ၏။ ထိုသို့ခရီးဆက်ရာ၌ စိတ်ထဲတွင် ကျေနပ်မိပေ၏။ ကြိုက်တို့သည် ကျွန်ုပ်၏လက်ချက်ကြောင့် လွန်စွာအထိနာသွားကြပေ



၏။ နောင်တစ်ချိန်အဆင်သင့်၍ ကြိုက်နှင့်ကြုံတွေ့ချိန်လျှင် ထိုအဖြစ်အပျက်အား ပြော၍ ရယ်ပြရန် ဆုံးဖြတ်ထားပေမယ့် လက်ရှိကာလ၌ ထိုလူများအား ကျော်ခိုင်း၍ ထွက်ပြေးရပေဦးတော့မည်။

ကိုမိုးပတ်တာကြီးသည် လွန်စွာရှည်လျားသည့် တာကြီးဖြစ်နေ၍၊ တာကြီး၏ အကျော်ထိ လမ်းလျှောက်ရန် ဆုံးဖြတ်လိုက်၍၊ ကြိုးစား၍သာ လျှောက်လှမ်းနေပေတော့၏။

*******

www.burmeseclassic.com



## အခန်း ( ၉ )

"ဘာ့လို့ အဲဒီလောက်မိုက်ရတာလဲ လူလေးရာ၊ တကယ်တော့ အခုလိုဖြစ်ရတာ အဘဘုန်းဖန်တီးလိုက်တာပဲ။ အဘဘုန်းကို ပေးထားခဲ့တဲ့ ကတိတွေကို ဘာလို့မေ့နေရတာလဲ။ လူ့လောကထဲကိုသွားတာ မိန်းမယူဖို့မဟုတ်ဘူး။ ချမ်းသာတဲ့ လူတစ်ယောက်ဖြစ်ဖို့ပဲ။ ချမ်းသာတဲ့လူတစ်ယောက်မဖြစ်ဘဲ မိန်းမယူလိုက်တာနဲ့ လူလေးရဲ့ဘဝဟာ ပင်လယ်ပြင်မှာမျောနေတဲ့ ကျီးမိုက်တစ်ကောင်လို ဖြစ်နေမှာပေါ့ လူလေးရာ၊ အဘဘုန်းကို ဘယ်လိုကတိပေးခဲ့သလဲ မှတ်မိသေးရဲ့လား။ မှတ်ထား၊ လူလေး၊ လူတစ်ယောက်ရဲ့ အသက်ရှင်ခြင်းဟာ ရည်မှန်းချက်ကြောင့်ပဲ။ ရည်မှန်း ချက်မရှိတဲ့သူဟာ လူ့လောကမှာ အသက်ရှင်နေပေမယ့် သေနေသလို ပါပဲလား၊ လူလေးရာ"



အဘဘုန်းသည် ကျွန်ုပ်၏ရှေ့၌ ရပ်လျက် ထိုသို့ပြောနေခြင်းပင်ဖြစ်၏။

အဘဘုန်း၏မျက်နှာသည် ကျွန်ုပ်အတွက် စိုးရိမ်စိတ်များ လွန်စွာလွှမ်းမိုးလျက်ရှိနေပေ၏။ တကယ်တော့ အဘဘုန်းသည် ကျွန်ုပ်အား သားအရင်း တစ်ယောက်ကဲ့သို့ ချစ်ရှာပေ၏။ ရွာ၌ရှိသည့် လူကြီးများသည် ကျွန်ုပ်အား အဘဘုန်း၏သားဟု ခေါ်ကြပေ၏။

ထိုစကားသည် ကျွန်ုပ်အတွက် လက်ခံရပေ၏။

တကယ်တော့ ကျွန်ုပ်သည် မိဘများ မရှိသည့်နောက်ပိုင်း၌ အဘဘုန်းသည် သားတစ်ယောက်ပမာ ပြုစုစောင့်ရှောက်ပေး၏။ ကျွန်ုပ်အတွက် စားဝတ်နေရေး၊ ပညာရေးကအစ တာဝန်ယူထား၏။ထို့အတွက်ကြောင့် ကျွန်ုပ်သည် ယခုလို ပညာတတ်တစ်ယောက် ဖြစ်လာပေ၏။

ထို့နောက်. . . .

ကျွန်ုပ်သည် အဘဘုန်း၏ရှေ့၌ လက်အုပ်ချီ၍ ထိုင်လျက်ရှိ၏။

"တပည့်တော် သဘောပေါက်ပါပြီ အဘဘုန်း"

"အေး. . . အဲဒီတော့ ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"တပည့်တော်အလုပ်တစ်ခုခု ဆက်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ် အဘဘုန်း"

"အေး. . . ဟုတ်တယ်လူလေး၊ လူဆိုတာ အလုပ်လုပ်ရတယ်။ အလုပ်လုပ်တဲ့သူဟာ အများနဲ့စာရင်တော့ သာတာပေါ့။ အေးတစ်ခုရှိတယ်။ အလုပ်လုပ်နေရုံနဲ့ မပြီးသေးဘူး။ အဲဒီအလုပ်ဟာ မိမိအတွက် ဘာအကျိုးထူးမလဲဆိုတာကိုပဲစဉ်းစား၊ အဲဒီလိုစဉ်းစားမှ ရည်မှန်းချက်တွေအောင်မြင်လာမှာ"

"တပည့်တော် သဘောပေါက်ပါပြီ အဘဘုန်း"

အဘဘုန်းသည် ကျေနပ်စွာနှင့် ခေါင်းလေးကို ညိတ်လိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘဘုန်းသည် ကျွန်ုပ်အားဆုံးမ၍ ရှေ့မှထွက်သွားရာ အနောက်မှ ကျွန်ုပ်လိုက်လာခဲ့ပေ၏။ ကျွန်ုပ်သည် အဘဘုန်းခေါ်ရာ နောက်သို့ လိုက်လာခဲ့ပေမယ့် စိတ်ထဲ၌ လွန်စွာအံ့ဩလျက်ရှိနေပေ၏။

၎င်းနေရာများသည် ကျွန်ုပ်ရောက်ဖူးသည့် နေရာများမဟုတ်သည့်အတွက် ထူးဆန်းလျက်ရှိနေပေ၏။ တချို့နေရာများတွင် လွန်စွာကြောက်စရာကောင်းသည့် တောရိုင်းတိရစ္ဆာန်ကြီးများမှာ ကျွန်ုပ်တွေ့ဖူးသည့်ထဲတွင် မရှိသည်ကို တွေ့ရပေ၏။

၎င်းတောရိုင်းတိရစ္ဆာန်များသည် အဘဘုန်းအား ဦးတိုက်ကန်တော့ကြပေ၏။ အဘဘုန်းသည် ကျွန်ုပ်အားကြည့်၍ စကားတစ်ခွန်းပြောလာ၏။

"ဟိုမှာတွေ့လား လူလေး၊ တောရိုင်းတိရစ္ဆာန်တွေဦးတိုက်နေကြတယ်"

"တွေ့ပါတယ် အဘဘုန်း၊ သူတို့က ဘာလို့ဒီလောက် လိမ္မာနေကြတာလဲဘုရား"

"အဲဒါမေတ္တာဓာတ်ပဲလူလေး၊ အသိစိတ်ရှိတဲ့ လူသား တွေ မပြောနဲ့၊ ရိုင်းစိုင်းတဲ့တိရစ္ဆာန်တွေတောင် မေတ္တာတရားကို လေးစားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မေတ္တာတရားနဲ့ တုန့်ပြန်ရင် အေးချမ်းတယ်။အောင်မြင်တယ်။ အဲဒီတော့ လူလေးဟာ လူ့လောကမှာဆက်နေမယ်ဆိုရင် မေတ္တာတရားနဲ့သာ တုန့်ပြန်ပါလူလေး"

အဘဘုန်းပြောသည့်စကားသည် ကျွန်ုပ်အတွက်လွန်စွာမှန်ကန်သွားပေ၏။

တကယ်တော့ ကျွန်ုပ်သည် မေတ္တာတရားနှင့်မရှင်းဘဲဒေါသနှင့်ရှင်းမိသည့်အတွက် ယခုလို ဦးမြသာ၏နေအိမ်မှ ထွက်ပြေးလာခဲ့ရခြင်းဖြစ်၏။ ထွက်ပြေးခဲ့ရသည်အား ဘယ်လိုမှ မဖြစ်ပေမယ့် မြနှင်းဆီနှင့်ခွဲခဲ့ရသည့်အတွက် လွန်စွာကြေကွဲနေရ၏။



"တပည့်တော် သဘောပေါက်ပါပြီဘုရား၊ ဒါပေမဲ့ တပည့်တော်အခုဘာဆက်လုပ်ရမှန်း မသိအောင်ဖြစ်နေပါတယ် ဘုရား"

"အိုကွယ်၊ တယ်ခက်ပါလားလူလေးရာ၊ ဒီလောက်အလုပ် ပေါများနေတဲ့ခေတ်ကြီးမှာ အလုပ်မရှိဘူးလို့ ငြင်းနေပြန်ပါကော်လားကွယ်၊ အဘဘုန်းပြောမယ်လူလေး၊ သေချာမှတ်ထား၊ ရိုးရိုးသားသားနေတဲ့လူတွေအတွက် အလုပ်ပေါ်ပါတယ်ကွယ်"

"လုပ်တိုင်းမဖြစ်
စိတ်မညစ်နဲ့
ရိုးသားမှုဂုဏ်
စားလို့မကုန်"

"အဘဘုန်းပြောတဲ့စကားကို သေချာမှတ်ထား လူလေး၊ လောကမှာ ရိုးရိုးသားသားနဲ့သာနေပါ အလုပ်ဆိုတာပေါ်ပါတယ်ကွယ်"

ကျွန်ုပ်နှင့် အဘဘုန်းသည် လမ်းလျှောက်စကားပြောရင်းထွက်လာခဲ့ကြပေ၏။ ထိုအချိန်၌ လူသူစည်ကားသည့် လှေဆိပ်တစ်ခုသို့ရောက်ရှိလာပေ၏။၎င်းနေရာသည် ဆိပ်ကမ်းကြီးတစ်ခုဖြစ်သည့်အတွက် ကြီးမားသည့်တိုကင်သမ္ဗန်ကြီးများ ဆိုက်ကပ်ထား၏။ တိုကင်ကြီးများ၏အပေါ်မှ ခရီးသည်များ ဆင်းလာလျက်ရှိ၏။ တချို့ကုန်များထမ်းနေသည့် ကူလီများလည်း ရှိနေ၏။

၎င်းတို့သည် တိုကင်ကြီးပေါ်၌ ပါရှိသည့်ကုန်ပစ္စည်းများအားထမ်းချလျက်ရှိသလို တချို့ကုန်ထမ်းသမားများမှာ ကုန်များအားထမ်းတင်လျက်ရှိနေပေ၏။

တိုကင်သမ္ဗန်ကြီးများသည် ဆိပ်ကမ်းရှိသည့်မြို့များသို့ဝင်ရောက်၍ ကုန်များအား ချတတ်သလို ကုန်ပစ္စည်းများလည်း တင်တတ်ကြပေ၏။

ကျွန်ုပ်တို့ရောက်ရှိနေသည်မှာ ဘယ်မြို့ဆိုတာ ကျွန်ုပ်မသိ

www.burmeseclassic.com

www.burmeseclassic.com



တာအမှန်ဖြစ်ပေ၏။ ထိုအတူ အဘဘုန်းသည် ဘယ်လိုသဘောနှင့် ကျွန်ုပ်အား ခေါ်ခဲ့သည်ဆိုတာ မတွေးတတ်အောင် ဖြစ်နေပေ၏။

"တွေ့လားလူလေး ကုန်ထမ်းတဲ့လူတွေလည်း ရှိတယ်။ ရေရောင်းတဲ့သူတွေလည်းရှိတယ်။ ထမင်းရောင်းသူ၊ ဟင်းရောင်းသူ၊ အဲဒီလောက် အလုပ်ပေါတယ်။ ဘယ်အလုပ်ကိုလုပ်ချင်သလဲ ငါနဲ့မတာန်ဘူးလို့တော့ မတွက်နဲ့နော်။ လူလေးဆင်းရဲတဲ့ဘဝမှာ အလုပ်တိုင်းကို လုပ်ရမှာပဲ။ သစ်မရောက်ခင် ဝါးကွပ်သလိုပေါ့လူလေးရာ"

"အဘဘုန်းပြောတာ တပည့်တော် သဘောပေါက်နားလည်ပါပြီဘုရား။ လက်ရှိဘဝမှာ အဆင်ပြေတဲ့အလုပ်တစ်ခုကို လုပ်ရမှာပါဘုရား"

"ကောင်းတယ်လူလေး၊ တစ်ခုပဲပြောချင်တယ်။ ဒီအလုပ်တွေဟာရှိုးသားပေမယ့် သူဌေးအဖြစ်ရောက်ဖို့ဆိုတာသိပ်မလွယ်လှဘူး။ သူဌေးဖြစ်မယ့် အလုပ်ကိုလည်း စဉ်းစားဦးပေါ့ကွယ်"

ထိုသို့ပြောအပြီး၌ အဘဘုန်းသည် ကျွန်ုပ်အားကျောခိုင်း၍ ထွက်သွားပေ၏။ ကျွန်ုပ်သည် အဘဘုန်းအားကြည့်လိုက်ပေရာ လူအုပ်စုအတွင်းထဲသို့ ဝင်ရောက်သွား၏။ အဘဘုန်းသည် လူအုပ်အတွင်း၌ ပျောက်သွား၏။

ကျွန်ုပ်သည် အဘဘုန်းအား အံ့သြခြင်းများစွာနှင့် ကြည့်နေပေ၏။

ထိုအချိန်၌ မသဲရွာလူမိုက်ကြိုက် ရောက်ရှိလာ၏။ လက်အတွင်း၌ ဝင်းလက်နေသည့် ငှက်ကြီးတောင်ဓားရှည်ကြီးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပေ၏။ ထိုအတူ တင်းမာသည့်မျက်လုံးများနှင့် ကျွန်ုပ်အား ကြည့်နေပေ၏။

ရုတ်တရက် တွေ့လိုက်ရသည့်အတွက် ကျွန်ုပ်ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပေ၏။ ကြိုက်သည် စက္ကူပွတ်ဆေးပြင်းလိပ်အား



ထွေးထုတ်လိုက်ပေ၏။

"သေပေတော့"

ငှက်ကြီးတောင်ဓားကြီးနှင့် ကျွန်ုပ်အား ခုတ်ပိုင်းလိုက်၏။ ဝင်းလက်နေသည့်ဓားသည် ကျွန်ုပ်၏ကိုယ်ပေါ်သို့ ကျရောက်လာပေ၏။

"အမလေး. . . သေပါပြီဗျာ"

ကျွန်ုပ်သည် အလန့်တကြားအော်လိုက်မိ၏။

ကျွန်ုပ်၏အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုး၍ဟိန်းထွက်သွားသည်။ မှိတ်နေသည့် မျက်လုံးများကို ဖွင့်လိုက်၏။

အနီးရှိ ကျေးငှက်၊ ဆင်၊ ကျွဲ၊ နွားများ အလန့်တကြားထွက်ပြေးကုန်၏။

ကျွန်ုပ်သတိထားလိုက်မိ၏။

အကြောင်းမူ ကျွန်ုပ်အိပ်မက်မက်နေခြင်းသာ ဖြစ်ပေ၏။ ကျွန်ုပ်သည်ဝန်းကျင်အား ဂရုပြုကြည့်လိုက်မိ၏။ ကျွန်ုပ်ရောက်ရှိနေသည်မှာ ကြီးမားသည့်ပေါက်ပင်ကြီးအောက်တွင် ဖြစ်၏။ ပေါက်ပင်ကြီးရှိ နီရဲသည့် အပွင့်များမှာ ပင်ယံထက်တွင်ရှိသလို ကျွန်ုပ်၏ဘေး၌လည်း အပွင့်များ ဝိုင်းဖွဲ့၍ ကြွေကျလျက်ရှိနေ၏။

ပေါက်ပင်ကြီးသည် ကိုမိုးဖတ်တာ၏အိစပ်၌ရှိနေပေ၏။ ကျွန်ုပ်သည် ညကပင်ပန်းစွာ ခရီးဆက်လာခဲ့ရာမှ ထိုနေရာ၌အိပ်မောကျ သွားမိ၏။ အိပ်မက်ထဲ၌ အဘဘုန်းနှင့်တွေ့ရသည့်အတွက် ပျော်ရွှင်လျက်ရှိနေပေ၏။ သို့သော် လူမိုက်ကြိုက်နှင့်ရင်ဆိုင်တွေ့ကြုံရသည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်နေပေ၏။

ကျွန်ုပ်အစားစားချင် စိတ်များစွာပေါ်လာ၏။ အနီးဝန်းကျင်၌ စားစရာရှာမိ၏။ ကျွန်ုပ်၏ဘေးရှိပေါက်ပင်နှင့် မလှမ်းမကမ်းတွင် သောက်ရေကန်တစ်လုံးအားတွေ့ရ၏။ ကျွန်ုပ်သောက်ရေကန်အတွင်းသို့ ဦးတည်လာခဲ့၏။ ရေများအား အားပါးတရသောက်လိုက်မိ၏။ ခြေလက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောပြီး မျက်နှာကိုပါ [illegible]သောကြောင့် စိတ်များလန်းဆန်းလာပေ၏။

ကျွန်ုပ်သည် အလုပ်တစ်ခုလုပ်ရန် ထွက်ခဲ့ပေ၏။

အိပ်မက်ထဲ၌ အဘဘုန်းနှင့် သွားရောက်သည့်ဆိပ်ကမ်းသို့ သွားရောက်ချင်သည့်စိတ်များ ပေါ်ပေါက်လာပေ၏။ ထိုဆိပ်ကမ်းသည် ဘယ်နေရာမှာဆိုတာ မသိရသည့်အတွက် ခက်နေပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် ထိုဆိပ်ကမ်းသို့ အရောက်သွားပြီး အလုပ်လုပ်ရန် စိတ်ကူးနေမိပေ၏။

"ဟုတ်တယ် အဘဘုန်းနဲ့သွားခဲ့တဲ့ ဆိပ်ကမ်းမြို့ဟာ ဒီအနီးပတ်ဝန်းကျင်မှာ ရှိနိုင်တယ်လို့ထင်တယ်။ အဲဒီဆိပ်ကမ်းမှာ အလုပ်ပေါကယ်။ ငါ့အတွက်တော့ လွန်စွာအဆင်ပြေနိုင်တယ်။ အဲဒီတော့ ငါအခုပဲသွားမှ ဖြစ်မယ်"

ထိုသို့တွေးပြီးနောက် ကျွန်ုပ်သည် ဆိပ်ကမ်းနေရာသို့ မျှော်မှန်း၍ထွက်လာခဲ့ပေ၏။

*******

ပွင့်လင်းရာသီဖြစ်သည့်အတွက်ကြောင့် လမ်းလျှောက်ရသည်မှာ လွန်စွာအဆင်ပြေနေပေ၏။ အရှေ့ရပ်ရှိ နေလုံးကြီးသည် တရွေ့ရွေ့ တက်လာခဲ့ရာ ဆယ့်တစ်နာရီဝန်းကျင်သို့ ရောက်ရှိလာပေ၏။ ထိုအတွက်

ဆာ ဟင်မှုများ ဖြစ်ပေါ်လာပေ၏။

လမ်းခရီးသည် အတော်ခရီးရောက်၍ ရွာသုံးရွာလောက်ကို ကျော်ဖြတ်လာပေ၏။ ယခုကျွန်ုပ်သည် ဆန္ဒပြင်းပြင်းနှင့် လမ်းလျှောက်လာခဲ့ပေရာ ရွာတစ်ရွာသို့ နီးကပ်လာပေ၏။ စိတ်ကူးတစ်ခုရလိုက်မိ၏။ ၎င်းမှာ ရွာဦးကျောင်းသို့ ဝင်ရောက်၍ ဆွမ်းကျန်၊ ဟင်းကျန်လေးများ



စွန့်စားရန် စိတ်ကူးမိပေ၏။ ထိုအတွက်ကြောင့် ရွာဦးကျောင်းသို့ ဦးတည်လာခဲ့ပေ၏။

ထိုသို့လမ်းလျှောက်လာရင်း ရွာဦးကျောင်းဝန်းကျင်သို့ရောက်ရှိလာပေ၏။ ရွာဦးကျောင်းသည် ကြီးမားသည့် ကျောင်းကြီးတစ်ကျောင်း မဟုတ်သလို ကျောင်းသား၊ ကိုရင်၊ ဒကာ၊ ဒကာမများလည်း တွေ့ရှိရခြင်းမရှိ။ ထို့အတူဆူညံခြင်းလည်းမရှိ၊ လွန်စွာတိတ်ဆိတ်လျက်ရှိနေပေ၏။ ကျောင်းသည် ကြီးကျယ်ခမ်းနားသည့် ကျောင်းကြီးတစ်ကျောင်းမဟုတ်သလို ခပ်သေးသေးကျောင်းလည်းမဟုတ်ပေ။ ကျောင်းဝန်းသည် ကျယ်ဝန်း၍ ကြီးမားသည့်နှစ်ချို့ အပင်ကြီးများစွာရှိနေသည်ကို တွေ့ရပေ၏။

ကျွန်ုပ်သည် ကျောင်းအပေါ်သို့ တက်သွားရာ လွန်စွာအံ့သြရပေ၏။ ကျောင်း၏ဘုရားခန်း၌ ဆီမီးတိုင်များ ထွန်းညှိထားသည်ကို တွေ့ရပေမယ့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိခြင်းမရှိအောင် ဖြစ်နေရ၏။

ကျွန်ုပ်သည် ဘုရားဝတ်ပြုနေပေ၏။ ထိုသို့ဝတ်ပြုနေချိန်၌ စိတ်ထဲတွင် ကြည်နူးလာပေ၏။ ညှိုးနွမ်းနေသည့်စိတ်များ လန်းဆန်းလာလျက်ရှိနေပေ၏။ ဝမ်းဗိုက်အတွင်း၌ ဆာလောင်နေတာတွေအလိုလိုနေရင်း ပျောက်သွားသလို ဖြစ်သွားပေ၏။ ထိုအရာများသည် မြတ်စွာဘုရားရှင်၏တန်ခိုးတော်ကြောင့်ဟု စိတ်ထဲ၌ ထင်နေမိပေ၏။

ထိုအချိန်၌ သာယာသောအသံတစ်ခု ထွက်လာသည့်အတွက် လွန်စွာအံ့သြနေမိ၏။

"ဩော်. . . ဒုက္ခသည်တစ်ယောက်ပါလား၊ ရိုးသားခြင်းရဲ့အကျိုးကိုခံစားနေရတာကိုး"

ကျွန်ုပ်လှည့်ကြည့်လိုက်မိပေ၏။

အညိုပုပ်ရောင်ဝတ်စုံနှင့် သံဃာတော်ကြီးတစ်ပါးကို တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



နေရပေ၏။

ထို့အတူ ကိုရင်ကြီးသည် သခင်ဖြစ်ဖို့ကိုသာ တိုက်တွန်းညွှန်ပြလျက်ရှိနေပေ၏။

"တကယ်လို့ လူလေးခရီးဆက်မယ်ဆိုရင် ဒီနေရာကနေ အရှေ့စူးစူးအရပ်ကိုသွား အလုပ်ရှိတဲ့နေရာတွေ့လိမ့်မယ်။ မသွားချင်သေးဘူး နားဦးမယ်ဆိုလည်းရတယ်၊ လူလေး"

"တပည့်တော် ဒီနေ့ပဲ ခရီးဆက်မှာပါဘုရား"

"ဒီနေ့ဟာ စနေနေ့ဖြစ်တဲ့အတွက် လူသုံးယောက်နဲ့တွေ့မယ်။ အဲဒီသုံးယောက်ထဲမှာ တစ်ယောက်ပဲ လူလေးအပေါ်မှာ ကောင်းမယ်။ ကျန်နှစ်ယောက်က ဒုက္ခပေးလိမ့်မယ်။ အဲဒီလူတွေနဲ့ မတွေ့နဲ့ စေတီတစ်ဆူအတွင်းမှာ ဂုဏ်တော်ကိုးပါးရွတ်ဆိုပြီးတော့သာ အိပ်နေလိုက် အကြံကောင်းတစ်ခုပေါ်လာလိမ့်မယ် လူလေး၊ အဲဒါကို သဘောပေါက်လား"

"သဘောပေါက်ပါတယ် ဘုရား"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်သည် ကိုရင်ကြီးအား ဝတ်ပြု၍ အပြီး၌ ကျောင်း၏ပရဝုဏ် အပြင်သို့ ထွက်လာခဲ့ပေ၏။

ကျွန်ုပ်သည် ကျောင်းပရဝုဏ်အပြင်ရောက်သည်နှင့် အရှေ့စူးစူးအရပ်သို့ ဦးတည်ထွက်ခဲ့ပေတော့၏။

အချိန်သည် အချိန်ကောင်းတစ်ခု ဖြစ်နေသည့်အတွက် ဝန်းကျင်တစ်ခုလုံး ဆူညံနေသလို နေသည်ကျဲကျဲတောက်ပူလျက်ရှိနေပေ၏။ ကျွန်ုပ်သည် နေ၏အပူဒဏ်အား ဂရုမစိုက်နိုင်ဘဲ ခရီးသာဆက်နေပေတော့၏။ ထို့နောက် ရွာတစ်ရွာသို့ ရောက်ရှိလာပေတော့၏။

*******



ကျွန်ုပ်သည် ရွာတစ်ရွာပြီးတစ်ရွာ ခရီးဆက်နေလျက်ရှိနေပေ၏။

အချိန်သည် တဖြည်းဖြည်းနှင့် အမှောင်ဘက်သို့ဦးတည်လျက်ရှိနေပေ၏။ ထို့အတွက် စဉ်းစားမှုတစ်ခုပြုလုပ်ရပြန်၏။ ကျွန်ုပ်အနားယူရန်ကို ဖြစ်၏။ ကိုရင်ကြီးမှာလိုက်သည့်အတိုင်း စေတီတစ်ခုအတွင်း၌ အိပ်စက်အနားယူရန်ပင်ဖြစ်၏။

၎င်းအတွက် ကျွန်ုပ်အနားယူရန် စေတီတစ်ဆူအား ရှာနေလျက်ရှိ၏။ တကယ်တော့ ကျွန်ုပ်သည် ဗေဒင်ပိုင်းဆိုင်ရာများအား လက်ခံယုံကြည်သည်။ ကျွန်ုပ်နေထိုင်ကြီးပြင်းလာရသည့် အဘဘုန်းသည် အတိတ်ပေးဗေဒင်ဟောသည့်နေရာ၌ လွန်စွာမှန်လျက်ရှိသလို ကျွန်ုပ်၏ဇာတာနှင့် ဘဝကံလမ်းကြောင်းအား ကြိုတင်တွက်ချက်ဟောထား၏။

ထူးခြားချက်ရှိ၏။ အဘဘုန်း၏အမေ၊ မယ်တော်ကြီး ဒေါ်ငွေယုံသည် ကျွန်ုပ်နှင့်ပတ်သက်၍ ပြောခဲ့ဖူး၏။ ကျွန်ုပ်သည် မိဘများမရှိတော့သည့်အတွက် လူ့လောက၌ သံယောဇဉ်တွယ်စရာမရှိသလို ရဟန်းသာသနာဘောင်အတွင်း၌ နေထိုင်လျှင် ကြည်ညိုစရာကောင်းသည့်ဆရာတော်တစ်ပါးဖြစ်လာနိုင်သည်ဟု အဘဘုန်းအား လျှောက်တင်သည်။

"ဒကာမကြီး လူ့လောကမှာ လူသားတစ်ယောက်အဖြစ် ရောက်ရှိလာတယ်ဆိုရင် ကံတရားနဲ့ ဖွဲ့စည်းပြီးမှ လူ့လောကအတွင်းသို့ ရောက်ရှိလာတာပဲ။ လူလေးဟာ သာသနာ့ဘောင်အတွင်းမှာ နေထိုင်လို့ လွန်စွာကောင်းတာပေါ့။ ဒါပေမဲ့ လူလေးဟာ သာသနာဘောင်အတွင်းမှာ နေထိုင်ဖို့ ကံဇာတာပါမလာဘူး။ ရှုပ်ထွေးနေတဲ့ လူ့လောကကြီးမှာ ကျင်လည်ရဦးမယ်။ ဒါပေမဲ့ ကောင်းတာတွေလည်း များစွာရှိနေ

www.burmeseclassic.com



ပါတယ်။ လူလေးဟာ လွန်စွာချမ်းသာတဲ့နာမည်ကျော်သူဌေးကြီးတစ်ယောက်ဖြစ်ဦးမှာ။ ဒါပေမဲ့ မိန်းမအနှောင့်အယှက်ရှိတယ်။ အဲဒီဘက်ကိုလိုက်သွားရင်တော့ ဒုက္ခအရောက်ဆုံး လူသားတစ်ယောက်ဖြစ်သွားနိုင်တယ်။ ရှင်းအောင်ပြောရရင်တော့ ထူးရင်ထူး၊ မထူးရင်တော့ ရှုံးပေါ့မယ်တော်ကြီးရာ”

အဘဘုန်းပြောသည့်စကားပင်ဖြစ်၏။ ၎င်းစကားသည် ကျွန်ုပ်အတွက် ကျေနပ်စရာဖြစ်နေပေမယ့် တကယ်တမ်းကျတော့ စိတ်ညစ်စရာတစ်ခုကဲ့သို့ဖြစ်နေပေ၏။

မျှော်လင့်နေချိန်၌ ဆွဲလည်းသံလေးတွေ၏အသံကိုကြားနေရပေရာ ကျွန်ုပ်အတွက် လွန်စွာအံ့ဩရပေ၏။ ကျွန်ုပ်ရောက်ရှိနေသည့်နေရာသည် လွင်ထီးခေါင်ဖြစ်နေသည့်အတွက် မည်သည့်ရွာတစ်ရွာမှနှင့်မျှ နီးကပ်ခြင်းမရှိအောင်ဖြစ်နေ၏။ မြင်ကွင်းထဲ၌ တောအုပ်တစ်ခုကိုတွေ့ရ၏။ ထိုတောအုပ်၌ ကြီးမားသည့်သစ်ပင်ကြီးများအား တွေ့ရှိရပေ၏။

၎င်းတောအုပ်သည် မည်သည့်ရွာနှင့်မျှ နီးကပ်ခြင်းမရှိသလို လူသူရှိနေဖို့ဆိုတာလည်း လွယ်ကူသည့်နေရာ မဖြစ်နိုင်ပေ။

ကျွန်ုပ်သည် တောအုပ်ရှိရာသို့ ဦးတည်လျှောက်ရှိနေပေရာ တော်တော်လမ်းလျှောက်ရပေ၏။ ကျွန်ုပ်မြင်တွေ့ရသည့် တောအုပ်သည် မြေပြန့်တွင်မဟုတ်၊ ကုန်းမြင့်၌ ရှိနေသလို ကုန်းမြင့်ပေါ်တက်သည့်လမ်းသည် သိသိသာသာမြင်တွေ့ရသည့် လမ်းမဟုတ်ဘဲ လမ်းဖြစ်ရုံသာတွေ့ရ၏။

ကျွန်ုပ်သည် လမ်းလေးအတိုင်းတက်ခဲ့ပေ၏။

ကုန်းတော်ပေါ်တွင် ဆွဲလည်းသံများနှင့် သာယာနေပြီး ကျေးငှက်ပေါင်းများစွာ၏ အိပ်တန်းတက်သည့် အသံကိုလည်း အတိုင်းသားကြားနေရပေ၏။ ကုန်းတော်ပေါ်၌ သူတော်စင်များရှိမည်ဟုထင်ထား၏။



ကျွန်ုပ်လိုက်၍ ရှာကြည့်မိ၏။

မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ရှိခြင်းမရှိသည့်အတွက် လွန်စွာအံ့ဩမိပေ၏။ ညနေနွားရိုင်းသွင်းသည့်အချိန်ဖြစ်နေသည့်အတွက် ကျေးငှက်ပေါင်းများစွာသည် ၎င်းတို့အိပ်စက်အနားယူမည့် အပင်ကြီးများဆီသို့ ဦးတည်ပျံသန်း၍ အနားယူလျက်ရှိနေကြပေ၏။

ကျွန်ုပ်သည် နေရာအနှံ့လိုက်၍ ကြည့်နေပေ၏။

“အင်း. . . ဒီဘုရားကုန်းတော်က လူသူမနေသလို သူတော်စင်များလည်းနေထိုင်တာ မတွေ့ပါလား၊ ဘာကြောင့်များပါလိမ့်၊ တစ်ခုခုတော့ ထူးဆန်းနေပါလား၊ ဒီနေရာမှာ အိပ်လို့ဖြစ်ပါ့မလား”

ကျွန်ုပ်သည် ထိုသို့စဉ်းစား၍နေသလို ကုန်းတော်ဝန်းကျင်အားလေ့လာသော်လည်း ထူးခြားမှုဆိုတာ တွေ့ရခြင်းမရှိသည့်အတွက် စိတ်ထဲ၌ လွန်စွာအံ့ဩရပြန်၏။ စေတီတော်သည် ကြီးမားသည့်စေတီတော်မဟုတ်ပေမယ့် ဉာဏ်တော်သည် နှစ်ဆင့်လေးတောင်လောက်ရှိမည်ဟုထင်ရပေ၏။

စေတီတော်၏ ဘုရားဒါယကာ ဘယ်သူဆိုတာ ကမ္ပည်းထိုးထားသည်ကို တွေ့ရှိခြင်းမရှိသည့်အတွက် လွန်စွာထူးဆန်းနေပေ၏။

“ဒီစေတီတော်က ရှေးဟောင်းစေတီတော်ပဲဖြစ်ရမယ်၊ ဒီညဒီမှာအနားယူရမှာဆိုတော့ ငါ့အတွက် ကုသိုလ်တစ်ခုတော့ ရအောင်ယူရမှာပဲ”

ထိုသို့တွေး၍ စေတီတော်၏ဝန်းကျင်အား လေ့လာနေပေ၏။

စေတီ၏ တနင်္ဂနွေထောင့်၌ ဂူတစ်လုံးကိုတွေ့ရ၏။ ၎င်းဂူသည် စေတီတော်ဘက်သို့ မျက်နှာမူ၍ထား၏။ ထိုဂူအတွင်း၌ အိပ်စက်အနားယူရန် စိတ်ကူးနေမိ၏။

ထို့နောက် မွှေးပျံ့သောအနံ့တစ်ခုရ၏။

ထိုအနံ့အားလိုက်၍ရှာရန် စိတ်ကူးလိုက်မိ၏။ ထို့နောက်လိုက်

www.burmeseclassic.com



ရှာရာ ကျွန်ုပ်ရောက်ရှိနေသည့် ဂူ၏အနောက်၌ ငှက်ပျောပင်များကို တွေ့ရ၏။ ငှက်ပျောပင်များအထဲ၌ ငှက်ပျောပင်တစ်ပင်သည် အသီးများ ရှိနေပြီး အသီးများသည် မှည့်လျက်ရှိ၏။ ကျွန်ုပ်သည် ငှက်ပျောသီးအနည်းငယ်ကို ခူး၍ပြန်လာခဲ့ပေ၏။

ထို့နောက် စေတီတော်သို့ ကပ်လှူရန် အကောင်းဆုံးလက်ရင်း ငှက်ပျောတစ်ဖီးအား ဖယ်ထားလိုက်ပေ၏။

ကျန်ရှိနေသည့် ငှက်ပျောသီးများအား စားရန်ဆုံးဖြတ်လိုက်ပေ၏။ ထို့နောက် ကျွန်ုပ်သည် ဖယ်ထားသည့်ငှက်ပျောသီးအား စေတီတော်သို့ ကပ်လှူလိုက်ပေ၏။

အချိန်သည် အမှောင်ထုအား လွှမ်းမိုးလျက်ရှိနေပေတော့၏။

လူသူကင်းမဲ့သည့် နေရာစိမ်းတစ်ခု၌ ခေတ္တအနားယူရသည်မှာ လွန်စွာထိတ်လန့်စရာ ကောင်းလျက်ရှိနေ၏။ သို့သော် ကျွန်ုပ်၌လက်နက် ကောင်းရှိနေပေ၏။

ထို့ကြောင့် ကျွန်ုပ်ကြောက်ရွံ့ခြင်းမရှိအောင် ဖြစ်နေပေ၏။ အချိန်သည် တဖြည်းဖြည်းနှင့် ညဉ့်နက်သည့်ဘက်သို့ ကူးလျက်ရှိနေပေ၏။ ကျွန်ုပ်သည် စေတီတော်အား ဝတ်ပြုလျက်ရှိနေပေ၏။ ဝတ်ပြုရာ၌ မြတ်ဗုဒ္ဓ၏အန္တရာယ်ကင်းဂါထာတော်များအား ရွတ်ဆိုနေပေ၏။

ထိုအချိန်တွင် အထိတ်တလန့်ဖြစ်ဖွယ်ရပ်များပေါ်လာပြီး ကြက်သီးများလည်း ထလာ၏။ ခြေသံလိုလို နားထဲ၌ ကြားနေရပေ၏။ လွန်စွာ တိတ်ဆိတ်သည့် ကာလဖြစ်နေသည့်အတွက် ခြေသံများအား အနီးကပ် ကြားနေရပေ၏။

"ချွတ်. . . ချွတ်"

"ဝေါ. . ."

"ဖျောင်း. . . ဖျောင်း"

လွန်စွာကြောက်စရာကောင်းသည့်အသံဖြစ်၏။



သစ်ပင်ကြီးများပေါ်၌ အိပ်စက်နေသည့် ငှက်များသည် ရုတ်တရက်အော်ဟစ်၍ ပျံသန်းကုန်ကြပေ၏။ တောအတွင်း၌ ရှိနေသည့် ခြေလေးချောင်းပါသည့် တောရိုင်းတိရစ္ဆာန်များ၏ အော်ဟစ်ပြေးလွှားသည့်အသံများကိုလည်း အနီးကပ်ကြားနေရပေ၏။

တချို့တောရိုင်းတိရစ္ဆာန်များမှာ ကျွန်ုပ်ရှိသည့် ဂူအနီးသို့ ရောက်ရှိလာကြပေ၏။ ကြောက်စိတ်များ လွှမ်းမိုးနေသည့်အတွက် ရွတ်ဆိုလျက်ရှိသည့် ဘုရားဒေသနာများသည် အယောင်ယောင် အမှားမှား ဖြစ်နေပေ၏။ မှိတ်ထားသည့်မျက်လုံးများကို ဖွင့်ချင်သည့်စိတ်များ ဖြစ်ပေါ်လျက်ရှိနေ၏။

"ဟိုက်. . . အမလေး ဘာကောင်ကြီးပါလိမ့်"

ရုတ်တရက် အသံထွက်သွားပေ၏။

မြင်ကွင်းထဲ၌ တွေ့လိုက်ရသည်မှာ မည်းမည်းအကောင်ကြီး တစ်ကောင်ဖြစ်၏။ ၎င်းသည် မြင့်မားသလို အမွေးများမှာလည်း ရှည်ထွက်နေ၏။ မည်းမည်းအကောင်ကြီးသည် တရွေ့ရွေ့နှင့် စေတီ၏အနီးရှိ ငှက်ပျောသီးများရှိရာသို့ ဦးတည်လျက်ရှိနေ၏။

ဝန်းကျင်တစ်ခုလုံး အမှောင်များလွှမ်းမိုးနေသည့်အတွက် ဘယ်လိုအကောင်ကြီးဆိုတာ သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမရှိအောင် ဖြစ်နေပေ၏။ ၎င်းသည် စေတီတော်ခြေရင်းရှိ ငှက်ပျောသီးအား သွားရောက်ကြည့်၍အပြီး၌ ကျွန်ုပ်ရှိနေသည့် ဂူရှိရာ တရွေ့ရွေ့နှင့် ဦးတည်လာလျက် ရှိနေပေ၏။ ရုတ်တရက် ကျွန်ုပ်ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွား၏။ ထ၍ပြေးလျှင် ကျွန်ုပ်ထံလိုက်လာဦးမည်။ ဘုရားဝတ်ပြုသည်မှာ အဆုံးမသတ်နိုင်သေးဖြစ်နေ၏။

၎င်းသည် တရွေ့ရွေ့နှင့် ကျွန်ုပ်၏အနားသို့ နီးကပ်လာပေ၏။ ဘာဆက်လုပ်ရမည်ဆိုတာ စဉ်းစားနေမိ၏။ ထို့နောက် အဘဘုန်းပေးလိုက်သည့် ဂါထာတော်အား သတိရလာပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူလေး ဒီဂါထာတော်ဟာ အလွန်အစွမ်းထက်တယ်။ အဲဒီဂါထာတော်ကို အမြဲရွတ်ဆိုနေ။ ရွတ်နေတုန်းမှာ ဂါထာရဲ့အစွမ်းကို သိမှာမဟုတ်ဘူး။ ဒုက္ခရောက်လာမှ ဂါထာရဲ့အစွမ်းကို သိလိုက်မယ်"

ကျွန်ုပ်သည် ထိုဂါထာတော်အား ချက်ချင်းရွတ်လိုက်၏။ ကြောက်စရာကောင်းသည့် မည်းမည်းအကောင်ကြီးသည် ကျွန်ုပ်၏အနားသို့နီးကပ်လာပေ၏။

ကျွန်ုပ်သည် ဂါထာရွတ်နေပေမယ့် မျက်လုံးများသည် ထိုအကောင်ကြီးကို ကြည့်နေပေ၏။ ရုတ်တရက် အန္တရာယ်ပြုလာလျှင် ရှောင်တိမ်းရန်ပင်ဖြစ်ပေ၏။

မည်းမည်းအကောင်ကြီးသည် ဂူအဝနီးသို့ ရောက်ရှိလာပြီး ကျွန်ုပ်အား သေချာစိုက်ကြည့်နေပေ၏။ ဝင်းလက်နေသည့် မျက်လုံးနှစ်လုံးအား တွေ့နေရ၏။ ကြက်သီးမွေးညင်းများ ထလာပြီး တစ်ကိုယ်လုံးကြောက်ချေးများ ထွက်ကျလာသည့်အတွက် အဝတ်အစားများ ရွဲရွဲစိုလျက်ရှိ၏။

၎င်းသည် ကျွန်ုပ်အား မာန်ဖီလျက်ရှိနေသလို ခြေလှမ်းသည်လည်း ရှေ့တိုးရန် အရှိန်ယူနေပေ၏။ ကျွန်ုပ်သည် ထိုအကောင်ကြီးအား မျက်တောင်မခတ်ကြည့်၍ ဂါထာတော်အား ရွတ်ဆိုလျက်ရှိနေပေ၏။

အဇ္ဈာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံပရူပက္ကမေန ထထာဂတံ
ဇီဝိတာရောပေယျ၊ အနုဝက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဂစ္ဆထ တုမှေ ဘိက္ခဝေ သကသကံ ဝိဟာရံ။

အထက်ပါဂါထာတော်အား ရွတ်ဆိုနေချိန် လက်တစ်ဖက်သည် အခေါက်ရေအား ရေတွက်လျက်ရှိ၏။ ထိုသို့ရေတွက်ရာတွင် ဆယ့်တစ်ခေါက်ရောက်ရှိချိန်၌ လေများတိုက်ခတ်လာပြီး ကျေးငှက်အော်ဟစ်



သံများလည်း ဆူညံစွာ ထွက်ပေါ်လာ၏။

ထိုအချိန်၌. . .

"ဖျောင်း. . ."

"ဝေါင်း. . ."

အထိတ်တလန့်ဖြစ်သွားပေ၏။ ဝန်းကျင်တစ်ခုလုံး ဆူညံသံများ လွှမ်းမိုးသွားပေ၏။

ကျွန်ုပ်၏ရှေ့၌ရှိနေသည့် မည်းမည်းအကောင်ကြီးသည် အော်ဟစ်ပြီး အနောက်သို့ဆုတ်၍ ထွက်ပြေးသွားပေတော့၏။

ထို့အတွက် ကျွန်ုပ်လွန်စွာအံ့ဩရပေ၏။

တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် မယုံကြည်နိုင်လောက်အောင် ဖြစ်ရပေ၏။ အကောင်ကြီးသည် ကျွန်ုပ်အား အန္တရာယ်ပြုမည့်အချိန်တွင် အရိုပ်ဖြူကြီးတစ်ခု ရုတ်တရက်ရောက်ရှိလာပြီး ကြိမ်လုံးတစ်လုံးနှင့် ရင်ဝအား ဖြတ်ရိုက်လိုက်၏။ ထို့ကြောင့် ၎င်းသည် အလန့်တကြားအော်ဟစ်၍ နောက်ဆုတ်ထွက်ပြေးသွားပေ၏။ ၎င်းအတွက် လွန်စွာအံ့ဩရပေ၏။ ဂါထာတော်သည် လွန်စွာအစွမ်းထက်သည်ဆိုတာ ကျွန်ုပ်လက်ခံရပေ၏။

"တော်ပါသေးရဲ့ ဂါထာတော်ကယ်ပေလို့ သို့မဟုတ်ရင် ဒီနားမှာပဲ အသက်သေနိုင်တယ်"

ထိုသို့ပြောပြီး ကျွန်ုပ်သည် ပင်ပန်းနွမ်းနယ်နေသောကြောင့် ထိုနေရာ၌လဲကျသွားပေ၏။ မျက်လုံးများသည် ဖွင့်မရအောင်ဖြစ်နေပေ၏။ ငှက်များ၏အသံ၊ ခွေးများဟောင်သည့်အသံနှင့် ခြေသံများအား နား၌ကြားရပေမယ့် ခန္ဓာကိုယ်သည် လေးလံထိုင်းမှိုင်း၍နေပေ၏။ ကျွန်ုပ်၏မျက်လုံးများသည် ဘယ်လိုမှ ဖွင့်၍မရအောင် ဖြစ်နေပြီး နှစ်ခြိုက်စွာ အိပ်မောကျသွားပေတော့၏။

ကျွန်ုပ်သည် ဘယ်လောက်ကြာကြာ အိပ်မိလိုက်သည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။

စိတ်ထဲ၌ လန်းဆန်းလာသလိုဖြစ်နေချိန်တွင် ကျွန်ုပ်အားတစ်ဦးတစ်ယောက်သည် လာရောက်နှိုးဆော်သလို ထင်နေမိ၏။

ကျွန်ုပ်သည် ကြောက်စိတ်များ လွှမ်းမိုးနေသည့်အတွက် ဂူရှိရာသို့ ဦးတည်၍ လျှောက်လှမ်းခဲ့ပေတော့၏။

ကျွန်ုပ်လွန်စွာ အံ့သြရပေ၏။

ဂူအတွင်း၌ ဝတ်စုံအဖြူနှင့်အဘိုးအိုတစ်ယောက် ဘုရားဝတ်ပြုလျက်ရှိနေ၏။ ဝတ်စုံဖြူအဘိုးကြီးသည် လူသားလား၊ ဘာလဲဆိုတာ စိတ်ထဲ၌တွေးနေမိ၏။ ကျွန်ုပ်သည် ဝတ်စုံဖြူကြီးအား ကြည့်နေမိ၏။ ကျန်ခဲ့သည့်အချိန်ကာလတွင် တွေ့ခဲ့ရသည့်မိန်းကလေးသည် လူသားတစ်ယောက်မဟုတ်မှန်း သိရသည့်အတွက် ယခုတွေ့နေရသည်မှာ လူသားတစ်ယောက်မှဟုတ်ပါရဲ့လားဟု တွေးနေမိပေ၏။

ကျွန်ုပ်သည် ၎င်းဝတ်စုံဖြူအဘိုးအိုအား ကြည့်နေ၏။

အဘိုးအိုသည် ဆံပင်များဖြူဆွတ်၍ရှည်ကျနေသလို မုတ်ဆိတ်မွေးများသည်လည်း ဖြူဆွတ်၍ တွဲလဲကျလျက်ရှိနေပေ၏။ အဘိုးအိုသည် စေတီတော်ဘက် မျက်နှာမူ၍ ပုတီးစိပ်လျက်ရှိနေပေ၏။

"သြော်. . . လူစွမ်းကောင်းလေးတစ်ယောက်ပါလားကွယ်၊ ဒုက္ခတစ်ဝက်တော့ ပြီးငြိမ်းပြီလို့ သတ်မှတ်လိုက်တော့ကွယ်"

ထိုသို့ပြောလာသည့်အတွက် စိတ်ထဲ၌ အေးချမ်းသွားပေတော့၏။ နာနာဘာဝမဟုတ်မှန်းလည်း သိလိုက်ရ၏။ မှိတ်ထားသည့်မျက်လုံးများမှာ ဖြည်းညင်းစွာ ပွင့်လာပေ၏။

"ဟေ. . . လူလေး ဘယ်လိုပုံစံနဲ့ ထိုင်နေတာလဲကွယ့်။ အေးချမ်းစွာထိုင်စမ်းပါ လူလေးကို ဘယ်လိုလူမှလာပြီး ဒုက္ခမပေးတော့ပါဘူးကွယ်။ အဘက လူသားတစ်ယောက်ပါကွယ့်"

ကျွန်ုပ်သည် ပုံစံပြောင်း၍ ထိုင်လိုက်ပေ၏။ အဘိုးအိုသည်



ကျွန်ုပ်အား ကြည့်နေပြီး ခေါင်းလေးအား တဆတ်ဆတ်ညိတ်နေလျက်ရှိနေပေ၏။ ကျွန်ုပ်သဘောမပေါက်နိုင်အောင် ဖြစ်နေပေ၏။

"လူလေးကို ဘာဖြစ်လို့လာပြီး ဒုက္ခပေးတယ်ဆိုတာ လူလေးမသိရိုးအမှန်လားကွယ်။ တခြားတော့မဟုတ်ဘူးကွယ်။ လူလေးခူးဆွတ်ထားတဲ့ ငှက်ပျောသီးတွေက ဘယ်သူ့ဆီက ခွင့်တောင်းပြီးခူးတာလဲ၊ ဘယ်သူ့ဆီကမှ ခွင့်မတောင်းဘူး မဟုတ်ဘူးလားကွယ်၊ အဲဒီငှက်ပျောပင်တွေမှာ အစောင့်ရှိတယ်။ ပိုင်ရှင်ရှိတယ်ဆိုရင် ယုံလားလူလေး၊ အဲဒီနေရာတွေက နေရာအရိုင်းတွေဆိုတော့ ဘာမဆိုခွင့်တောင်းရတယ်။ လူလေးကံကောင်းသွားတာက ဂါထာကြောင့်ပဲကွယ့်"

ကျွန်ုပ်အဘိုးအိုသူတော်စင်ကြီးအား ကြည့်လိုက်ပေ၏။

ကျွန်ုပ်၏အကြည့်သည် အံ့သြခြင်းများ လွှမ်းမိုးနေကြောင်း ဝတ်စုံဖြူသူတော်စင်ကြီးသိနေပေ၏။

"အဘိုးပြောတာကို ယုံရဲ့လား လူလေး"

"ဟုတ်ကဲ့ ယုံပါတယ် အဘိုး၊ ဒါပေမဲ့ ကျုပ်တစ်ခုမေးပါရစေ အဘိုးနာမည်က ဘယ်လိုခေါ်လဲ၊ ဒီကုန်းတော်က ဘယ်သူ့ကုန်းတော်လဲ"

"လူလေးက သိချင်တယ်ဆိုတော့ ပြောရတာပေါ့ကွယ်။ အဘိုးနာမည်က အဘိုးပေါက်ဆိန်လို့ခေါ်တယ်ကွယ့်။ ဒီကုန်းတော်က မိနန်းသုန်ရဲ့ ကုန်းတော်ပဲကွယ့်။ ဒီကုန်းတော်ကို မိနန်းသုန်စောင့်ရှောက်တယ်။ ဒီစေတီတော်ဟာလည်း မိနန်းသုန် တည်ထားကိုးကွယ်တဲ့ စေတီတော်ပဲလူလေးရဲ့"

"ဒါဆို ကျုပ်တွေ့လိုက်တဲ့ မိန်းကလေးဟာ မိနန်းသုန်လား အဘိုးပေါက်ဆိန်"

"ဟုတ်တယ်ကွယ့် လူလေးတွေ့လိုက်တာက မိနန်းသုန်ပဲ။ တကယ်တော့ မိနန်းသုန်ဟာ လွန်စွာသဘောကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲကွယ်။ သူ့ကို ရှိသေရင် သူကပြန်ပြီး စောင့်ရှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုဒေါသထွက်အောင် လုပ်ရင်တော့ သူ့ရဲ့လက်ရုံးများဖြစ်ကြတဲ့ လူဝံကြီးနဲ့ မျောက်ညိုကြီးတို့က အန္တရာယ်ပြုတော့တာပဲ လူလေး"

"လူဝံကြီးကို ကျုပ်တွေ့လိုက်တယ် အဘိုးပေါက်ဆိန်"

ကျွန်ုပ်သည် လူဝံကြီးကိုတွေ့သည့်အကြောင်း ဝမ်းသာခြင်းများစွာနှင့် ပြောလိုက်ပေ၏။ လူဝံကြီးအားတွေ့သည့်အချိန်၌ ဘာအကောင်ကြီးမှန်းမသိ၍ ကြောက်စိတ်များ လွှမ်းမိုးနေခဲ့သည်။

ယခု အဘိုးပေါက်ဆိန်ပြောမှ လူဝံကြီးမှန်းသိရ၏။ လူဝံကြီးသည် ကျွန်ုပ်အား အန္တရာယ်ပြုရန် ကြိုးစားနေ၏။ အဘဘုန်းသင်ပေးထားသည့် ဂါထာတော်အား ရွတ်ဆိုလိုက်သည့်အတွက် လူဝံကြီးမှာ အရိုက်ခံရ၍ ထွက်ပြေးသွားပေတော့၏။ ၎င်းလူဝံကြီးအား ဘယ်သူရိုက်လိုက်သည်ဆိုတာ ကျွန်ုပ်မသိပေမယ့် အရိပ်ဖြူကြီးတစ်ခုကိုတော့ တွေ့လိုက်ရ၏။

"တွေ့ရန်ကောကွယ် လူလေးကို အန္တရာယ်ပြုဖို့ကြိုးစားနေတာ အဲဒီအချိန်မှာလူလေးက နမတ္တာပို့အမျှဝေ သာဓုခေါ်ပြီး ဂါထာတော်ကို ဆက်လျက်ရွတ်နေတယ်။ ဒီအချိန်မှာ ကုန်းဇေတ်ပေါ်က သက်ရှိသတ္တဝါ၊ နာနာဘာဝတွေနဲ့ မကျွတ်မလွတ်သူတွေက သာဓုခေါ်ကြတယ်။ အဲဒီအတွက် လူလေးကိုပေးမယ့် အန္တရာယ်တွေ လွင့်စင်သွားတာပဲ လူလေး။ ကဲ. . . ကဲ လူလေးလည်း ခရီးဆက်ဖို့ ရှိသေးတယ်။ အရှက်တက်နေပြီ အဲဒီငှက်ပျောသီးတွေကိုစားပြီး ခရီးဆက်ပေဦးတော့"

"တစ်ခုတော့မှာလိုက်ချင်တယ်၊ အဲဒီဂါထာလေးကိုတော့ အမြဲရွတ်သွားပါ လူလေး"

ကျွန်ုပ်ကျေနပ်စွာ ခေါင်းညိတ်လိုက်မိ၏။

စိတ်ထဲ၌ လွန်စွာကျေနပ်မိ၏။ တကယ်တော့ ကျွန်ုပ်သည် ထိုဂါထာအား အမြဲရွတ်ဆိုလျက်ရှိနေပေ၏။

ဝန်းကျင်သည် အမှောင်ထုအား မောင်းထုတ်၍ အလင်းရောင်ခြည်များ ဖြာကျလာပေတော့၏။ ကျွန်ုပ်သည် ငှက်ပျောသီးတစ်ဖီးကိုယူ၍ အဘိုးပေါက်ဆိန်အား နှုတ်ဆက်ပြီး မိနန်းသုန္ဒရာဘုရားကုန်းတော်မှ ကျောခိုင်းထွက်ခဲ့ပေတော့၏။

*******



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

တစ်နေ့သ၌. . .

ကျွန်ုပ်သည် မိနန်းသုန်စေတီတည်ရှိရာ ကုန်းတော်အား ကျောခိုင်း၍ ထွက်လာခဲ့ပေ၏။ တစ်နေ့တာ ခရီးထွက်ခဲ့ရာ ရွာများအား ဖြတ်ကျော်လာခဲ့ရာမှ ဆိပ်ကမ်းမြို့တစ်မြို့သို့ ရောက်ရှိလာပေ၏။

ငင်းခရီးသို့ လျှောက်လှမ်းရာ၌ နွားလှည်းနှင့်တစ်မျိုး၊ လမ်းလျှောက်၍တစ်ဖုံ မျိုးစုံအောင် ခရီးဆက်လာခဲ့ခြင်းပင်ဖြစ်၏။

ထိုဆိပ်ကမ်းမြို့လေး၌ လူသူများ စည်ကားနေသလို ကုန်တင်ကုန်ချအလုပ်သမားများလည်း ရှိနေ၏။

တစ်ဖန်ဈေးဆိုင်များလည်း လွန်စွာပေါများပေ၏။



ကျွန်ုပ်သည် ဘာဆက်လုပ်ရမည်ဆိုတာ ထိုင်၍စဉ်းစားလျက်ရှိ၏။ လက်ရှိကာလ၌ ဆိုင်တစ်ဆိုင်ဖွင့်ရန် အရင်းအနှီးဆိုလို့ ခြူးတစ်ပြားမှမရှိသည့်အတွက် စဉ်းစားရခက်နေပြန်၏။ ထိုစကားပြောလိုက်သည်မှာ ယုံရခက်နေမည်။

လက်ထဲ၌ မြနှင်းဆီပေးလိုက်သည့် ပိုက်ဆံအပြားခြောက်ဆယ်ရှိ၏။ အလုပ်မလုပ်ဘဲ ထိုင်၍စားလျှင် တစ်လစာကောင်းကောင်းစားနိုင်၏။ ၎င်းပိုက်ဆံသည် သုံးရန်မဟုတ် စုရန်သာဖြစ်နေပေ၏။

ထို့အတွက် အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်ပေ၏။

ထိုစဉ် တုံကင်သမ္ဗန်ကြီးတစ်စီး ထိုးစိုက်လာပေ၏။

(မှတ်ချက်၊ ၊ တချို့နေရာများ၌ တုံကင်အား ဘောက်တူကြီးဟု ခေါ်ကြပေ၏။)

တုံကင်သမ္ဗန်ကြီးပေါ်တက်၍ ခရီးသည်များ၏ အိတ်များအား ဝင်ရောက်ထမ်းပေးရန် ဆုံးဖြတ်ချက်ချလိုက်ပေ၏။ တုံကင်သမ္ဗန်ကြီးသည် ရွက်များအား ရုတ်သိမ်း၍ ဆိပ်ကမ်းသို့ ဖြည်းဖြည်းချင်းဆိုက်ကပ်လျက်ရှိနေ၏။ ၎င်းတုံကင်သမ္ဗန်ကြီးသည် လွန်စွာကြီးသည့်အတွက် ကျယ်ဝန်းသော ချောင်းပင်လယ်၊ မြစ်၊ သမုဒ္ဒရာကြီးများသို့ သွားလာလေ့ရှိ၏။

ကုန်ပစ္စည်းများအား တင်ဆောင်နိုင်သလို လူအင်အား ရာနှင့်ချီ၍ စီးနင်းလိုက်ပါနိုင်ပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် တုံကင်သမ္ဗန်ကြီးအပေါ်သို့ ပြေးတက်သွားပေ၏၊ ကျွန်ုပ်နည်းတူ တခြားအလုပ်သမားများပါ ပြေးတက်လာကြပေ၏။ ထိုအထဲ၌ လူမျိုးကွဲများလည်းပါနေ၏။

ထိုအချိန်၌ အသက်ငါးဆယ်ဝန်းကျင် ယောကျာ်းကြီးတစ်ယောက်သည် ကြီးမားသည့်အိတ်တစ်လုံးအား ထမ်းထားပြီး ကျွန်တစ်လုံးကို လက်တွင် ဆွဲလာ၏။ ထိုလူကြီး၏ အနားသို့ကပ်လျှက် စကားလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလိုက်၏။

“ဦးလေး ပခုံးပေါ်ကအိတ် ကျုပ်ထမ်းပေးပါ့မယ်”

“နိုင်ရဲ့လား ကောင်လေးရဲ့၊ ဒီအထုပ်က လေးတယ်နော်”

“နိုင်ပါတယ် ဦးလေး၊ လက်တွေ့ပဲကောင်းပါတယ်”

“မင်းအပြောကိုတော့ ကြိုက်သွားပြီ ပြုပြားပေးမယ်ကွာ”

ထိုသို့ပြောပြီး ၎င်း၏ပခုံးပေါ်၌ရှိသည့်အထုပ်ကြီးအား လွှဲပြောင်းယူလိုက်၏။ ၎င်းအထုပ်သည် ပြောသလို တကယ်လေး၏။ ပခုံးတစ်ဖက်နိမ့်ကျသွားသလို ထင်နေမိပေတော့၏။ သို့သော်စိတ်ကို တင်းထားသည့်အတွက် ထမ်း၍ပင် နိုင်ပေ၏။

ကျွန်ုပ်သည် ၎င်း၏အနောက်မှ လိုက်၍ သွားပေတော့၏။ ဆိပ်ကမ်းနှင့် ခပ်လှမ်းလှမ်းရှိ ထမင်းဆိုင်အတွင်း၌ ချလိုက်ပေ၏။ ၎င်းသည် ကျွန်ုပ်အား ချီးကျူးသည့်အနေအထားနှင့် ကြည့်လိုက်၏။

“ကောင်လေး မင်းတော်တယ်။ အပြောနဲ့အလုပ်ညီတယ်။ အဲဒီတော့ ဦးလေးတစ်ပြားပိုပေးလိုက်မယ်။ ရော့ သုံးပြား”

“ကျုပ်ဦးလေးကို ကျေးဇူးတင်ပါတယ်”

ကျွန်ုပ်သည် ပိုက်ဆံသုံးပြားအားယူ၍ တုံကင်သမွန်ရှိရာသို့ ထွက်ခဲ့ပေ၏။ နောက်ထပ်တစ်ဦးနှင့် ကြုံတွေ့ရပြန်၏။

ထိုတုံကင်သမွန်ကြီးပေါ်ရှိသည့် ကုန်ပစ္စည်းများအား သယ်ပို့ပေးရာ၌ စုစုပေါင်း “၈” ပြားရ၏။ ထိုအတွက် ကျွန်ုပ်ပျော်ရွှင်လျက်ရှိပေ၏။

တစ်နေ့တာရရှိသော လုပ်အားခပိုက်ဆံရှစ်ပြားသည် ထမင်းစားနေထိုင်ခနှုတ်အပြီး ၅ပြားကျန်နေသေး၏။ ထိုငါးပြားအား ကျွန်ုပ်စုထား၏။ကျွန်ုပ်သည် အငြိမ်နေတတ်သူမဟုတ်သည့်အတွက် ကျွန်ုပ်ထမင်းစားသည့် ထမင်းဆိုင်၌ အလုပ်အားသည့်အခါ ဝိုင်းဝန်းကူညီပေးတတ်၏။ ထိုဆိုင်ပိုင်ရှင်တရုတ်ကြီးသည် ကျွန်ုပ်အား ထမင်းဖိုးမယူသည့်



အတွက် ထမင်းဖိုးသက်သာသွားပေတော့၏။

ကျွန်ုပ်သည် ထိုဆိပ်ကမ်း၌ အလုပ်လုပ်ရသည်မှာ လွန်စွာအဆင်ပြေပေ၏။ အပေါင်းအသင်းမိတ်ဆွေများလည်း တိုးလာပေ၏။

ဆိပ်ကမ်းဝန်းကျင်၌ ကျွန်ုပ်သည် နာမည်ကောင်းလက်မှတ်တစ်ခုရထားသည့်အတွက် အခွင့်အရေး ပိုရ၏။

“လူလေး လူ့အောက်ကျတာ မသေဘူး။ သစ်ပင်အောက်ကျမှ သေမှာ။ ရိုးရိုးသားသားနေပါကွယ်။ ဘယ်တော့မှ ဒုက္ခမရောက်ဘူး။ မချမ်းသာပေမယ့် ဆင်းရဲတဲ့လူတစ်ယောက်လို့တော့ မသတ်မှတ်ခံရဘူး။ အဲဒါ ရိုးသားတဲ့ ဂုဏ်ပဲ၊ လူ့လောကမှာ အရေးကြီးဆုံးဟာ ဘာလဲသိလား လူလေး။ နာမည်ပဲ။ လူသာအသေခံပါ နာမည်တော့ ဘယ်တော့မှ အသေမခံပါနဲ့”

အဘဘုန်း၏စကားပင်ဖြစ်၏။ ထိုအတွက်ကြောင့် ကျွန်ုပ်သည် နာမည်ဘယ်တော့မှ အသေမခံသည့်အတွက်ကြောင့် တစ်ဖက်သားလူ၏ ယုံကြည်စွာပေးအပ်လိုက်သည့်တာဝန်အား အသက်အသေခံ၍ လုပ်ပေးတတ်၏။

ကျွန်ုပ်သည် ဆိပ်ကမ်းရှိ အလုပ်မှန်သမျှ အကုန်လုပ်၏။ ကုန်မထမ်းရသည့်အခါ၌ တခြားအလုပ်များအား လုပ်တတ်၏။ ရသည့်အလုပ်မှန်သမျှ အကုန်လုပ်တတ်၏။ ရေထမ်း၊ ဈေးရောင်း၊ ကုန်ထမ်းခြင်းလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိ၏။ ရရှိထားသည့် ပိုက်ဆံများအား စနစ်တကျ စုထားပေ၏။

ဤသို့နှင့်လအတန်ကြာလာချိန်၌ ပိုက်ဆံများ အတော်စုဆောင်းမိလာ၏။ စိတ်ထဲ၌ ဆိုင်တစ်ဆိုင်ဖွင့်ရန် စိတ်ကူးလာမိ၏။

ကျွန်ုပ်အတွက် ကံဆိုးသည်ဟု ဆိုရပေမည်။ ထိုနေ့တွင်ကျွန်ုပ်နှင့်အတူ အလုပ်လုပ်နေသူတစ်ယောက် ရောက်ရှိလာပြီး စီးပွားရေးစကားစမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြိုးစားနေတယ် ကိုအာရစ်ရာ။ ပိုက်ဆံက နည်းနည်းလောက်လိုနေသေးလို့"

"ဒါများလူလေးရာ စိတ်ညစ်စရာမှတ်လို့ မင်းလိုချင်တဲ့ ပိုက်ဆံ မြန်မြန်ပြည့်တဲ့နည်းလမ်းရှိတယ်ကွာ"

"ဟ. . . ဘာလဲဗျ ဆိုစမ်းပါဦး၊ ကျုပ်စိတ်ဝင်စားတယ်ဗျာ"

"မင်းမှာရှိတဲ့ ပိုက်ဆံကို အတိုးချစားပါလား"

"ဘယ်လိုအမြတ်ရမှာလဲ ကိုအာရစ်"

ကိုအာရစ်သည် ဆေးရွက်ကြီးအားကွမ်းသီးတစ်ခြမ်းစာလောက် ယူ၍ပါးစပ်အတွင်းသို့ ပက်ထည့်လိုက်၏။ဆေးရွက်ကြီးအား တစ်ချက်၊နှစ်ချက် ဝါးလိုက်ပြီး ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

"ဒီလိုလေ လူလေးရ၊ ငါတို့ဆိပ်ကမ်းမှာ ငွေအတိုးချေးတဲ့လူ တွေရှိတယ်။ သူတို့က အတိုးပေးတယ်။ ဥပမာကွာ။ မြားတစ်ရာကို ဆယ်ပြားရတယ်။ တစ်လကို ဆယ်ပြားပေါ့။ ငါးလဆိုပြားငါးဆယ်ကွာ။ မှင်းငါးလချေးလိုက်တာနဲ့ မင်းဖွင့်ချင်တဲ့ဆိုင်တစ်ဆိုင်ဖွင့်လို့ရပြီပေါ့။ အတိုးလည်းရတယ်။ အရင်းလည်းရတယ်ကွာ။ ဘယ်နဲ့လဲ လူလေး"

"ကောင်းတယ်ဗျာ၊ အဲဒီအစီအစဉ်ကို ကျုပ်လက်ခံတယ်။ ခင်ဗျားအာမခံနိုင်တဲ့လူခေါ်လာခဲ့ဗျာ"

"စိတ်ချလူလေး၊ ငါယုံကြည်စိတ်ချရတဲ့လူကို ခေါ်လာခဲ့မယ်။ တစ်ခုတော့ရှိတယ် လူလေး။ မင်းဆိုင်ပိုင်ရှင်ကြီးဖြစ်ရင်တော့ ငါ့ကို မမေ့နဲ့ ကွာ"

ထိုသို့ပြောအပြီးနောက် ကိုအာရစ်သည် ကျွန်ုပ်ထံ၌ရှိသည့် ငွေများအား လာရောက်ချေးယူသွားပေ၏။ ကျွန်ုပ်သည် လိုလားစွာချေး လိုက်ပေ၏။

*******



တစ်နေ့သ၌ . . . .

ကျွန်ုပ်သည် ကိုအာရစ်အား လိုက်ရှာနေရပေ၏။

ကိုအာရစ်သည် ကျွန်ုပ်ထံမှ အတိုးဖြင့် ချေးယူသွားသည့် ပိုက်ဆံများအား ပြန်ပေးရမည့်နေ့၌ ပြန်လည်၍ ပေးခြင်းမရှိသလို၊ အတိုးများလည်း လာရောက်ပေးချေခြင်းမရှိဘဲ တိမ်းရှောင်နေပေ၏။

ကျွန်ုပ်သည် နေစရာအိမ်မရှိ၍ ဆိုင်တစ်ဆိုင်ဘေး၌ ခွင့်ပြုချက် တောင်း၍နေပြီး လုပ်အားခငွေများကို အတိုးအရင်းပေးလိုက်၏။ ယခု ဆိုင်လေးဖွင့်ရန်အတွက် ပြန်တောင်းချိန်၌ ကိုအာရစ်သည် ကျွန်ုပ်အား လာရောက်အကျိုးအကြောင်း မရှင်းပြဘဲ ရှောင်တိမ်းနေပေ၏။

ကျွန်ုပ်သည် အလုပ်မလုပ်ဘဲ ကိုအာရစ်အား လိုက်ရှာနေပေ၏။

တချို့ဖောက်သည်များကို ကျွန်ုပ်အားစောင့်နေကြသလို ကျွန်ုပ်အားမေးကြ၏။ ကျွန်ုပ်ကို မတွေ့သည်နှင့် တခြားလူများအား ခိုင်းကြပေ၏။ ကျွန်ုပ်သည် အလုပ်လုပ်ဖို့ထက် ကိုအာရစ်ထံမှ ပိုက်ဆံကိုသာ လိုလားနေသည့်အတွက် လိုက်ရှာနေပေ၏။

ကျွန်ုပ်သည် ၎င်း၏နေထိုင်ရာအိမ်သို့ အကြိမ်ကြိမ် ရောက်ရှိနေသော်လည်း အိမ်သို့ ပြန်မလာကြောင်း၊ ၎င်း၏ဇနီးသည်ထံမှ ကြားရ၏။ ထိုအတွက် လွန်စွာဒေါသထွက်နေပေ၏။

"ကျုပ်ကိုလွတ်အောင်ရှောင်ပေတော့ ကိုအာရစ်ရာ"

ကျွန်ုပ်သည် ဒေါသများနှင့် ကြိမ်းဝါးလိုက်ပြီး ကိုအာရစ်ကို လိုက်ရှာနေပေ၏။ ၎င်းကိုတွေ့သောအခါ ဒေါသများသည် ထိန်းချုပ်ရ ခက်နေပြီး အသားများလည်း တဆတ်ဆတ်တုန်လျက်ရှိနေပေ၏။

ကိုအာရစ်သည် အရက်ဆိုင်၌ ထိုင်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းထိုင်နေသည့်ဆိုင်သည် ကျွန်ုပ်နှင့်သိပေ၏။ ထိုဆိုင်၏ ပစ္စည်းများအား ကျွန်ုပ်ထမ်း၍ ပို့ဖူးသည်။ ကျွန်ုပ်သည် ကိုအာရစ်ထိုင်နေသည့် နေရာသို့ ရောက်ရှိသွားပေ၏။ ကိုအာရစ်သည် အရက်သောက်နေပေ၏။

"ကိုအာရစ်"

ငှင်းသည် ကျွန်ုပ်အား တွေ့လိုက်ချိန်၌ လွန်စွာအံ့ဩသွား၏။

"လူလေး. . . ကိစ္စရှိလို့လား. . . ထိုင်လေကွာ"

"သိပ်ရှိတာပေါ့ ကိုအာရစ်၊ ခင်ဗျားကျုပ်ဆီက ချေးသွားတဲ့ ပိုက်ဆံ ဘာလို့လာမဆပ်ဘဲ ရှောင်နေတာလဲ"

"ငါဘယ်တုန်းက ချေးသွားတာလဲ လူလေးရ၊ မင်းလည်းကုန်ထမ်းတဲ့လူ၊ ငါလည်းကုန်ထမ်းတဲ့လူ အချင်းချင်းဘာလို့ချေးရမှာလဲ၊ ငါက ကိုယ်ပိုင်အိမ်နဲ့နေတာ မင်းက သူများဆိုင်ရဲ့ ဘေးမှာကပ်နေရတာပဲ။ ကြည့်လည်းပြောပါဦး လူလေးရာ"

ငှင်းစကားသည် ကျွန်ုပ်၏ဒေါသအား ဆွဲထုတ်လိုက်သလို ဖြစ်သွားပေ၏။ ကျွန်ုပ်သည် ကိုအာရစ်အား သေချာစိုက်ကြည့်လိုက်၏။

"ခင်ဗျားက ပြောင်လိမ်တာပဲ ရတယ်လေ၊ ကျုပ်ကလည်း အတင်းအကြပ် မတောင်းပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ကျုပ်ခွန်အားနဲ့ရှာထားတဲ့ ပိုက်ဆံဆိုတော့ အရှုံးတော့မခံဘူး၊ တစ်ခုခုတော့ ရအောင်ယူရမှာပဲ"

"မင်းက ငါ့ကိုစိန်ခေါ်တာလား လူလေး"

ကျွန်ုပ်သည် ကိုအာရစ်၏မျက်နှာကို သေချာကြည့်လိုက်၏။

အနီး၌ရှိသည့် ဝါးရင်းပိုင်းအား ကောက်ယူလိုက်ပြီး ထို့နောက် တအားလွှဲ၍ ရိုက်ချလိုက်ပေ၏။

"ရော့. . ."

"ဖျောင်း. . ."



ကိုအာရစ်၏ခေါင်းကို ထိမှန်သွားပေရာ သွေးများ ဖြာကျလာပေ၏။ ကိုအာရစ်သည် ထရပ်ရန် ဟန်ပြင်လိုက်၏။

"ဒါက မဟုတ်တာပြောတဲ့အတွက်"

"ဖျောင်း. . ."

"အား. . ."

ကိုအာရစ်သည် ရှေ့သို့ငိုက်ကျသွား၏။

"ဒါက ကျုပ်ရဲ့စီးပွားရေးကို ဖျက်ဆီးတဲ့အတွက်"

"ရော့. . ."

"ဖျောင်း. . ."

ကျွန်ုပ်သည် ပြောဆို၍ ကိုအာရစ်အား ရိုက်နေ၏။ ကိုအာရစ်သည် ကျွန်ုပ်အား ခုခံပြောနိုင်သည့်စွမ်းအားမရှိတော့ဘဲ မြေပေါ်၌ မှောက်လျက်လဲကျသွားပေ၏။ အနီးရှိသူများသည် ဝိုင်း၍ ကြည့်နေပေ၏။

ကိုအာရစ်သည် ပြင်းထန်သည့်ဒဏ်ရာများကြောင့် ပြန်လည်၍ ထနိုင်သည့်စွမ်းအားမရှိသလို ဦးခေါင်းတွင်လည်း သွေးများခြင်းခြင်းနီရဲလျက်ရှိနေပေ၏။ ထိုအတွက်ကြောင့် ပြန်လည်၍ ထနိုင်သည့်စွမ်းအားမရှိအောင် ဖြစ်နေပေ၏။

ထို့နောက် ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပေ၏။

"လူလေးပြေးတော့ အဲဒီလူက အလိုတော်ကြီးတွေရဲ့လူ"

ထိုသို့အော်လိုက်သည့်သူသည် ပွဲစားကြီးဦးသောင်းဖေပင်ဖြစ်၏။ ပွဲစားကြီးဦးသောင်းဖေသည် အနယ်နယ်အရပ်ရပ်လှည့်၍ ပွဲစားလုပ်နေသည့် နာမည်ကျော်ပွဲစားကြီးတစ်ဦးဖြစ်ပေ၏။ တကယ်တော့ ဦးသောင်းဖေနှင့် ကျွန်ုပ်သည် လွန်စွာ ရင်းနှီးပေ၏။ ဆိပ်ကမ်းသို့ ကုန်ကင်သမ္ဗန်ကြီး ဆိုက်ကပ်လာသည်နှင့် ဦးသောင်းဖေ၏ပစ္စည်းများကို ကျွန်ုပ်တစ်ယောက်မှလွဲ၍ မည်သူမှ ချပေးရန်မလို။

ကျွန်ုပ်ကိုသာ ယုံကြည်စိတ်ချပေ၏။ ကျွန်ုပ်သည် ဦးသောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖေစိတ်ချလောက်သည်အထိ လုပ်ကိုင်ပေးတတ်၏။ ယခုကိုအာရုစ်နှင့်ဖြစ်သည့်ကိစ္စတွင် ဦးသောင်းဖေသည် ဘယ်လိုရောက်ရှိလာသည် မသိအောင်ဖြစ်နေပေ၏။

ဦးသောင်းဖေသည် ကျွန်ုပ်၏အနောက်၌ရပ်၍ ထိုသို့ပြောလိုက်သည့်အတွက် ကျွန်ုပ်အားတက်သွားပေ၏။ သို့သော် အုံ့ဩစရာကောင်းသည့်ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပေ၏။ တခြားကိစ္စမဟုတ် ပုလိပ်များလာနေခြင်းကြောင့်ဖြစ်၏။

"လူလေး. . . ပြေးတော့၊ ဟိုမှာ ပုလိပ်စုတ်တွေ လာနေပြီ မင်းကို ဖမ်းတော့မယ်"

ပုလိပ်များသည် ဆိုင်ရှိရာသို့ ဦးတည်လာနေပေ၏။ ကျွန်ုပ်သည်လက်ထဲ၌ ကိုင်ထားသည့် ဝါးရင်းပိုင်းအား လွှတ်ချ၍ ထွက်ပြေးသွား၏။

လှုပ်လှုပ်ရှားရှားဖြစ်သွားပေ၏။ ပုလိပ်များသည် ကျွန်ုပ်၏အနောက်သို့ လိုက်လာကြပေ၏။ ၎င်းတို့သည် ကျွန်ုပ်ထက် အပြေးမြန်သည် ကျွန်ုပ်သည် လွတ်ရာလမ်းသို့ ရွေးချယ်၍ ပြေးနေပေ၏။ ထိုသို့ပြေးရင်းနှင့် လူသူကင်းမဲ့သလို ဖြစ်နေသည့်နေရာသို့ ရောက်ရှိလာပြီး ပုလိပ်များသည် ကျွန်ုပ်အနီးသို့ ရောက်ရှိလာပေ၏။

ဆက်၍သာပြေးနေလျှင် ၎င်းတို့လက်အတွင်းသို့ ရောက်သွားနိုင်ပေ၏။ ထို့အတူ ထောင်နန်းသို့ စံမြန်း၍ ရည်မှန်းချက်များ ပျောက်ဆုံးသွားနိုင်ပေ၏။ ထိုလူများလက်မှလွတ်ရန် စိတ်ကူးတစ်ခုပေါ်လာပေ၏။ လွယ်အိတ်အတွင်းမှ လောက်လေးခွနှင့် လောက်စာလုံးများအားထုတ်၍ ရုတ်တရက် ပုလိပ်တစ်ယောက်ကို ပစ်လိုက်ပေ၏။

"ဖောက်"

"အောင်မလေး. . . သေပါပြီ"

ထိုပုလိပ်သည် မြေပေါ်သို့ လဲကျသွားပေ၏။မည်သည့်နေရာကို



ထိမှန်သွားသည်ဆိုတာကျွန်ုပ်မတွေးတတ်ပေမယ့်နောက်ထပ်တစ်ယောက်အား ပစ်ရန် ကြိုးစားလိုက်ပြီး နောက်တစ်ချက်ပစ်လိုက်ပြန်၏။

"ဝုန်း"

"အား"

နောက်ထပ်ပုလိပ်တစ်ယောက် လဲကျသွားပြန်၏။ ထို့အတွက်ကြောင့် လိုက်နေသူများ ဆက်လျှက်လိုက်ရန် ခက်နေ၏။

"ဟိတ်. . . ရပ်ကြ၊ ဆက်လိုက်ရင်လည်း သေဖို့သာ ရှိတော့တယ်။ သူ့မှာ လူသေနိုင်တဲ့ ထူးဆန်းတဲ့လက်နက်တွေရှိနေတယ်"

ထို့နောက် ၎င်းတို့သည် ဆက်မလိုက်ဘဲ အားလုံးရပ်လိုက်ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် ဆက်၍သာ ပြေးနေပေတော့၏။ ထို့အတူ ကျွန်ုပ်ဘယ်ကို ရောက်သည်အထိ ပြေးရမည်ဆိုတာ တွေးမရအောင် ဖြစ်နေပေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

တစ်နေ့သ၌. . .

အမှောင်ထုများသည် လွှမ်းမိုးလျက်ရှိနေပေ၏။

ဝန်းကျင်တစ်ခုလုံး လူသူများကင်းမဲ့လျက်ရှိနေပေ၏။ ကျွန်ုပ်သည် ခြေဦးတည့်ရာသို့ပြေးနေရင်း ကိုအာရစ်နှင့်ပတ်သက်တာများကို စုံစမ်းနေမိ၏။ ကျွန်ုပ်၏လက်ချက်နှင့် ကိုအာရစ်သေဆုံးသွားပေ၏။ ပုလိပ်မင်းကြီးသည် ၎င်း၏ဘက်တော်သား သေဆုံးသည့်အတွက် ကျွန်ုပ်အားဖမ်းဆီးရန် ပုလိပ်များအား စေလွှတ်ထား၏။

ပုလိပ်များသည် ကျွန်ုပ်၏အနောက်သို့လိုက်၍ နေပေ၏။

ကျွန်ုပ်သည် ခြေဦးတည့်ရာ လျှောက်လှမ်းလာရင်းမှ အဘဘုန်း



၏နေထိုင်ရာကျောင်းနှင့် ရွာအနီးသို့ ရောက်ရှိလာပေ၏။ စိတ်ထဲ၌ အဘဘုန်းအား ဖူးတွေ့ချင်သည့်စိတ်များ လွှမ်းမိုးလာပေ၏။ ထိုအတွက်ကြောင့် အဘဘုန်းရှိရာသို့ ဦးတည်လာလျက်ရှိနေပေ၏။

ညို့မှိုင်းအုပ်ဆိုင်းလျက်ရှိသည့် အပင်ကြီးများ လွှမ်းမိုးထားသည့်အတွက် ဝန်းကျင်သည် ရောက်ရှိနေသည့်အချိန်ထက် ပို၍ပင် မှောင်လျက်ရှိနေပေ၏။ ကျောင်းဝန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ကျောင်း၌ မွေးထားသည့်ခွေးကြီးများသည် အသည်းအသန်ဟောင်၍ ထွက်လာကြပေ၏။

ထိုအချိန်၌ အပင်များပေါ်၌ရှိနေကြသည့် ကြက်တည င်များ အပြေးအလွှားပျံသန်းကုန်ကြပြီး ကျွန်ုပ်ရှိရာသို့ ဦးတည်လာလျက်ရှိ၏။

ခွေးများ၊ ကြက်တည င်များ၊ မျောက်များသည် အချိန်မတော် ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်လာသူများအား အန္တရာယ်ပြုတတ်ကြပေ၏။ ထိုသို့ အန္တရာယ်ပြုလျှင် ဘယ်လိုလူမျိုးမှ ဒဏ်ရာမရရှိဘဲ ထွက်သွားသူမရှိသလောက် ရှားပါး၏။

ထိုတိရစ္ဆာန်များသည် ကျောင်းကြီးနှင့် ကျောင်းဝန်းကျင်အား ကာကွယ်စောင့်ရှောက်နေကြသူများသာဖြစ်ပေ၏။

ယခု ကျွန်ုပ်အား အန္တရာယ်ပြုရန် ဦးတည်လာကြပေ၏။ ရှေ့ဆုံး၌ ပြေးလာသည့်ခွေးကြီးသည် ကျားမောင်ပင်ဖြစ်၏။ ၎င်းသည် အသက်ကြီးနေပေမယ့် ကျောင်း၏လုံခြုံရေးအား တာဝန်ယူလျက်ရှိနေပေ၏။

"ကျားမောင်ကြီး"

"ကျားမောင်ကြီး"

ထိုသို့ခေါ်လိုက်သည်နှင့် ခွေးကြီးကျားမောင်သည် ကျွန်ုပ်အား မှတ်မိသွားပြီး တင်းမာသည့်ဒေါသများအားရုတ်သိမ်း၍ ကျွန်ုပ်အနားသို့ ရောက်လာသည်။ ထို့နောက် အနောက်မှလိုက်ပါလျက်ရှိသည့် ခွေး

www.burmeseclassic.com

www.burmeseclassic.com

များသည်လည်း ပျော်ရွှင်မြူးတူး၍ နေပေ၏။ ကျားမောင်ကြီးသည် ကျွန်ုပ်ရှိနေချိန်မှ ယခုအချိန်ထိ အသက်ရှင်လျက်ရှိနေသည့်အတွက် လွန်စွာ အံ့သြရပေ၏။

ကျောင်း၌ရှိနေသည့် ခွေးတိရစ္ဆာန်များနှင့် မျောက်များ၊ ကြက်တညင်များသည် ကျားမောင်ကြီး၏အသံကိုသာ နားထောင်ပြီး ကျားမောင်ကြီး၏ လှုပ်ရှားမှုကိုသာ အသိအမှတ်ပြု၍ နေကြပေ၏။

ကျွန်ုပ်သည် အဘဘုန်းနေထိုင်ရာကျောင်းသို့သာ ဦးတည်လျက်ရှိနေပေ၏။ ၎င်းတို့သည် ကျွန်ုပ်၏အနောက်မှ လိုက်လာသည့်အကောင်များရှိသလို ရှေ့မှပြေးသူများလည်း ရှိနေကြ၏။ ကြက်တညင်နှင့် မျောက်များသည်လည်း လိုက်လာကြပေ၏။

"ဝှစ်. . . . ဝှစ်"

"ဟိုက်. . . အလို. . . ဘာတွေပါလိမ့်"

ရုတ်တရက် လှုပ်ရှားနေသည့်ခြေလှမ်းများ ရပ်သွား၏။ အသံလာရာသို့ လန့်ထိတ်စွာ ကြည့်နေပေမယ့် အနီး၌ရှိနေသည့် တိရစ္ဆာန်များမှာ လှုပ်ရှားမှုတစ်ခုမျှ မရှိသည့်အတွက် လွန်စွာအံ့သြရပေ၏။ အန္တရာယ်ပြုမည့်အကောင်များဖြစ်လျှင် အနီးရှိ ကျားမောင်ကြီးသည် ထိုကဲ့သို့နေမည်မဟုတ်ပေ။

ထို့ကြောင့်သတိထား၍ ကြည့်လိုက်ရာ အသံပိုင်ရှင်များသည် တခြားမဟုတ်၊ ဆင်လိပ်ပြာအနီများနှင့် လင်းနို့အနီကောင်များပင်ဖြစ်၏။ ၎င်းတို့သည် ကျွန်ုပ်၏အနီးသို့ ဦးတည်ပျံသန်းလာကြပေ၏။ထိုအချိန်တွင် ခွေးများ၊ မျောက်များ၊ ကြက်တညင်များသည် မြူးတူးပျော်ပါးကုန်ကြပေ၏။

ထူးခြားသည်မှာ လိပ်ပြာနီများနှင့် လင်းနို့နီများသည် တောင်ထန်းပင်များနှင့် ပျဉ်းမပင်များ၌သာ အနားယူနေထိုင်ကြပေ၏။ ထိုအထဲ၌ လင်းနို့အနီနှစ်ကောင်နှင့် လိပ်ပြာကြီးတစ်ကောင်သည် အဘဘုန်း



နေထိုင်ရာကျောင်းသို့ ဦးတည်ပျံသန်းနေကြပေ၏။

ထို့နောက်. . .

ကျွန်ုပ်သည် အဘဘုန်းနေထိုင်ရာကျောင်းသို့ ဦးတည်လာနေမိ၏။အဘဘုန်းသည် ဘာသာရေးအလုပ်လုပ်နေသည်ဟု ကျွန်ုပ်သိနေပေ၏။

အဘဘုန်းသည် ကျွန်ုပ်အား ကျောခိုင်း၍ ပုတီးစိပ်နေ၏။ ကျွန်ုပ်သည် မြတ်စွာဘုရားအား ဝတ်ပြုပြီးနောက် အဘဘုန်းအား ဝတ်ပြုပြီး ထိုင်နေလိုက်၏။

"လူလေးမဟုတ်လားကွယ့်"

"တင်ပါ့ဘုရား"

"အေး. . . အေး၊ ဒုက္ခနဲ့ ပြန်ရောက်လာတာမဟုတ်လားကွယ့်"

ကျွန်ုပ်ဘာစကားမှမပြောဝံ့တော့ပေ။

တကယ်လည်း ဒုက္ခနဲ့ပြန်ရောက်လာခြင်းဖြစ်၏။ ဒါကိုအဘဘုန်းသည် ဘာသာရေးအစွမ်းကြောင့် လူတစ်ယောက်အကြောင်းအား ကြိုတင်သိနေပေ၏။

အဘဘုန်းသည် ဝတ်ပြုခြင်းအား ရုတ်သိမ်းလိုက်ပြီး ကျွန်ုပ်ဘက်သို့ မျက်နှာမူလိုက်ပေ၏။

"သားတပည့်မှာ အပြစ်မရှိပါဘူး။ ဥပဒေအရတော့ အပြစ်ရှိတယ်ဆိုပြီး လိုက်နေကြတယ်။ အဲဒီလိုဖြစ်သွားတော့ လူလေးရဲ့ ရည်မှန်းချက် တစ်ဝက်ပျက်စီးခဲ့ပြီ မဟုတ်လား"

"စုဆောင်းလို့ရတာလေးတွေ တစ်ပြားမှမရှိတော့ပါဘူး အဘဘုန်း"

"အဘဘုန်းမှာလိုက်တာကို ဘာလို့မေ့ထားလိုက်တာလဲ လူလေး၊ လောဘကို အလွန်အကျွံမထားနဲ့။ လူတိုင်းဟာ ယုံလို့ရတဲ့အစားထဲမှာ မပါဘူးလို့ပြောလိုက်တာပဲ။ လူလိမ်ခံရမှာသိလို့ ကြိုတင်မှာလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ အခုတော့ ဒီလိုဖြစ်ပြီး အတိတ်ဘဝက သူ့ကိုလိမ်ခဲ့လို့ဖြစ်တာပဲလို့ သဘောထားလိုက်ပေါ့ လူလေးရာ"

အဘဘုန်းသည် ပြုံးရွှင်သည့်မျက်နှာနှင့် နားချနေသည့်အတွက် ကျွန်ုပ်ဘာပြောရမှန်းမသိအောင်ဖြစ်နေပေ၏။ တကယ်လည်း ဘာမှလုပ်လို့မရအောင် ဖြစ်နေသည်ဟု ယူဆလျက် ရှိနေပေ၏။

ကျွန်ုပ်သည် ဒေါသများအား ထိန်းချုပ်နေရပေ၏။

ထိုအချိန်တွင် လင်းနို့အနီနှစ်ကောင်နှင့် ဆင်လိပ်ပြာနီကြီးတစ်ကောင်သည် အဘဘုန်း၏အနီးသို့ ရစ်ပတ်၍ ပျံသန်းလျက်ရှိနေပေ၏။

"အခုတော့ လူလေးမှာ ချမ်းသာမယ့်လမ်းစပေါ်မလာသေးဘူး မဟုတ်လား၊ လူလေးမှာ ဘယ်လိုဗဟုသုတရလာခဲ့တယ်ဆိုတာ သိတယ်မဟုတ်လား"

"တပည့်တော်စိတ်ကို သေချာစစ်ဆေးနေပါတယ်"

"အဖြေပေါ်လာပြီလား လူလေး"

"အဲဒါကတော့ မပေါ်သေးဘူး အဘဘုန်း၊ တစ်ခုတော့ပေါ်လာပါပြီ အဘဘုန်း။ တပည့်တော် ချမ်းသာတဲ့လူတစ်ယောက်ဖြစ်မယ်လို့တော့ ယုံကြည်နေပါတယ်ဘုရား။ အလုပ်အားလုံးကိုလည်း ပြီးပြတ်အောင်လုပ်နိုင်ခဲ့ပါတယ်။ အဲဒီအတွက်လည်း ချီးကျူးခြင်းခံရပါတယ်။ ဒါပေမဲ့တစ်ခုတော့ တပည့်တော်ညံ့နေပါသေးတယ်။ အဲဒါက လူအကဲခတ်နည်းပါပဲ"

"အေး. . . အေး ကိုယ့်ရဲ့အကြောင်းကို သိတယ်ဆိုတော့ မဆိုးဘူးလို့ပြောလို့ရတယ်။ အဲဒီတော့ အဘဘုန်းရဲ့အနားမှာ ခဏနေထိုင်ဦး၊ ပြီးမှ ပြန်သွားပေါ့၊ ဘယ်နေ့ဆိုတာ အဘဘုန်းပြောမယ် ကြားလားလူလေး"

"ကြားပါတယ် အဘဘုန်း"



အဘဘုန်းသည် ခေါင်းလေးကို တဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက် ကျွန်ုပ်အား ထမင်းစားပြီး အနားယူရန်ခွင့်ပေး၏။

ကျွန်ုပ်သည် အဘဘုန်းအား ဝတ်ပြုပြီး ကျောက်သရေခန်းဘက်သို့ ထွက်လာခဲ့ပေ၏။ အချိန်သည်ညဦးနက်နေသည့်အတွက် ဝန်းကျင်သည် တိတ်ဆိတ်နေပေတော့၏။

*******

တစ်နေ့သ၌. . . . .

ကြေကွဲစိုးရိမ်နေသူတစ်ယောက်၏ အသံတစ်ခု ထွက်လာပေ၏။

"အဖေ တကယ်ပြောတာလား၊ အဖေ့ကို ဘယ်သူပြောလဲ"

မြနှင်းဆီ၏အသံပင်ဖြစ်သည်။ ဖခင်ဦးမြသာသည် ဆေးတံကြီးအား ဖွာရှိုက်လျက်ရှိနေပြီး မြနှင်းဆီအား တချက်ကြည့်လိုက်၏။

"ဟုတ်တယ် သမီး၊ ပဲတွေဝယ်ယူဖို့ကိစ္စနဲ့ အဖေ တာကျိုးဆိပ်ကမ်းမြို့လေးကို ရောက်ခဲ့တယ်၊ အဲဒီမြို့မှာ ကိုတက်ပုနဲ့တွေ့တယ်။ ကိုတက်ပုက စိတ်မကောင်းခြင်းများစွာနဲ့ ပြောပြတယ်သမီး။ လူလေးရဲ့ပိုက်ဆံတွေကို ပုလိပ်တွေရဲ့ဘက်တော်သား ကိုအာရစ်ဆိုသူက အတိုးနဲ့ချေးတယ်တဲ့၊ အဲဒါနဲ့ လူလေးက လပ်အားခနဲ့စုထားတဲ့ ပိုက်ဆံလေးကို အတိုးနဲ့ချေးလိုက်တယ်တဲ့ သမီးရယ်"

"ခြောက်လပြည့်တဲ့နေ့မှာ လူလေးက အတိုးရော အရင်းပါပြန်တောင်းပြီး ဆိုင်တစ်ဆိုင်ဖွင့်ဖို့ စီစဉ်နေတယ်တဲ့။ အဲဒီနေ့မှာ လူလေးနဲ့လည်း အတွေ့မခံဘူး၊ အကျိုးအကြောင်းလည်း မပြောတော့လိုက်ရဘူးတယ်တဲ့ကွယ်။ အာရစ်ဟာ ပုလိပ်တွေရဲ့ ဘက်တော်သားဆိုတော့ လူလေးကို အထင်သေးတယ်။ အိရက်ဆိုင်မှာတွေ့တော့ လူလေးက သူ့ဆီကယူသွားတဲ့ ပိုက်ဆံပြန်တောင်းတယ်၊ အာရစ်က ပြန်မပေးဘူးပြော

www.burmeseclassic.com



တော့ အဲဒီမှာ လူလေးက သူ့ရဲ့ရည်မှန်းချက်ကို ဖျက်ဆီးတယ်ဆိုပြီး ဒေါသထွက်ထွက်နဲ့ ရိုက်လိုက်တာ၊ အာရစ် ပွဲချင်းပြီးသေသွားတယ်ကွယ်"

"အို. . . ကျွတ် . . . ကျွတ်"

မြနှင်းဆီအံ့သြသွားပေ၏။

၄င်း၏စိတ်ထဲ၌ ဘယ်လိုဆုံးဖြတ်ရမှန်းမသိသလို လူလေး၏ အပေါ်၌ စိုးရိမ်စိတ်များဝင်လာပေ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဖခင်ဦးမြသာအား မေးရန် စိတ်ကူးမိသော်လည်း စကားမှာ မပြီးဆုံးသေးသည့်အတွက် ဆက်လက်နားထောင်လျက်ရှိနေပေ၏။

ဦးမြသာသည် ဆေးတံအား တစ်ချက်ဖွာရှိုက်လိုက်ပေ၏။ ဆေးခွက်အတွင်း၌ ရှိနေသည့်မီးများသည် နီရဲလျက်ရှိနေပေ၏။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပုလိပ်အလိုတော်ကြီးတွေက လူလေးအားဖမ်းဆီးရန် အမိန့်ထုတ်ထားတယ်ကွယ့်။ သူတို့ ဘယ်လိုပဲ အမိန့်ထုတ်ထားကြပေမယ့် လူလေးက ဘယ်ကိုရောက်ရှိနေမှန်း မသိကြပါဘူးကွယ်"

"အစ်ကိုလူလေးက အဲဒီပိုက်ဆံတွေ ဘယ်ကရတာလဲ ဖေဖေ"

"လူလေးက အလုပ်ကိုကြိုးစားတယ်၊ အဲဒီမြို့မှာရှိတဲ့လူတွေက လူလေးဆို ကြိုက်ကြတယ်။ အားကိုးကြတယ်။ လူလေးဟာ ရိုးသားတယ်။ စိတ်ချရတယ်။ ရိုးရိုးသားသားနဲ့ ပိုက်ဆံရတဲ့အလုပ်ဆို အကုန်လုပ်တယ်။ အဲဒီတော့ ကုန်သည်ပွဲစား စီးပွားရေးသမားတွေက လူလေးကို သဘောကျတယ်။ အခုလိုဖြစ်သွားတာ လူလေးမမှားဘူးလို့ ပြောကြတာပဲ"

"တကယ်တော့ အစ်ကိုလူလေးက သဘောကောင်းတယ် ဖေဖေ၊ သူ့ကိုမဟုတ်တာလုပ်ရင်တော့ ခံမှာမဟုတ်ဘူး။ ကျွန်မကိုလည်း အမြဲပြောတဲ့စကားတစ်ခွန်းရှိတယ်။ တစ်ဖက်သားကို မဟုတ်တာလုပ်ဖို့ စိတ်ကူးမရှိသလို ကိုယ့်ကို မဟုတ်တာလုပ်ရင်လည်း အလွန်ဒေါသထွက်တယ်လို့ပြောတယ် အဖေ"



"လူလေးပြောတာမှန်တယ်သမီး၊ ဒါကြောင့် လူလေးကို အဖေက အားကိုးတာပေါ့၊ လူလေးသာရှိရင် အဖေ ဒီလောက်ထိ ပင်ပန်းမှာ မဟုတ်ဘူး သမီး"

"ကျွန်မ အစ်ကိုလူလေးကို တွေ့ချင်တယ် အဖေ၊ အစ်ကိုလူလေးကို စိုးရိမ်နေတယ်"

"မစိုးရိမ်ပါနဲ့သမီး၊ လူလေးဟာ ဘာမှဖြစ်နိုင်မှာမဟုတ်ဘူး။ သူ့အနောက်ကို လိုက်နေတဲ့ပုလိပ်တွေကို လေးခွနဲ့ ပစ်သေးတယ်လို့ပြောနေကြတယ်။ အဲဒီမြို့လေးမှာ လူလေးဟာ သူ့ရဲ့ကောင်းစာရင်းဝင်သွားသေးတယ်"

ဦးမြသာ့ရဲ့စကားကြောင့် မြနှင်းဆီစိတ်ထဲ၌ သောကများစွာခံစားရသလိုဖြစ်နေပေ၏။ မြနှင်းဆီ၏မျက်နှာသည် သိသိသာသာပျက်နေပေ၏။

တကယ်တော့ မြနှင်းဆီသည် လူလေးအား အသက်လောက်ချစ်သလို မျက်စိအောက်မှ အပျောက်မခံချင်သော်လည်း တကယ်တမ်းကျတော့ ကြေကွဲမှုများသာ အဖတ်တင်နေတော့၏။

"ဘာကြောင့် သူ့ရဲ့ကောင်းစာရင်းဝင်သွားတာလဲ အဖေ"

"အာရစ်ကိုသတ်လိုက်လို့ပေါ့ သမီးရယ်။ အာရစ်ဟာ လူတွေအပေါ်မှာ အမြဲတမ်း ကလိမ်ကကျစ်ကြပြီး အနိုင်ကျင့်နေတယ်။ အဲဒီအတွက် လူတွေက မကျေနပ်တာကြာပြီ၊ ပြန်ပြီးတော့လည်း မလုပ်ရဲကြဘူး။ အခုလူလေးက အသေသတ်လိုက်တယ်ဆိုတော့ သူ့ရဲ့ကောင်းတစ်ယောက်ပဲပေါ့ကွယ်"

"ဒါတင်မကသေးဘူး။ အဲဒီဆိပ်ကမ်းပေါ်မှာရှိတဲ့ ဆိုင်အားလုံးက လူလေးကို ယုံကြည်စိတ်ချကြတယ်။ လူလေးဆိုင်ဖွင့်မယ်ဆိုရင် ကူညီပေးကြဖို့ပြောတယ်။ လူလေးက သူ့အားသူကိုးတယ် သမီးရယ်။ အဲဒီလိုဆိုတော့ သူ့ပိုက်ဆံတွေက တန်ဖိုးရှိတာပေါ့ကွယ်။ ဒါပေမဲ့ လူလေးနဲ့ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး မစိုးရိမ်ပါနဲ့သမီး၊ တစ်နေရာမှာ သူရှိချင်ရှိနေမယ်။ ဒါမှမဟုတ် အဖေတို့ဆီကို ပြန်လာနေလိမ့်မယ်"

ထိုစကားသည် မြနှင်းဆီအတွက် ကျေနပ်စရာတစ်ခုဖြစ်နေပေ၏။ ဘယ်လိုပဲဖြစ်ဖြစ် လူလေးပြန်လာမည်ဆိုသည့် သတင်းကို ကြားချင်နေသလို ပြန်လာပါစေဟုလည်း အမြဲဆုတောင်းလျက်ရှိနေ၏။

မြနှင်းဆီသည် လူလေးအား မှာလိုက်သည့်စကားရှိ၏။ ၄င်းစကားသည် တခြားမဟုတ်။

"အိမ်နောက်ဘက် မန်ကျည်းပင်ကြီးအောက်က စောင့်နေပါ့မယ်" ထိုစကားအတိုင်းပင် မြနှင်းဆီသည် အချိန်တိုင်းစောင့်နေခဲ့သလို လူလေး၏သတင်းကိုလည်း အမြဲတမ်းမျှော်လင့်စောင့်စား စုံစမ်းလျက်ရှိနေပေ၏။

ယခုတော့ မြနှင်းဆီ ကျေနပ်နေမိ၏။ မျှော်လင့်နေသည့်သူ မကြာခင်အချိန်ကာလ၌ ပြန်ရောက်လာတော့မည်ဟု ထင်မှတ်နေပေတော့၏။

*******

တစ်နေ့သ၌. . . .

ကျွန်ုပ်သည် ရွာဦးကျောင်း၏ သောက်ရေကန် ဘောင်ပေါ်၌ ထိုင်၍ စဉ်းစားနေပေ၏။

ထိုသို့စဉ်းစားသည်မှာ အကြောင်းနှစ်ခုရှိနေပေ၏။ တစ်ခုသည် စီးပွားရေးပြန်လည်လုပ်ရန်နှင့် ဒုတိယအချက်သည် မြနှင်းဆီနှင့် ပြန်လည်ဆုံတွေ့ရန်ပင်ဖြစ်၏။

တကယ်တော့ ကျွန်ုပ်သည် မြနှင်းဆီအား အသက်လောက်ချစ်၏။ လက်ထပ်ယူရန်အထိ အစီအစဉ်များ ရေးဆွဲပြီးမှ ဖျက်လိုက်ရ၏။ ထိုအတွက် လူမိုက်ကြိုက်အား မကျေမနပ်ဖြစ်ပြီး လွန်စွာဒေါသထွက်



နေမိ၏။

ကြိုက်သာ ဝင်ရောက်နှောင့်ယှက်မှုများ မပြုလုပ်လျှင် ကျွန်ုပ် ယခုကဲ့သို့ ဒုက္ခများစွာနှင့် ကြုံတွေ့ရမည်မဟုတ်ဟု ထင်ထားမိပေ၏။ ယခုတော့ မရိုးသားသူများနှင့်တွေ့၍ နာမည်ပျက်ရ၏။

ထိုသို့တွေး၍ စိတ်ထဲ၌ တစ်မျိုးဖြစ်နေချိန်၌ သစ်ရွက်များသည် ကျွန်ုပ်အနီး၌ ပျံ့ကြဲလျက်ရှိနေ၏။ ခြေသံလိုလိုကြားနေရသောကြောင့် အတွေးများစွာသည် ပြတ်တောက်သွားပေတော့၏။ ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်ုပ် လွန်စွာအံ့သြသွားပေ၏။

ခြေသံပိုင်ရှင်သည် တခြားလူမဟုတ်၊ ပျဉ်စလူပရွာ၏ သူဌေးသမီး မမကြီးပင်ဖြစ်၏။ မမကြီးသည် ကျွန်ုပ်၏အနီးသို့ တိုးကပ်ရောက်ရှိလာပေ၏။

"ရွာကိုပြန်လာတာတောင် အိမ်ဘက်ကို မလာပါလား၊ လူလေးရယ်။ ငါက မသိဘူး။ အဖေပြောမှ သိရတာ"

"မဟုတ်တာ မမကြီးရယ်။ နင့်အဖေက ဘယ်တုန်းကမေးဖူးလို့လဲ။ နင်နဲ့စကားပြောရင်တောင် ငါ့ကို ဒေါသူပုန်ထနေသေးတာ"

"အို. . လူလေးရာ၊ အဖေ့ကို အဲဒီလိုမပြောပါနဲ့ အဖေက စိတ်ရင်းကောင်းပါတယ်။ အဘခွေးတို့ကြောင့် ပြောနေတာပါဟယ်"

ထိုသို့ပြောအပြီး၌ မမကြီးသည် ကျွန်ုပ်ဘေး၌ထိုင်လိုက်၏။ ရှင်မတောင်သနပ်ခါးရနံ့သင်းသင်းလေးကြောင့် စိတ်ထဲ၌ တစ်မျိုးဖြစ်သွားပေ၏။

မမကြီးသည် ရှင်မတောင်သနပ်ခါးအား တစ်ကိုယ်လုံးလိမ်းထားသည့်အတွက် အသားလေးသည် အိစက်ညက်ညော၍ ဖြူဝင်းလျက်ရှိနေပေ၏။

"ကျေးဇူးတင်ပါတယ် မမကြီး။ တကယ်တော့ ငါ့ပျဉ်စလူပရွာကနေ ထွက်သွားတာဟာ လူချမ်းသာတစ်ယောက်ဖြစ်ချင်လို့ပဲဟာ။

www.burmeseclassic.com

www.burmeseclassic.com



လူချမ်းသာတစ်ယောက်ဖြစ်မှ ရွာကို ပြန်လာမယ်လို့ စိတ်ကူးထားခဲ့တယ်။ ငါ့ရဲ့ဆန္ဒပြည့်ခါနီးမှ အဖျက်ဆီးခံလိုက်ရတာ စိတ်အနာဆုံးပဲ။ အဲဒီအတွက်ကြောင့် ငါရွာကို ပြန်ရောက်လာရတာပဲ။ ရင်ထဲက ရည်မှန်းချက်အမှန်က ချမ်းသာတဲ့လူတစ်ယောက်ဖြစ်မှ ရွာကိုပြန်လာချင်တာ။ ဒါပေမဲ့ ငါအရမ်းဝမ်းသာပါတယ် မမကြီးရာ"

ကျွန်ုပ်သည် ထိုသို့ပြောနေရပေမယ့် ရင်ထဲမှာ ဝမ်းသာသလို ဝမ်းနည်းသလိုဖြစ်နေပေ၏။ ဘယ်လိုအရာကြောင့်ဆိုတာ အတည်ပြုဖို့ခက်နေပေ၏။ မမကြီးသည် ကျွန်ုပ်၏စကားအား နားထောင်လျက်ရှိပြီး မျက်နှာလေးသည် ငေးငိုင်၍နေပေ၏။

"ဘာကြောင့် ဝမ်းသာတာလဲ လူလေး"

"အဘဘုန်းရဲ့ ပြုံးရွှင်တဲ့မျက်နှာကို တွေ့ရလို့ပဲ မမကြီး"

"ဟင်. . . ဘယ်လို"

မမကြီးသည် အံ့သြစွာနှင့် ကြည့်လိုက်ပေ၏။

တကယ်တော့. . . .

မမကြီးမျှော်လင့်ထားသည်မှာ ထိုစကားမဟုတ်ပေ။ မမကြီးအားတွေ့ရသည့်အတွက် ပျော်ရွှင်ကျေနပ်ဝမ်းသာသည်ဟုပင်. . .

ယခုနားထဲ၌ ကြားလိုက်ရသည်မှာ ထိုစကားမဟုတ်။ ကျွန်ုပ်စကားသည် လွန်စွာမှန်ကန်နေပေ၏။ အဘဘုန်းသည် မိဘဆွေမျိုးများမရှိတော့သည့်နောက်ပိုင်း၌ အစစအရာရာ တာဝန်ယူလာခဲ့ပေ၏။

ကျွန်ုပ်၏ဘဝမှာ အဘဘုန်းသည် အဓိက၊ အဘဘုန်းမရှိတော့မှ နောက်ထပ်တစ်ယောက်အား စိတ်ကူးရန်ပင်ဖြစ်၏။

"ဟုတ်တယ် မမကြီး၊ ငါ့ဘဝဟာ အဘဘုန်းသာ အဓိကဖြစ်တယ်။ ငါအခုရွာကိုပြန်ရောက်လာတာ အဘဘုန်းက ဘာပြောတယ်ထင်လဲ မမကြီး"

"ငါဘယ်သိပါ့မလဲ လူလေးရယ်"



"လူလေးရဲ့လုပ်ရပ်က မမှားပါဘူးတဲ့၊ ဘဝတစ်ခုပြောင်းလဲခါနီးချိန်မှာ ဒီလိုပဲ ကြုံတတ်ပါတယ်တဲ့။ အဲဒီအတွက် ဘယ်လိုမှ ဝမ်းနည်းစရာမလိုပါဘူးတဲ့။ ဝမ်းသာလိုက်ပါလို့ပြောတယ်။ ဒီစကားကိုကြားရတော့ အရမ်းကို ဝမ်းသာမိတယ် မမကြီး။ ငါ့ဘဝရဲ့မီးအိမ်ရှင်ဟာ အဘဘုန်းသာဖြစ်တယ်။ နောက်ပြီး တစ်ခုပြောသေးတယ် မမကြီး။ လူ့လောကမှာ ဒီလိုကိစ္စမျိုးဟာ အဆန်းမဟုတ်ဘူးတဲ့။ ဖြစ်လေ့ဖြစ်ထရှိတဲ့ လောကနိယာမပဲတဲ့။ အဘဘုန်းက ငါ့အတွက် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ နင်သိလားမမကြီး။ အမှောင်ထဲရောက်နေသူကို မီးထွန်းပေးလိုက်သလိုပေါ့။ ငါ့ကိုအားပေးတယ်။ လမ်းပြတယ်။ ငါ့ရဲ့ကုန်ခမ်းနေတဲ့အားအင်တွေ ပြန်လည်ပြည့်လာသလိုပဲဟာ"

"အေးဟာ နင့်စကားကြားရတာ ငါတောင် အဘဘုန်းကို ကြည်ညိုလာတယ်။ အဘဘုန်းကိုတွေ့ပြီး ကန်တော့ချင်စိတ်တွေတောင် ပေါ်လာတယ်။ ဒါပေမဲ့ အဘဘုန်းက မိန်းကလေးဆို အကြောင်းကိစ္စမရှိဘဲ အတွေ့မခံတော့ဘူးဆိုတော့ ခက်နေတယ်"

"စိတ်ထဲက ကြည်ညိုလည်းရပါတယ် မမကြီးရာ။ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားကိုတောင် စိတ်နဲ့မှန်းပြီး ကန်တော့နေကြတာပဲ။ တစ်ခုတော့ရှိတယ်။ စိတ်ကယုံကြည်နေဖို့တော့လိုတယ်"

"ငါသဘောပေါက်ပြီဟာ။ ဒါနဲ့နင်ဘယ်တော့ ရွာကိုကျောခိုင်းဦးမလဲ"

မမကြီးသည် ထိုမေးခွန်းကို မေးသော်လည်း လွန်စွာ ဝမ်းနည်းနေ၏။ ကျွန်ုပ်လည်း ဝမ်းနည်းစွာဖြင့် မမကြီးအား ကြည့်လိုက်ပေ၏။

"ဘယ်နေ့ဆိုတာ ငါမသိသေးဘူး မမကြီး အဘဘုန်းပေါ်မှာ မူတည်ပါတယ်။ အဲဒီနေ့ကျရင် ငါနင့်ကို နှုတ်မဆက်တော့ဘူးနော်။ မမကြီးအနေနဲ့ နှုတ်ဆက်တယ်လို့ပဲ သဘောထားလိုက်ပါဟာ"

"ငါနားလည်ပါတယ် လူလေးရာ။ ဘယ်လိုပဲဖြစ်ဖြစ် ငါနင့်အ

www.burmeseclassic.com



ပေါ် အမြွှောင့်လွှတ်ပြီး နားလည်ပေးနေမှာပါ။ အဲဒါ နင်ဆီက ဘာမျှော်လင့်ချက်မှ မလိုချင်လို့ပဲ။ ဒါပေမဲ့ တစ်ခုတော့ပြောမယ်ဟာ။ ငါ့နှလုံးသားရဲ့ ဆန္ဒတစ်ခုပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် နင်အိမ်ထောင်မပြုသေးသမျှ ငါက အရင်အိမ်ထောင်မပြုဘူးဆိုတာပဲ"

"ဘယ်လို. . . မမကြီး"

မမကြီးရဲ့မျက်နှာသည် ညှိုးငယ်စွာဖြင့် ခေါင်းငုံ့လိုက်၏။

ထိုစကားသည် ကျွန်ုပ်အတွက် ထူးဆန်းနေသောကြောင့် မမကြီးအားကြည့်လိုက်မိ၏။ နှလုံးသားများသည် အရောင်ပြောင်းလာသလို မမကြီးအား နှလုံးသားနှင့် ပတ်သက်၍ တစ်ခုခုလုပ်လိုက်ချင်၏။ သို့သော်အသိစိတ်များက ပြတ်သားစွာ တားမြစ်လျက်ရှိနေပေ၏။

မြနှင်းဆီသည် နှလုံးသား၌ရှိနေသည့်အတွက်ကြောင့် စိတ်ကို အပင်ပန်းခံ၍ တားနေရ၏။ မြနှင်းဆီသာမရှိခဲ့လျှင် တစ်ခုခုလုပ်မိမှာ အမှန်ဖြစ်၏။ မမကြီးအား တစ်ခုခုပြောလိုက်ချင်စိတ်များ ပေါ်ထွက်လာပေ၏။

သို့သော် ပြောမထွက်ရန် ထိန်းချုပ်ထားရပေတော့၏။

*******



## အခန်း ( ၁၂ )

တစ်နေ့သ၌. . . . .

အဘဘုန်း၏ခွင့်ပြုချက်ဖြင့် ကျွန်ုပ်သည် ပျဉ်စလူပရွာအား ကျောခိုင်း၍ထွက်လာပေ၏။

ထိုနေ့သည် ကျွန်ုပ်အတွက်လွန်စွာ ဝမ်းနည်းစရာကောင်း၏။ ပထမအကြိမ် ကျောခိုင်းထွက်ခဲ့တုန်းက ထိုကဲ့သို့ ဝမ်းနည်းရမှန်း မသိခဲ့အောင်ဖြစ်နေပေမယ့် ယခု ဒုတိယအကြိမ် ကျောခိုင်းအချိန်၌ ဝမ်းနည်းခြင်းဖြစ်နေ၏။

ကျွန်ုပ်သည် ကျောင်းအား ကျောခိုင်း၍ ထွက်ခွာချိန်၌ ကျား မောင်ကြီးနှင့် တခြားခွေးများ၊ ကြက်တညင်များ၊ မျောက်များ၊ လင်းနို့နီများနှင့် ဆင်လိပ်ပြာနီကြီးများသည် ကျောင်းဝန်းခြံစည်းရိုးအစပ်ထိ လိုက်ပို့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌တစ်မျိုးဖြစ်သွားပေ၏။

ကျီးဥသည် ကျောက်ခဲတစ်လုံးကဲ့သို့ မာလျက်ရှိနေပေ၏။ ကျီးဥအား သေချာကြည့်လိုက်ပေ၏။ အရောင်သည် မီးခိုးရောင် အောက်ခံအပေါ်၌ ဝလုံးအကွက်လေးများ ထွက်ပေါ်လျက်ရှိနေပေ၏။

ကျီးဥအား စိတ်ကြိုက်ညှစ်ကြည့်လိုက်သော်လည်း မည်သို့မျှ လှုပ်ရှားမှုမရှိဘဲ တင်းမာလျက်ရှိနေပေရာ ကျွန်ုပ်ပျော်ရွှင်သွားပေ၏။

ငှင်းဥသည် သာမန်ကျီးဥမဟုတ်၊ ကျီးအတေဥဖြစ်နေပေ၏။ ကျီးအတေဥသည် လွန်စွာတန်ဖိုးရှိသည့်အတွက် ရှောင်းလျှင်တန်ဖိုးရှိ၏။ တချို့သည် ကျီးအတေဥအား အဖိုးများများပေး၍ ဝယ်ယူကြ၏။ ဒါကို ကျွန်ုပ်မသိသလို မတွေးမိအောင် ဖြစ်နေပေ၏။

မည်သို့ပင်ဖြစ်စေကာမူ အဘဘုန်း၏စကားအား ကျွန်ုပ်ကြားယောင်နေမိ၏။

"ဒီတစ်ခေါက် လူလေးအတွက် ထူးခြားမှုများစွာရှိတယ်။ ရည်မှန်းချက်တွေပြည့်မယ်။အောင်မြင်မှုတွေရှိမယ်။ အခက်အခဲတွေများစွာကြုံတွေ့မယ်။ ရန်သူနဲ့လည်း ကြုံတွေ့မယ်။ ရန်သူတွေကို လက်လွှန်မလုပ်မိဖို့ ကြိုးစားပါ။ အဲဒါဆို လူလေးဖြစ်ချင်တာတွေအားလုံးဖြစ်မယ်။ အဲဒီလိုမှ မဟုတ်ရင် အခုလိုပဲ ဒုက္ခနဲ့ပြန်ရောက်လာရလိမ့်မယ်"

ကျွန်ုပ်တွေးနေမိပေ၏။

အဘဘုန်းပြောသည့်ထူးခြားမှုသည် ထိုအရာအား ခေါ်သလားဟုတွေးမိ၍ ကျီးအတေဥအား သေချာကြည့်မိပေ၏။ ကျီးအတေဥလေးသည် ကျွန်ုပ်၏လက်ပေါ်၌ တိတ်ဆိတ်ငြိမ်သက်စွာရှိနေပေ၏။ ကျွန်ုပ်သည် အဘဘုန်းအား ကတိတစ်ခုပေးခဲ့ဖူးရာ အဘဘုန်းသည် ခေါင်းလေးအား တဆတ်ဆတ်ညိတ်၍ ပြောလာ၏။

"ကြီးမားတဲ့ဒုက္ခပေါ့ လူလေးရာ။ လူလေးကို အန္တရာယ်ပြုမယ့်



သူဟာလည်း လူလေးတွေ့ချင်တဲ့လူတစ်ယောက်ပဲ။ အဲဒီလူကို လက်လွန်အောင် မလုပ်ပါနဲ့ အောင်မြင်ခြင်းနဲ့ အနိုင်ယူလိုက်ပါ လူလေးရာ။ ဘယ်လိုပဲဖြစ်ဖြစ် အဘဘုန်းရဲ့ စကားကိုတော့ မမေ့ဝယ်မကျ နားထောင်ပါ လူလေးရာ"

ထိုစကားသည် အဓိကဖြစ်၏။

"တပည့်တော် အဘဘုန်းရဲ့စကားကို အသက်နဲ့ခန္ဓာ တည်မြဲနေသမျှ နားထောင်ပါမယ်ဘုရား"

ထိုသို့ပြောလိုက်ချိန်၌ မျက်ဝန်းထဲမှ မျက်ရည်များ အတားအဆီးမဲ့စွာ ယိုစီးထွက်ကျ၍ လာပေတော့၏။ ကျွန်ုပ်သည် ငှင်းနေရာမှ ကျောခိုင်း၍ ဆက်လက်ထွက်ခွာလာခဲ့ပေတော့၏။ ကောင်းကင်ယံ၌ရှိသည့် နေမင်းကြီး၏ အပူရှိန်များမှာ ပို၍ပင် ပြင်းထန်လျက်ရှိနေပေတော့၏။ ကျွန်ုပ်သည် ဖွဲကောင်းကောင်းနှင့် ခရီးဆက်ခဲ့ပေတော့၏။

*******

ထိုသို့ခရီးဆက်ရာ၌ တောအထပ်ထပ်ကိုဖြတ်၍ တောင်အသွယ်သွယ်ကျော်ခဲ့ပေ၏။ လမ်းခရီး၌ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများစွာနှင့် ကြုံတွေ့နေရသော်လည်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်သောကြောင့် အောင်မြင်မှုများ ရရှိနေပေ၏။

ယခု ကျွန်ုပ်သွားနေသည်မှာ မြို့ကြီးတစ်မြို့သို့ ဖြစ်နေပေ၏။

ထိုမြို့အား ဘယ်လောက်အတိုင်းအတာထိ လျှောက်လှမ်းရဦးမည်ဆိုတာ မတွေးနိုင်အောင် ဖြစ်နေပေ၏။

ကျွန်ုပ်သည် လမ်းလျှောက်ရင်းနှင့် ခရီးဆက်ခဲ့ရာ တောတစ်ခုအား ကျော်၍ တောင်တစ်ခုသို့ရောက်ရှိလာပေ၏။ နားနေခြင်းမရှိဘဲ လမ်းလျှောက်လာသည့်အတွက် ဗိုက်ထဲ၌ ဟာတာတာဖြစ်နေ၏။ ရေသောက်

www.burmeseclassic.com

www.burmeseclassic.com



ရန်စိတ်ကူးနှင့် ရေအားလိုက်ရှာလျက်ရှိရာ အသံတစ်ခုကြားရပေ၏။ ထိုအသံသည် ရေကျသည့်အသံသာဖြစ်နေပေ၏။

"ဟာ. . ဟိုမှာ တောင်ပေါ်က ရေတွေကျနေတယ် အတော်ပဲ"

တောင်ပေါ်၌ရှိသည့်ရေများသည် အောင်အောက်သို့ကျလျက်ရှိနေပေ၏။ ၄င်းနေရာသို့ ဦးတည်လာခဲ့ပေ၏။ လွန်စွာအံ့ဩရသည့်ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရ၏။ တောင်၏ဘေး၌ ကျောက်သွေးများ ကျနေသည်ကို တွေ့လိုက်ရပေ၏။ ကျောက်သွေးများအား ယူချင်စိတ်များပေါ်လာပေ၏။ တခြားကြောင့်မဟုတ် အဘဘုန်းအတွက်ပင်ဖြစ်၏။

ထို့နောက် ရေသောက်ချင်စိတ်များပေါ်ပေါက်လာပြန်၏။ ရေအဝသောက်အပြီး၌ ကျောက်သွေးများရှိရာသို့ ရောက်ရှိသွား၏။ ကျွန်ုပ်သည် ကျောက်သွေးအားယူ၍ စားလိုက်ပြီးနောက် အခဲလိုက် ဖြစ်နေသည့် ကျောက်သွေးများအားယူ၍ လွယ်အိတ်အတွင်းသို့ ထည့်လိုက်သည်။ ကျွန်ုပ်နောက်ထပ်ယူနေချိန်၌ လွန်စွာအံ့ဩစရာ ကောင်းသည့်အသံများထွက်လာသလို ကြောက်စရာကောင်းသည့် အကောင်ကြီးတစ်ကောင်သည်လည်း ကျွန်ုပ်ထံသို့ ဦးတည်လာနေပေ၏။

အနီးရှိ မျောက်လေးများ အဝေးသို့ထွက်ပြေးသွားကြပြီး လူဝံအမည်းကြီးသည် ကျွန်ုပ်ထံသို့ ဦးတည်လာနေပေ၏။

"ဟာ. . . လူဝံကြီးပါလား၊ ငါပြေးမှဖြစ်မယ်"

ကျွန်ုပ်သည် စမ်းချောင်းလေးအား ဖြတ်ကျော်၍ ပြေးနေပေ၏။

"ရူး. . . ရူး"

လူဝံကြီးသည် လိုက်လာပေ၏။

ကျွန်ုပ်သည် လူဝံကြီးအား ရင်ဆိုင်တိုက်ခိုက်၍ နိုင်မည်မဟုတ်သလို ပြေးမလွတ်နိုင်လျှင်လည်း အသက်သေခံ၍ တိုက်ခိုက်ရမည်မှာ သေချာသောကြောင့် လွယ်အိတ်အတွင်း၌ရှိသည့် ကျွဲချိုလေးခွနှင့် တိုက်ခိုက်ရမည်ဖြစ်၏။



ကျွန်ုပ်သည် ပြေးနေသော်လည်း မလွတ်နိုင်ပေ။

"ဟင်. . ."

"ဟာ. . ."

လူဝံကြီးသည် ကျွန်ုပ်၏ကျောကို အနောက်မှ ကုတ်လိုက်သောကြောင့် ကိုယ်တစ်ပတ်လည်သွား၏။ ကျွန်ုပ်သည်လောက်လေးခွနှင့် ပစ်လိုက်၏။

"ဝှစ်"

"ဝူး"

ကျွန်ုပ်ပစ်လိုက်သည့်လောက်စာလုံးသည် လူဝံကြီး၏ ဦးခေါင်းအား ထိမှန်သွားပေ၏။ လူဝံကြီး၏ခေါင်းသည် ခါယမ်းသွားပေ၏။ ထိုအတွက်ကြောင့် ကျွန်ုပ်လွန်စွာ ကံကောင်းသွားပေ၏။ ကျွန်ုပ်ထွက်ပြေးရန် ကြိုးစားချိန်၌ လူဝံကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာပေ၏။ ကျွန်ုပ်သည် ကုန်းပေါ်ရောက်ရှိနေသည့်အတွက် လူဝံကြီးအား ရင်ဆိုင်နိုင်စွမ်းရှိနေပေ၏။

ကျွန်ုပ်သည် နောက်ထပ်လောက်စာလုံးများ နှိုက်ယူရန်ကြိုးစားနေချိန်၌ လူဝံကြီးသည် ကျွန်ုပ်အား တိုက်ခိုက်လျက်ရှိ၏။ ရှည်လျားသည့်လက်သည်းများနှင့် ကျွန်ုပ်အား ကုတ်နေသည့်အတွက် တစ်ကိုယ်လုံးသွေးများ ခြင်းခြင်းနီလျက်ရှိ၏။

ထိုသို့သာ တိုက်ခိုက်လျှင် ကျွန်ုပ်၏အသက်သေနိုင်ပေ၏။ လူဝံကြီးသည် ကျွန်ုပ်အား ကုတ်ထား၏။

ကျွန်ုပ်သည် ရှိသမျှအင်အားများကို တင်းထား၍ ကျွဲချိုလေးခွအချွန်နှင့် မျက်လုံးအား ထိုးဖောက်လိုက်၏။

"ရော့"

"ကျွဲချိုအချွန်သည် လူဝံကြီး၏မျက်လုံးအတွင်းသို့ ထိုးစိုက်ဝင်သွားပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝူး"

လူဝံကြီးသည် ကျွန်ုပ်အား လွှတ်လိုက်ပြီး မျက်လုံးအား လက်နှင့်ပိတ်ထားလိုက်၏။ နီရဲသည့်သွေးများသည်လည်း ထွက်ကျလာပေတော့၏။

ကျွန်ုပ်သည် လေးခွနှင့် လူဝံကြီးအား ဆက်တိုက်ပစ်နေ၏။ ကျွန်ုပ်သည် လူဝံကြီး၏ဦးခေါင်းနှင့် မျက်နှာများအား ပစ်နေပေ၏။ မျက်နှာ၊ ပါးစပ်နှင့် နှာခေါင်းကို ထိမှန်သည့်အတွက် လူဝံကြီးသည် မြေပေါ်သို့ လဲကျသွားပေ၏။ ထိုသို့ဖြစ်နေပေမယ့် ထွက်နေသည့် ဒေါသသည် ထိန်းချုပ်မရအောင်ဖြစ်နေ၏။

ထို့ကြောင့် ကျွန်ုပ်သည် လေးခွအားချိန်၍ လူဝံကြီး၏ နှာခေါင်းအား ပစ်လိုက်ပေတော့၏။

"ဖောက်"

"ဝူး. . . ဝူး"

"ဝူး. . . ဝူး"

လူဝံကြီးသည် ရုတ်တရက်ထ၍ပြေးနေရာ အနီးရှိ အပင်များသည် ၎င်းကိုယ်လုံးနှင့် တိုက်၍ လဲကျကုန်ပေ၏။ ပြေးရင်းနှင့် လူဝံကြီးသည် ကြီးမားသည့် ကျွန်းပင်ကြီးနှင့် တိုက်မိ၍ လဲကျသွားပေတော့၏။

ကျွန်ုပ်သည်လည်း လူဝံကြီး၏အနီးသို့အရောက်တွင် လဲကျသွားပေတော့၏။

*******

"လူလေး"

"လူလေး"

ရုတ်တရက် ခေါ်သံကြားလိုက်ရသည့်အတွက် မှိတ်ထားသည့်



မျက်လုံးအား ဖွင့်ကြည့်လိုက်မိ၏။ အသက်ငါးဆယ်ကျော် ယောကျ်ားကြီးတစ်ယောက်အား တွေ့လိုက်ရပေ၏။ ၎င်း၏ကျော၌ လေးမြားလွယ်ထားသည်ကို တွေ့လိုက်ရ၏။

ကျွန်ုပ်သည် ဘယ်နှစ်ရက်ထိ သတိလစ်သွားသည်မသိ။

ကျွန်ုပ်သိလိုက်သည်မှာ တဲအိမ်ကြီးတစ်လုံးအပေါ်သို့ ရောက်နေခြင်းဖြစ်ပေ၏။ တဲအိမ်ကြီးသည် ရွာအတွင်း၌ရှိနေခြင်းမဟုတ်မှန်း သိလိုက်ရပေ၏။ ကျွန်ုပ်၏ဘေး၌ အသက်ငါးဆယ်ကျော်လူကြီးတစ်ယောက်ထိုင်လျက်ရှိနေပေ၏။ ၎င်း၏မျက်နှာသည် တည်နေသည်ဟုထင်နေရပေမယ့် ပြုံးရောင်သန်းလျက်ရှိနေပေ၏။

ကျွန်ုပ်သည် ထထိုင်လိုက်ပေရာ ကိုယ်ပေါ်၌ ဒဏ်ရာများ ရရှိထားပေသောကြောင့် နာကျင်လျက်ရှိနေပေ၏။ ကျွန်ုပ်၏ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသည်မှာ ကျွန်ုပ်၏အဝတ်အစားများ မဟုတ်ကြောင်းသိလိုက်ရပေ၏။

"ကျုပ်အခုရောက်နေတာ ဘယ်နေရာလဲဗျာ"

လူကြီးသည် ဆေးတံကို ဖွာရှိုက်လိုက်၏။

"လူလေး အခုရောက်နေတာ တိမ်ရိုင်းတောစခန်းပဲကွယ်"

"တိမ်ရိုင်းတောစခန်းဟုတ်လား"

"ဟုတ်တယ်လူလေး၊ ဒီနေရာဟာ တိမ်ရိုင်းနယ်မြေလို့လည်း ခေါ်တယ်၊ လူဝံကြီး တိမ်ရိုင်းကို အစွဲပြုပြီး ခေါ်တာပေါ့ကွယ်။ ရွာတို့၊ မြို့တို့နဲ့ အလှမ်းဝေးတယ်"

"ကျုပ်ဒီနေရာကို ဘာလို့ရောက်လာတာလဲ"

"လူလေးကို အေးအေးဆေးဆေးမှ ရှင်းပြတာပေါ့။ လေးလေးလာဆယ်တော့ ဒီဆေးမြစ်ပြုတ်လေးသောက်လိုက်ဦးပေါ့ကွယ်။ အားလည်းရှိသွားအောင်လို့"

၎င်းသည် ကျွန်ုပ်အား ဆေးမြစ်များ ပြုတ်ထားသည့် ပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



လေးအား ကမ်းပေး၏။ ကျွန်ုပ်သည် ယုံကြည်စွာ ဆော်ကန်နေပေ၏။

တကယ်တော့ ၄င်းသည် လူမျိုးကွဲတစ်ယောက်ဖြစ်ပြီး စကားပြောသည်မှာ လွန်စွာ ပွင့်လင်းပြတ်သားလျက် ရှိပေ၏။ ကျွန်ုပ်ဆေးသောက်နေချိန်၌ ၄င်းသည် ကျွန်ုပ်အား ပြောနေပေ၏။

"တကယ်တော့ လူလေးဟာ ပန်းတင်တောင်ခြေမှာ သတိလစ်လဲကျနေပြီး လူနဲ့လေးရဲ့အနားမှာ လူဝံကြီး တိမ်ရှိုင်းလည်း လဲကျနေတယ်။ အဲဒီအချိန်မှာ လူဝံကြီးလက်ချက်ကြောင့် လူလေးသေဆုံးသွားပြီလို့ ထင်နေတာ။ တကယ်တော့ စမ်းသပ်ကြည့်တော့ လူလေးဟာ သေနေတာမဟုတ်ဘူး။ ဒဏ်ရာရတာရယ်၊ သွေးထွက်လွန်နေတာရယ်၊ ပင်ပန်းတာရယ် ပေါင်းစပ်မိသွားတာကြောင့် အခုလို သတိလစ်သွားတာပါပဲကွယ်"

ဘာပဲဖြစ်ဖြစ် ကျုပ်တို့နယ်မှာတော့ လူလေးဟာ သူရဲကောင်းတစ်ယောက်ဖြစ်သွားပြီပေါ့ကွယ်။ အဲဒီအတွက် ကျုပ်အပါအဝင် တခြားမုဆိုးတော်ကြီးများက လူလေးကို ချီးကျူးကြတယ်။ မကြာခင် သူတို့ရောက်လာကြပါတော့မယ်"

မုဆိုးကြီးအား နားမလည်စွာ ကြည့်လိုက်ပေ၏။

ကျွန်ုပ်အား ဘာသဘောနှင့် ချီးကျူးကြတာလဲ။ ကျွန်ုပ်သည် ၄င်းတို့ ချီးကျူးစရာ ဘာတစ်ခုမှ လုပ်ထားခြင်းမရှိသည့်အတွက်ကြောင့် ချီးကျူးတယ်ဆိုတာကို စဉ်းစားရခက်နေပေတော့၏။

"ကျုပ်တစ်ခုလောက်မေးပါရစေ"

"ဘာများလဲ မေးပါ လူလေး။ ဒါပေမဲ့လူလေးရဲ့နာမည်ဘယ်လိုခေါ်လဲ"

"ကျုပ်နာမည်က လူလေးပါ"

"ဘာ. . . ဘယ်လို"

ဦးစောကာဟူးသည် ကျွန်ုပ်အား နားမလည်နိုင်စွာနှင့် ကြည့်လိုက်ပေ၏။ ကိုက်ခဲထားသည့် ဆေးတံလွတ်ကျတော့မလိုဖြစ်သွားပေ၏။



တကယ်တော့ လူလေးဆိုသည့် နာမည်သည် အဘဘုန်းကိုယ်တိုင်ပေးထားသည့်နာမည်ပင်ဖြစ်ပေ၏။

လူလေးဆိုသည့်နာမည်သည် လူကြီးများအတွက် ကရုဏာဖြစ်သလို ဖြစ်ပြီး လူငယ်များအတွက် ရင်းနှီးစရာကောင်း၏။ ထို့အတွက် ဆရာတော်သည် အရာအားလုံးအားလွှမ်းမိုးစေသည့်သဘောနှင့် ထိုနာမည်အား ပေးထားခြင်းပင်ဖြစ်၏။

ထိုသို့ရှင်းပြလိုက်သည့်အတွက် ဦးစောကာဟူး သဘောပေါက်သွား၏။ ခေါင်းအား တဆတ်ဆတ်ညိတ်၍ သဘောကျနေ၏။

"ကျုပ်ကို ဘာလို့ချီးကျူးကြမှာလဲ"

"လူလေးသိချင်တော့လည်း ပြောရတာပေါ့ကွယ်။ ဒီလိုလူလေး ဒီတိမ်ရှိုင်းနယ်တစ်ဝိုက်နဲ့ ပန်းတင်တောင်၊ ကျောက်သွေးတောင်နှင့် နဘဲပြာတောင်တစ်ဝိုက်မှာ တိမ်ရှိုင်းဆိုတဲ့လူဝံကြီးက လွှမ်းမိုးထားပြီး သူနဲ့တွေ့တဲ့လူတိုင်းဟာ အသက်ရှင်သွားတယ်ဆိုတာ မကြားခဲ့ဘူးတာအမှန်ပဲ။ သူ့ကို လိုက်ရှာတော့လည်း မတွေ့ရဘူး။ ကျုပ်တို့ဟာ တိမ်ရှိုင်းကြီးကိုပဲ ကြောက်နေရတယ်။ တောထဲကိုလည်း တစ်ယောက်တည်း မဝင်ရဲကြဘူး"

"တစ်နေ့မှာ လူဝံကြီးတိမ်ရှိုင်းနဲ့လူလေးတို့ ပန်းတင်တောင်မှာ တိုက်ခိုက်နေကြတာတွေ့ရတော့ အလွန်အံ့သြမိတယ်ကွာ။ ကျုပ်တို့ကလည်း လူလေးသေပြီလို့ပဲ တွက်ထားတာ။ အဲဒီမှာ လူလေးက လူဝံကြီးတိမ်ရှိုင်ကို အသက်အသေခံပြီး တိုက်ခိုက်နေတယ်။ လူလေးရဲ့ ရဲစွမ်းသတ္တိကြောင့် တိမ်ရှိုင်းကြီး အသက်သေဆုံးသွားတဲ့အတွက် ဝမ်းသာလွန်းလို့ ချီးကျူးပြီး ဂုဏ်ပြုချင်တာပါ။ ဒါတင်မကသေးဘူး။ ထူးကဲတဲ့ပြောင်းလဲမှုတစ်ခုကိုပါလုပ်ဖို့ စီစဉ်ထားကြသေးတယ်။ မုဆိုးလောကမှာ လူလေးရဲ့ နာမည်ဟာအလွန်ကြီးနေတယ်ကွယ့်"

မှန်ပေ၏။

www.burmeseclassic.com



လူဝံကြီးတိမ်ရိုင်းသည် လွန်စွာဆိုးသွမ်းသည့် လူဝံကြီးတစ်ကောင်ဖြစ်ပေ၏။

၎င်း၏ရှေ့၌ တွေ့မြင်ရသူများကို မည်သည့်အကောင်ကိုမဆို အသေသတ်လိုက်၏။ မျောက်များ၊ ကျားများ၊ တောဝက်များ၊ လူသားများအားလုံးသည် တိမ်ရိုင်းကြီး၏လက်ချက်နှင့် အသက်သေကြရပေ၏။ ၎င်းဆိုးသွမ်းမှုအများဆုံးနေရာသည် ပန်းတင်တောင်ကြီးပင်ဖြစ်၏။

ပန်းတင်တောင်သည် လွန်စွာကြီးမားသည့်တောင်ကြီးတစ်လုံးဖြစ်ပြီး ချုံတောများ ထူထပ်သလို ဂူများလည်း လွန်စွာပေါများပေ၏။ စားစရာများလည်း ပေါများပေ၏။

မှတ်ချက်။ ‘ ။ပန်းတင်တောင်နှင့် နဘဲပြာတောင်၏ အကြောင်းအပြည့်အစုံသည် ကျွန်ုပ်ရေးသားသည့် စုံနံ့သာမင်းမောင်နှင့် မိကျောင်းအိုင်ဝတ္ထု၌ ရေးသားဖော်ပြထားပါ၏။

ပန်းတင်တောင်သည် ကျောက်ဆွေးများရှိသလို တောင်၏အလယ်ပဟိုမှရေများ ထွက်ကျလျက်ရှိနေသည့်အတွက်ကြောင့် တောင်ကြီး၏အနီးဝန်းကျင်၌ စမ်းချောင်းသည် ရေများရှိနေပေ၏။

ယခုလူဝံကြီးတိမ်ရိုင်းနှင့် တွေ့ဆုံရသည်မှာ ရေသောက်ပြီး ကျောက်ဆွေးများအား အဘဘုန်းအတွက် သွားရောက်ယူသည့် အချိန်၌ တွေ့ဆုံခြင်းပင်ဖြစ်၏။ အားလုံး ကြောက်ရွံ့နေကြသည့် လူဝံကြီးအား အနိုင်ရသည့်အတွက် လွန်စွာ ဝမ်းသာမိပါ၏။

ကျွန်ုပ်တို့ စကားပြောနေချိန်၌ အပြင်မှ လေချွန်သံများကို ကြားလိုက်သည့်အတွက် နားစွင့်၍ထောင်လိုက်ပေ၏။

“မစိုးရိမ်ပါနဲ့ လူလေး၊ ကျုပ်ပြောတဲ့ လူတွေလာနေကြတာကွယ့်”

မည်သို့ပင်ဆိုစေ ကျွန်ုပ်သည် ဘေး၌ရှိနေသည့် လွယ်အိတ်အား လွယ်လိုက်ပေ၏။

“မှတ်ထား လူလေး၊ ဝီရိယဆိုတာ လိုတယ်မရှိပါဘူးကွယ်၊ ထိုအတွက် ဘာကိုမှ လွယ်လွယ်နဲ့မယုံမိစေနဲ့။ လောကမှာ လွယ်တယ်ဆိုတာတွေဟာ အခက်အခဲဆုံး အရာတွေ ဖြစ်ကုန်ကြတယ်” •

အဘဘုန်း၏စကားပင်ဖြစ်ပေ၏။

ထိုအတွက်ကြောင့် ကျွန်ုပ်သည် လွယ်အိတ်အား လွယ်ထားလိုက်ခြင်းပင်ဖြစ်ပေ၏။ လက်ထဲ၌ လွယ်အိတ်သာရှိနေလျှင် ရန်သူကို အဝေးမှ ရင်ဆိုင်နိုင်ပေ၏။

ထို့နောက် သန်မာထွားကြိုင်းသည့် လူဆယ်ယောက်ကျော် ရောက်ရှိလာပေ၏။ ၎င်းတို့၏လက်ထဲ၌ ဒူးလေးနှင့် လေးမြားတို့အား ကိုင်ထားကြသလို ကျော၌လည်း လေတံများ၊ ဓားရှည်၊ ဓားတိုများကို လွယ်ထားပေ၏။

“သူ့ရဲကောင်းလေး သတိရလာပြီလားဟေ့ ဆရာကာဟူး”

“ရလာပါပြီ အစ်ကိုကြီးစောအယ်ဖာ”

“ဝမ်းသာစရာပဲဟေ့။ ကျုပ်တို့ရဲ့ ကျေးရွာရှင်လေးကို ချီးကျူးပွဲလေး လုပ်ကြတာပေါ့။ အဲဒီပွဲလေးမပြီးခင် ကျုပ်တို့ရဲ့ လုပ်ရပ်လေးတွေကို ပြရတာပေါ့”

“ဟာ သိပ်ကောင်းတဲ့ အစီအစဉ်ပဲပေါ့ဗျာ။ ကဲ. . . မှတ်တေးတို့၊ နတ်မြေးတို့ စားစရာတွေ ပြင်ဆင်ထားကွာ။ ကျုပ်တို့ပြန်လာမှ ကျင်းပကြတာပေါ့”

“ကောင်းပါပြီဗျာ အစ်ကိုစောကာဟူး”

“ကဲ. . လူလေး ကျုပ်တို့နဲ့လိုက်ခဲ့ပါ၊ ပြစရာရှိတယ် အဲဗျာ”

“ထူးခြားမှုရှိတယ်ထင်တယ်။ အဲဒါဆိုလည်း လိုက်ရတာပေါ့ဗျာ”

ထို့နောက် လူလေးယောက်သည် ကျွန်ုပ်တို့၏ရှေ့မှထွက်သွားပြီး မုဆိုးခေါင်းဆောင်သည် ကျွန်ုပ်နှင့်ကပ်လျက်လိုက်၍ ကျန်လူများ



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်ုပ်တို့အနောက်မှ လိုက်လာကြပေ၏။

"ဒီနယ်မှာ လူလေးရဲ့သတင်းကတော့ တကယ်ကို လွှမ်းမိုးသွားတယ်ဗျာ။ ကျုပ်တို့တော့ လွန်စွာ အံ့သြရတယ်ဗျာ"

"ကျုပ်ကလည်း နာမည်ကြီးချင်လို့လုပ်တာမဟုတ်ပါဘူးဗျာ။ ကျုပ်ကိုလာရောက်တိုက်ခိုက်လို့သာ ရင်ဆိုင်တိုက်ခိုက်ရတာပဲ"

ထိုသို့ပြော၍ လမ်းလျှောက်လာချိန်၌ တောစပ်တစ်နေရာသို့ အရောက်တွင် အားလုံးရပ်လိုက်ကြပေ၏။ ဦးစောကာဟူးသည် ဆေးတံအား တစ်ချက်ဖွာရှိုက်လိုက်ပေ၏။ တစ်ဖန် ဦးစောကာဟူးသည် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

တစ်ဖန် မုဆိုးကြီး ဦးစောအယ်ဖာသည် ကျွန်ုပ်အား ကျေနပ်စွာ ကြည့်လိုက်ပြီး ဆေးတံအာ တစ်ချက်ဖွာရှိုက်လိုက်၏။

"လူလေးဟိုမှာ ဆိုင်းဘုတ်လေးတစ်ခု ထောင်ထားတယ်။ အဲဒီမှာ နာမည်တစ်ခုခုရေးထားတယ်"

"အဲဒီဆိုင်းဘုတ်စာတန်းနဲ့ ကျုပ်က ဘယ်လိုပတ်သက်နေလို့လဲဗျ"

"စာတန်းက နာမည်ကို ဖတ်ပြီးပြီလား"

"လူလေးနယ်ပိုင်"

ကျွန်ုပ်လွန်စွာအံ့သြရ၏။ ရေးထားသည့်စာတန်း၏ အဓိပ္ပာယ်အားနားမလည်စွာဖြစ်ရပေ၏။ လူလေးနယ်ပိုင်စာတန်းသည် နေရာတော်တော်များများ ရေးထားသလို တချို့နေရာများတွင် ကျောက်တောင်များအား ထွင်း၍ လူလေးနယ်ပိုင်ဟူ၍လည်း ရေးဆားသည်ကိုတွေ့ရပြန်၏။ ကျွန်ုပ်သည် မုဆိုးခေါင်းဆောင်ကြီးဦးစောအယ်ဖာအားကြည့်လိုက်ပေ၏။

"အဲဒါဘာသဘောလဲ ဦးစောအယ်ဖာ"

"ဒီနယ်ကို တစ်ချိန်က လူဝံကြီး တိမ်ရိုင်းက လွှမ်းမိုးထားတဲ့



အတွက် တိမ်ရိုင်းနယ်လို့ခေါ်ထွင်ခဲ့တယ်။ တိမ်ရိုင်းကြီးကို အနိုင်တိုက်နိုင်တဲ့အတွက် လူလေးကို အစွဲပြုပြီး လူလေးနယ်ပိုင်လို့ သတ်မှတ်ပေးလိုက်တာပဲ"

"ကျုပ်က အဲဒီလောက် မစွမ်းဆောင်နိုင်ခဲ့ပါဘူးဗျာ၊ ဘာဂ လူလေးနယ်ပိုင်လို့ ပေးထားရသလဲ"

"အဲဒါတခြားမဟုတ်ဘူး လူလေး၊ ကျုပ်တို့ရဲ့ ဒေသကအစဉ်အလာတစ်ခုရှိတာဗျ၊ တခြားမဟုတ်ပါဘူး။ အခုဗျာ လူဝံကြီးတိမ်ရိုင်းကို ခင်ဗျားနိုင်အောင်တိုက်နိုင်တယ်၊ လူလေးရဲ့လက်ချက်နဲ့ တိမ်ရိုင်းကြီးသေသွားပြီ၊ အဲဒီတော့ လက်ရှိအသက်ရှင်နေတာ လူလေးပဲမဟုတ်လား။ အဲဒီတော့ လူလေးလို့ပဲနာမည်တပ်ရမှာပဲ။ အဲဒီလိုနာမည်တပ်လိုက်တာနဲ့ နောက်ထပ်ဘယ်သူမှလာပြီး အုပ်ချုပ်လို့မရဘူး။ အဲဒါကို သဘောပေါက်လား လူလေး"

ထိုသို့ပြောလာသည့်စကားအား ကျွန်ုပ်လက်ခံရပေ၏။ ထိုကိစ္စသည် ထိုသူများ၏ ဓလေ့တစ်ခုဖြစ်ပေ၏။

ကျွန်ုပ်သည် ခေါင်းညိတ်၍ ၎င်းတို့အား ကြည့်လိုက်ပေ၏။

"ကျုပ်သဘောပေါက်တယ်ဗျာ။ ဒါပေမဲ့ ကျုပ်က ဒီတောထဲမှာ မုဆိုးလုပ်မယ့်သူတစ်ယောက်မှ မဟုတ်ပဲဗျာ"

"ဟုတ်ပါတယ် ကျုပ်တို့သဘောပေါက်ပြီးသားဗျာ။ လူလေး မုဆိုးလုပ်တာ၊ မလုပ်တာကို ကျုပ်တို့မဆိုပါဘူး။ ဒီနယ်ကို တစ်ချိန်က မုဆိုးကြီး ဦးစောမူက အုပ်ချုပ်ထားတယ်။ ဦးစောမူဟာ တိမ်ရိုင်းကြီးလက်ချက်နဲ့ အသက်သေခဲ့တယ်"

"ကျုပ်မပြောလိုတော့ဘူးဗျာ။ ကျုပ်ရဲ့အဓိက ရည်မှန်းချက်က လူချမ်းသာတစ်ယောက်ဖြစ်ဖို့ပဲ။ အဲဒီအတွက် အဘဘုန်းထံ ခွင့်ပန်ပြီး ထွက်လာခဲ့တာပဲ။ အဲဒါကြောင့် အခုလို တိမ်ရိုင်းကြီးနဲ့ တွေ့ဆုံရတာပဲ"

"လူလေးက အဘဘုန်းရဲ့တပည့်လား၊ အဘဘုန်းက ကျုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာအရင်းဆိုတော့ ဝမ်းသာခြင်းများစွာနဲ့ တွေ့ရတာပေါ့၊ ကျုပ်တို့နဲ့ တွေ့တာ လူလေးအတွက် အကျိုးတစ်ခုရှိတာပေါ့။ ကဲ. . ကျုပ်တို့ပြန်ကြမယ်ဗျာ"

ဦးစောအယ်ဖာသည် အဘဘုန်း၏ တပည့်ဖြစ်ခဲ့ဖူး၏။ ထို့အတွက် ဦးစောအယ်ဖာသည် ကျွန်ုပ်အား ညီတစ်ယောက်ကဲ့သို့ ခင်မင်သွား၏။ အဘဘုန်း အကြောင်း ကျွန်ုပ်သည် အားလုံးကိုပြောပြသည့်အတွက် ၎င်းတို့ ဝမ်းသာသွားပေ၏။

အားလုံးသည် ကျွန်ုပ်အား အံ့ဩကုန်ကြပြီး ဦးစောအယ်ဖာနှင့် ပတ်သက်၍ ခင်မင်မှုများ ပိုလာခဲ့ကြပေ၏။

*******



## အခန်း ( ၁၃ )

တစ်နေ့သ၌. . . .

ကျွန်ုပ်သည် မုဆိုးကြီး ဦးစောအယ်ဖာတို့အဖွဲ့အား နှုတ်ဆက်၍ ခရီးဆက်ရန် ပြင်ဆင်လျက်ရှိ၏။ ထိုနေ့နံနက်သို့ မရောက်မီ ကျန်ခဲ့သည့်ညက အောင်မြင်မှုအထိမ်းအမှတ်နှင့် ကျွန်ုပ်အား ဂုဏ်ပြုပွဲလေး ကျင်းပကြ၏။

ဂုဏ်ပြုပွဲ၌ ထွေးညိုအရက်၊ လူဝံသားကင်၊ ဆတ်သားကင်၊ နှင့် တောဝက်ခြောက်ကင်များ ပါရှိ၍ ပျော်ရွှင်စွာ စားသောက်ကြရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောကြနှင့် လွန်စွာစိတ်ဝင်စားစရာ ကောင်းနေပေ၏။ ၎င်းတို့ပြောဆိုမှုသည် ကျွန်ုပ်အတွက် လွန်စွာ စိတ်ဝင်စားစရာကောင်းလျက်ရှိနေပေမယ့် ကျွန်ုပ်နှင့် မသက်ဆိုင်။ ကျွန်ုပ်သည် နာမည်ကျော်သူဌေးကြီးတစ်ဦးဖြစ်ရန်သာ စိတ်ဝင်စား၏။

၎င်းတို့နှင့် အရက်သောက်ပြီးနောက် ကျွန်ုပ်အား အမှတ်တရ လက်ဆောင်များပေးကြ၏။

ထိုအထဲတွင် တောဝက်မာန်စွယ်များ၊ ကျောက်သွေးများ၊ ဆေး

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းများနှင့် တိမ်ရှိင်းကြီး၏အသားရေများအား လက်ဆောင်အဖြစ် ပေးကြ၊ တိမ်ရှိင်းကြီးကိုရောင်းရသည့်ငွေအသပြာများကိုလည်း ပေးကြ၏။

ယနေ့ နံနက်အရောက်တွင် ၄င်းတို့စခန်းအား ကျောခိုင်း၍ ထွက်ခွာခဲ့၏။

"လူလေးရဲ့ ရည်မှန်းချက်အောင်မြင်ပါစေ"

"လူလေး အဘဘုန်းကိုတွေ့ရင် ကျောက်သွေးပေးလိုက်တယ်လို့ ပြောလိုက်ပါဗျာ"

"စိတ်ချပါ ဦးစောအယ်ဖာ၊ ကျုပ်လည်း အဘဘုန်းအတွက် ယူလာခဲ့ပါသေးတယ်။ ကဲ. . . ကျုပ်ကိုသွားခွင့်ပြုဦးဗျာ၊ တစ်နေ့ကံမကုန်ရင် ပြန်ဆုံကြတာပေါ့ဗျာ"

"ကျုပ်တို့လည်း ထပ်မံတွေ့ချင်ပါသေးတယ်ဗျာ"

ထို့နောက်. . .

ကျွန်ုပ်သည် ၄င်းတို့အား ကျောခိုင်း၍ ထွက်ခဲ့ရာ ဦးစောအယ်ဖာနှင့် ဦးစောကာဟူးတို့အဖွဲ့သည် လမ်းပြပေး၏။ ၄င်းတို့ပြသည့်လမ်းအတိုင်း လျှောက်လမ်းလာရာ ခရီးမိုင်အတော်ဝေးဝေးသို့ ရောက်ရှိသွားပေ၏။ တစ်နေ့တာခရီးအရောက်တွင် တောအုပ်တစ်ခုတွင် အနားယူရန်ပင်ဖြစ်၏။

ကျွန်ုပ်အနားယူရန် ဆုံးဖြတ်လိုက်ပေ၏။ နေရောင်သည် ပျောက်စပြုလာပေ၏။ ကျွန်ုပ်သည် ထိုနေရာကို အကဲခတ်လေ့လာကြည့်ရာ ကြီးမားသည့် သစ်ပင်ကြီးများ၊ ခြတောင်ပို့များ ရှိနေသလို၊ ခြတောင်ပို့များ၏ ဘေး၌ တောင်ပို့မှိုပွင့်များ၊ မှိုအင့်များ ရှိနေသည်ကို တွေ့မြင်ရပေ၏။

ကျွန်ုပ်သည် နေရာဒေသ မကျွမ်းကျင်သူ တစ်ယောက်ဖြစ်သည့်အတွက် ခရီးဆက်ခြင်းမရှိဘဲ အနားယူရန် ဆုံးဖြတ်လိုက်ခြင်းပင်



ဖြစ်၏။ ထို့နောက် ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်၏ခြေရင်း၌ နေရာယူလိုက်ပေ၏။ သစ်ပင်ကြီးသည် တောသရက်ပင်ကြီးတစ်ပင်ဖြစ်သလို တစ်ခြမ်းသည် ဆွေး၍ တစ်ခြမ်းသာ ကျန်ရှိနေသည့်အတွက် ခပ်ကွေးကွေးလေးအိပ်၍ ရနိုင်ပေ၏။

ထူးခြားသည်မှာ သရက်ပင်ကြီးအား မှီ၍ တွယ်တက်နေသည့် နွယ်ပင်များအောက်တွင် လူသူများ အိပ်စက်အနားယူထားသည့်နေရာ တစ်ခုသဖွယ် ဖြစ်နေပေ၏။ ကျွန်ုပ်သည် ထိုနေရာအတွင်းသို့ ဝင်ရောက်၍ အနားယူနေထိုင်အပြီး ပါလာသမျှ စားစရာများအားထုတ်၍ ပိုင်ရာဆိုင်ရာများအား မြောက်တင်ကျွေးမွေးလိုက်သလို ကျွန်ုပ်သည်လည်း စားသောက်လျက်ရှိ၏။ ထိုသို့စားသောက်အပြီး၌ ဘုရားဝတ်ပြုရန် နေရာယူချိန်၌ ကြက်သီးမွေးညင်းများ ထလာပေ၏။

လေများတိုက်လာပေ၏။

ခြေသံများကိုလည်း ကြားရပေ၏။ အပင်ထက်၌ ရှိသည့်ငှက်များ အလန့်တကြားထ၍ ပျံကြပေ၏။ ကျွန်ုပ်သည် တုန်လှုပ်ခြောက်ရွံ့ခြင်းမရှိဘဲ ဘုရားဝတ်ပြုရန်သာ ရည်ရွယ်လျက်ရှိနေပေ၏။

ခြေသံသည် တစ်ခုတည်းမဟုတ်၊ သုံးလေးခုသာဖြစ်ပေ၏။ ကျွန်ုပ်သည် မြတ်စွာဘုရား၏ဂုဏ်တော်များကို ရွတ်ဆိုကန်တော့ပြီးနောက် အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့အမျှဝေ သာဓုခေါ်လိုက်၏။ ထို့နောက် နှစ်ဆယ့်လေးပစ္စည်းဂါထာတော်အား ရွတ်ဆိုစည်းချပြီးနောက် ဂုဏ်တော်ကိုးပါး ရွတ်ဆို၏။ ထို့နောက် အဘဘုန်းသင်ပေးလိုက်သည့် "**အဋ္ဌာနမေတံ**" ဂါထာတော်အား အသံထွက်ရွတ်ဆိုလျက် ရှိနေပေ၏။

ထိုသို့ရွတ်ဆိုရာ၌ ရုက္ခစိုးများ နေရာ၌ နေထိုင်သည့်သူများ မကျွတ်မလွတ်သူများအား အာရုံ၌ တွေ့နေရပေ၏။ ၄င်းတို့သည် ကျွန်ုပ်၏အနားသို့ ရောက်ရှိလာကြခြင်းမရှိဘဲ ခပ်ဝေးဝေး၌သာ နေရာယူလျက် ရှိနေကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲ၌ ထူးခြားသည့်မြင်ကွင်းတစ်ခုအား တွေ့လိုက်ရပေ၏။ အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်သည် ကျွန်ုပ်၏အနောက်၌ ကျုံ့ကျုံ့လေး ထိုင်လျက် အာရုံပြုနေသည်ကို တွေ့နေရပေ၏။ ၎င်းတို့သည် ထိုနေရာဝန်းကျင်၌ ကျင်လည်ကျက်စား မကျွတ်မလွတ်သူများ ဖြစ်ကြောင်း စိတ်ထဲ၌ ထင်မှတ်လျက်ရှိ၏။

ကျွန်ုပ်သည် ဂါထာတော်များအား ခပ်ကျယ်ကျယ် ရွတ်ဆိုလျက်ရှိနေသည့်အတွက် ကြားနေရသည့် ခြေသံများသည် ပို၍ကျယ်လာသလို ပျောက်သွားသည့်အခါ၌လည်း ပျောက်သွားတတ်ပေ၏။ ထို့နောက်ပန်းရနံ့များ၏ ရနံ့များသည် သင်းပျံ့စွာ မွှေးပျံ့လျက်ရှိနေပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် ဘာသာရေးကိုသာ ဦးတည်လျက်ရှိနေပြီး နောက်ဆုံး၌ အားလုံးကို မေတ္တာပို့၍ အနားယူလိုက်ပေ၏။

ထိုသို့မေတ္တာပို့အမျှဝေသည့်အခါ သာဓုခေါ်သံများအား ကြားနေရသည်မှာ တစ်ယောက်တည်းမဟုတ် အများ၏အသံပင်ဖြစ်ပေ၏။

ထို့နောက် ကျွန်ုပ် ဘယ်အချိန်မှစ၍ အိပ်မောကျသွားသည် မသိအောင် ဖြစ်သွားပေ၏။ ဝန်းကျင်၌ ဆူညံသံများထွက်ပေါ်လာပေ၏။

*******

အေးစက်လှသည့် အရာဝတ္ထုတစ်ခု ကျွန်ုပ်၏ကိုယ်ပေါ်သို့ ကျရောက်လာပေ၏။ ၎င်းမှာ တခြားမဟုတ်၊ လက်တစ်ဖက်ပင်ဖြစ်၏။ ထိုလက်၌ ထူထပ်လျက်ရှိသည့် လက်မွေးများရှိနေသလို ရှည်လျားသည့် လက်သည်းများလည်း တွေ့ရပေ၏။ တစ်ခါတလေ လက်သည်းများသည် ကျွန်ုပ်၏ ကိုယ်အား ထောက်နေပေ၏။

တစ်ဖန် မွှေးပျံ့သည့်ရနံ့များလည်း ရနေပေ၏။

မှိတ်ထားသည့်မျက်လုံးများကိုဖွင့်ကြည့်လိုက်၏။ မည်သူဆိုတာ



သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမရှိ။ အမှောင်ထုများသည် လွှမ်းမိုးနေသည့်အတွက်ကြောင့်ပင်ဖြစ်၏။ ကျွန်ုပ်သည် စိုးရိမ်စိတ်များ လွှမ်းမိုးလျက်ရှိနေပေ၏။ ကျွန်ုပ်အား တစ်ခုခုလုပ်လိုက်မှာကို ဖြစ်၏။ နောက်ထပ် ခြေသံများ ကြားနေရပေ၏။ ခြေသံများသည် ကျွန်ုပ်ထံဦးတည်လာနေသည့်အတွက်ကြောင့် တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်မိ၏။ ထထိုင်၍ မပြေးနိုင်၊ တစ်ဖက်သို့လှုပ်ရန်လည်း ခက်နေ၏။ ထိုအတွက်ကြောင့် ဂါထာတော်ကို ရွတ်ဆိုလိုက်၏။

အဇ္ဈာနမေတံ ဘိက္ခဝေ အနဝကသော
ယံပရှပက္ကမေနတထာဂတံ
ဇီဝိတာဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေဟောတုသဗ္ဗဒါ။

ထိုဂါထာအား အသံထွက်ရွတ်ဆိုလိုက်တာကြောင့် ကိုယ်ပေါ်၌ ရှိနေသည့် လက်ကြီးသည် အနောက်သို့ ဆုတ်ခွာသွားသလို ခြေသံများသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြပေ၏။ ထို့နောက် ပတ်ဝန်းကျင်သည် တဖြည်းဖြည်းနှင့် လင်းရောင်ခြည်များ ရောက်ရှိလာစပြုနေပေ၏။ ကျွန်ုပ်သည် မှိတ်ထားသည့်မျက်လုံးအား ဖွင့်ကြည့်လိုက်ပေ၏။

မည်သည့်ခြေသံမျှ ကြားရခြင်းမရှိဘဲ ပျောက်ကွယ်သွားပေသည်။ ထို့နောက်ဝန်းကျင်တစ်ခုလုံးတွင် ငှက်ကလေးများ၏ တွန်ကြူးသံတိုသာ ကြားနေရပေ၏။

"ဗွီး. . ."

"ဝေါင်း. . ."

ရုတ်တရက်ထွက်ပေါ်လာသည့်အသံများကြောင့် ဟိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ငှင်းဆုံးဖြတ်ချက်သည် ပထမ ချစ်သူမြနှင်းဆီကို လူကြီးများ ဆုံရာနှင့် လက်ထပ်မည်။

ဒုတိယအချက်သည် မြနှင်းဆီအား ခေါ်၍ အဘဘုန်းကို ဖူး မြော်ကန်တော့ရန်ပင်ဖြစ်၏။ ထို့အတွက်ကြောင့် လူယုံတော်မောင်အောင် အား ခေါ်လိုက်ပေ၏။

"သူဌေးမင်း ကျုပ်ရောက်လာပါပြီ"

"မောင်နအောင် ဒီနေ့ ကျုပ်ခရီးထွက်စရာရှိတယ်။ အဲဒီတော့ စံအိမ်ကြီးနဲ့ ပွဲရုံကို တာဝန်ယူထား၊ အဲဒီအတွက် ကျုပ်စိတ်ချလို့ရမလား"

"စိတ်ချပါ သူဌေးမင်း၊ ကျုပ်ရဲ့အနားမှာ အဝယ်တော် မောင် သိန်းလည်း ရှိပါတယ်"

"ကောင်းပြီ၊ ဒါနဲ့ မောင်တိုးနဲ့ မောင်ဖိုးထောင်တို့ ရောက်လာ ကြပြီလား"

"သူတို့ဧည့်သည်တော်ခန်းမှာ ရှိနေကြပါတယ်။ ကျုပ်ခေါ်ပေး ရမလား သူဌေးမင်း"

မောင်အောင်သည် အောက်ထပ်သို့ ဆင်းရန် ကြိုးစားလျက် နေစဉ် ကျွန်ုပ်တားမြစ်လိုက်ပြီးနောက် မောင်အောင်နှင့်အတူ အောက် ထပ်သို့ ဆင်းလာပေ၏။ အောက်ထပ်ဧည့်သည်တော်ခန်း၌ မောင်တိုးတို့ ရှိနေ၏။ ကျွန်ုပ်ကို တွေ့ချိန်၌ ထလာကြပြီး ကျွန်ုပ်၏လက်ထဲရှိ အထုပ် အပိုးများအား ယူလိုက်ကြပေ၏။ ကျွန်ုပ်သည် ဆင်းရဲသားမှ သူဌေးသား တစ်ယောက်ဖြစ်လာသည့်အတွက်ကြောင့် အားလုံး၏အပေါ်မှ နားလည် ပေးထား၏။

ထို့ကြောင့် ကျွန်ုပ်အား ရိုသေလေးစားကြ၏။ ကျွန်ုပ်၏စကားကို နားထောင်ကြပြီး ကျွန်ုပ်အား အိမ်ထောင်ပြုရန် တိုက်တွန်းကြပေ၏။ မြို့ပေါ်၌ရှိသည့် သူဌေးသမီးများနှင့် အောင်သွယ်တော် မြားနတ်မောင် လုပ်ပေးကြ၏။ ၎င်းတို့၏လုပ်ရပ်အားလက်ခံခြင်းမရှိပေ၊ အဘယ်ကြောင့်



ဆိုသော် ယေ်ရည်းစား မြနှင်းဆီရှိနေခြင်းကြောင့်ပင်ဖြစ်၏။ ယခု ကျွန်ုပ် မြနှင်းဆီထံ သွားရောက်ရန်ပင် ဖြစ်ပေ၏။

ကျွန်ုပ်သည် အနီးကပ် တပည့်များဖြစ်ကြသည့် မောင်တိုးနှင့် မောင်ဖိုးထောင်တို့နှင့်အတူ မြနှင်းဆီနေထိုင်ရာရွာသို့ ထွက်ခဲ့ကြပေတော့ ၏။

ကျွန်ုပ်တို့သည် မြနှင်းဆီနေထိုင်ရာရွာသို့ ရထားနှင့် ခရီးထွက် လာခဲ့ကြပေ၏။ ဥသျှာမြို့သို့အရောက်တွင် ရထားပေါ်မှ ဆင်းရ၏၊ ထို့နောက် နွားလှည်းတစ်စီးအား ငှားလိုက်ကြပြီး နွားလှည်းနှင့်အတူ ခရီး ဆက်ရ၏။

လှည်းလမ်းသည် နွေရာသီဖြစ်နေသည့်အတွက် ဖုန်မှုန့်များ အလိမ်းလိမ်း ထလျက်ရှိ၏။ ထိုဒေသများသည် လှည်းကိုသာ အဓိက ထား၍ ခရီးဆက်ကြသောကြောင့် နွားလှည်းများကို လိုအပ်သည့်အချိန် နွားလှည်းများရှိရာဂိတ်သို့ သွားရောက်ငှားရ၏။ ဒါတောင်ဂိတ်၌ အဆင် သင့်ရှိမှ ငှားရ၏။

တစ်ခါတလေ နာရီဝက်၊ တစ်နာရီ စောင့်ရ၏။ ဒါတောင် လို ချင်သည့် လှည်းအား ငှားမရသည့်အတွက် လွန်စွာစိတ်ညစ်ရပေ၏။ ယခု ကျွန်ုပ်တို့သည် နွားလှည်းအဆင်သင့်ငှား၍ရသည့်အတွက် ကျေနပ် စရာကောင်းသလို ကျွန်ုပ်ပျော်ရွှင်ပေ၏။

ကျွန်ုပ်သည် အသက်လောက်ချစ်ရသူ မြနှင်းဆီနှင့် တွေ့ပြီး စကားတွေအများကြီး ပြောမည်။ ထိုသို့မပြောမီ မြနှင်းဆီသည် ကျွန်ုပ် အား မျှော်နေလိမ့်မည်။ မြနှင်းဆီ၏ဘဝ၌ ကျွန်ုပ် တစ်ယောက်သာ ရှိသ လို ကျွန်ုပ်ပြန်အလာအား စောင့်နေမည်ဟုလည်း ကတိစကားပြောခဲ့၏။

ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသည့် နွားလှည်းလေးသည် လယ် ယာများအား ဖြတ်ကျော်၍ တရွေ့ရွေ့သွားနေတာကြောင့် မြနှင်းဆီနေ ထိုင်ရာရွာသို့ ရောက်ရှိရန် နီးကပ်လာပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးတို့က ဦးမြသာအိမ်ကို သွားမှာမဟုတ်လား"

"ဟုတ်တယ်၊ မြန်မြန်မောင်းဗျာ"

ကျွန်ုပ်စကားကြောင့် နွားလှည်းမောင်းသူသည် နှင်တံကြိမ်လုံးနှင့် တင်ပါးအား တစ်ချက်တို့လိုက်ပြီး၍ မောင်းလိုက်ရာ နွားနှစ်ကောင်သည် အမြီးလေးတွေကို ဘယ်ညာသွက်လက်စွာခတ်၍ ပြေးနေလျက်ရှိပေ၏။

"သူဌေးမင်း အဲဒီမှာ ညအိပ်မလား"

"အဲဒါတော့ မပြောတတ်သေးဘူး ကိုဖိုးထောင်"

"မောင်ဖိုးထောင်ကလည်းဗျာ၊ သူဌေးမင်းရဲ့အကြောင်းလည်း သိရဲ့သားနဲ့ မေးရန်ကောဗျာ"

၎င်းတို့နှစ်ယောက်၏စကားကြောင့် နွားလှည်းမောင်းသူသည် ဆေးတံကြီးအား တစ်ချက်ဖွာရှိုက်၍ ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

ကျွန်ုပ်အား သူဌေးမင်းဟုခေါ်သည့်စကားကို လွန်စွာအံ့ဩနေပေ၏။ ဟုတ်ပေ၏။ တကယ်တော့ ကျွန်ုပ်၏အသက်သည် နှစ်ဆယ်ကျော်သာရှိသေး၏။

ကျွန်ုပ်လိုက်ပါလာသည့် နွားလှည်းလေးသည် ဦးမြသာအိမ်ရှေ့သို့ ရောက်ရှိလာ၏။ အိမ်ရှေ့၌ ဦးမြသာတို့ ဇနီးမောင်နှံ ရှိနေပြီး ၎င်းတို့သည် ကျွန်ုပ်တို့အား အံ့ဩခြင်းများစွာနှင့် ကြည့်နေပေတော့၏။ ၎င်းတို့၏အကြည့်သည် ပျော်ရွှင်ခြင်းမရှိဘဲ ကြေကွဲမှုများ လွှမ်းမိုးလျက်ရှိနေပေ၏။ ကျွန်ုပ်တို့အိမ်ပေါ်သို့ ဦးတည်လာလျက်ရှိ၏။

"လူလေး ပြန်လာသေးတယ်နော်၊ ဦးလေးမှာတော့ လိုက်ရှာလိုက်ရတာကွယ်"

"ကျုပ်ကို လိုက်ရှာတယ် ဟုတ်လား ဦးလေး"

ဦးမြသာသည် ခေါင်းအား လေးပင့်စွာ တစ်ချက်ညိတ်လိုက်၏။ ဆေးတံအား တစ်ချက်ဖွာရှိုက်လိုက်ပြီး သက်ပြင်းမောတစ်ခု



အား လေးတွဲစွာ ချလိုက်ပေ၏။ ကျွန်ုပ်သည် ဦးမြသာအား ကြည့်နေမိပေ၏။

"ဟုတ်တယ်လူလေး၊ လူလေးကို အင်္ဂလိပ်တွေက လိုက်ဖမ်းတယ်ဆိုတော့ သမီးမြနှင်းဆီက လိုက်ရှာခိုင်းတယ်။ နေရာတော်တော်များများ လိုက်ရှာတယ်၊ လူလေးကို မတွေ့ရဘူး။ သမီးမြနှင်းဆီကလည်း လူလေးကိုပဲ တမ်းတမ်းစွဲ တွေ့ချင်နေတယ်။ နောက်ဆုံးသတင်းတစ်ခု ကြားလာရတယ်။ လူလေး အင်္ဂလိပ်များရဲ့လက်ချက်နဲ့ အသက်သေသွားပြီတဲ့၊အဲဒီအချိန်မှာ သမီးမြနှင်းဆီလည်း အိပ်ရာထဲ လဲတော့တာပဲကွယ်"

ဦးမြသာသည် ပြောရင်းနှင့် မျက်ရည်များ ဝဲလာ၏။

ကျွန်ုပ်သည် နားမလည်စွာနှင့် ကြည့်နေမိ၏။

"ကျုပ်အခုပြန်လာပြီလေ ဦးလေး၊ အဲဒီအတွက် မြနှင်းဆီကို တွေ့ချင်တယ်။ မြနှင်းဆီ ဘယ်မှာလဲ"

"သမီး မြနှင်းဆီကလည်း လူလေးကို သိပ်တွေ့ချင်နေပါတယ်။ လာ လူလေး၊ ဦးလေးတို့ သမီးရှိတဲ့နေရာကို သွားကြစို့ကွယ်"

ဦးမြသာသည် ကျွန်ုပ်တို့၏ရှေ့မှ ထွက်သွားပေ၏။ ကျွန်ုပ်တို့သည် အနောက်မှ လိုက်ခဲ့ကြပေ၏။

ဦးမြသာ၏ခေါ်ရာနောက်မှ လိုက်လာခဲ့ပေမယ့် စိတ်ထဲ၌ မြနှင်းဆီအား တွေ့ချင်စိတ်များစွာ ပေါ်လာပေ၏။

၎င်း၏ခေါ်ရာနောက်မှ လိုက်လာခဲ့ပေမယ့် စိတ်ထဲ၌ စိုးရိမ်စိတ်တစ်ခု ပေါ်လာပေ၏၊ မြနှင်းဆီတခြားတစ်ယောက်နှင့် အိမ်ထောင်ပြုသွားပြီလားဟု တွေးနေမိ၏။ ထိုအတွေးသည် မှန်သည်ဟုယူဆရပေ၏။

ဦးမြသာသည် မြနှင်းဆီအား လွန်စွာချစ်ပေ၏။ အကြောင်းကိစ္စမရှိပါဘဲနှင့် တစ်နေရာသို့ ပို့ထားမည်မဟုတ်။ မြနှင်းဆီ စိတ်ဆိုး၍ အိမ်ပေါ်မှ ဆင်းသွားလျှင် လက်ခံမည်မဟုတ်သလို မြနှင်းဆီ စိတ်ဆိုးအောင် ဘယ်သောခါမှ လုပ်မည်မဟုတ်ဆိုတာလည်း ကျွန်ုပ်သိနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသည် ကျွန်ုပ်နှင့်မြနှင်းဆီ ချစ်သူဘဝရောက်ချိန်၌ လက်ထပ်ပေးရန် တောင်းဆိုခဲ့၏။ ဒါကိုလက်ခံခဲ့၏။ ယခုဘာသဘော နှင့် မြနှင်းဆီအား တစ်နေရာသို့ ပို့ထားရသလဲဟု စဉ်းစားနေရပေ၏။ ကျွန်ုပ်တို့သည် ဦးမြသာ၏အိမ်ရှေ့ခြံဝမှ ထွက်၍ ခြံ၏ခေါင်းရင်းလမ်း မှနေ၍ လမ်းလျှောက်ခဲ့ပေ၏။ ထို့နောက် ဦးမြသာ၏ခြံနောက်ဘက်သို့ ချိုးကွေ့လိုက်၏။ မျက်လုံးထဲ၌ ကြီးမားသည့် မန်ကျည်းပင်ကြီးအား တွေ့ လိုက်၏။ ရင်ခုန်သံများ ရုတ်တရက်ထွက်လာပေ၏။

ကျွန်ုပ်တို့ မန်ကျည်းပင်အောက်သို့ ရောက်ရှိလာခဲ့ကြ၏။ မန် ကျည်းပင်အောက်၌ တဲလေးတစ်လုံးအား တွေ့လိုက်ချိန်တွင် တဲလေး အနီးသို့ ရောက်ရှိလာပေ၏။ ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းသည် ကျွန်ုပ်အတွက် ကြေကွဲစရာဖြစ်သွားပေ၏။ အဲဒီတဲအိမ်လေးမှာ သမီး မြနှင်းဆီရှိတယ် လူလေး"

ကျွန်ုပ်သည် တဲအိမ်လေး၏အတွင်းသို့ ဝင်လိုက်ချိန်တွင် ကြေ ကွဲမှုများသည် ထိန်းချုပ်မှုကင်းမဲ့လျက်ရှိနေပေ၏။ ဦးမြသာပြောတာ မှန်ပေ၏။ တဲအိမ်လေး၏အတွင်း၌ မြနှင်းဆီရှိနေပေ၏။ သို့သော် အသက်ရှင်နေလျက်မဟုတ်၊ ဘဝတစ်ပါးသို့ ရောက်ရှိသွားပေ၏။ တဲအိမ် လေး၏အတွင်း၌ မြနှင်းဆီ၏အုတ်ဂူလေးရှိနေ၏။ အုတ်ဂူ၏ဘေး၌ စာတန်းလေးတစ်ခု ရေးထား၏။

ကွယ်လွန်သူ　　မမြနှင်းဆီ
အသက်　　၂၈ နှစ်

"မြနှင်းဆီသေပြီ . . . ဖြစ်ရလေမြနှင်းဆီရယ်၊ အစ်ကိုပြန်လာ တဲ့အထိတောင် မစောင့်နိုင်တော့ဘူးလားကွယ်။ အစ်ကို လူချမ်းသာကြီး ဖြစ်ရင် မြနှင်းဆီနဲ့ . . . လူလောကကြီးရဲ့အလယ်မှာ ပျော်ပျော်ကြီး နေ မယ်ဆို အခုတော့ အစ်ကိုလူချမ်းသာကြီးတစ်ယောက်ဖြစ်ပြီလေ။ အခု မြနှင်းဆီကို အစ်ကိုလာခေါ်တာ မြနှင်းဆီ။ မြနှင်းဆီအစ်ကိုနဲ့ မလိုက်



နိုင်တော့ဘူး ဟုတ်လား"

ကျွန်ုပ်သည် မြနှင်းဆီ၏ အုတ်ဂူဘေး၌ ကြေကွဲစွာထိုင်ချလိုက် ပေ၏။ ကျွန်ုပ်၏ဘေး၌ ဦးမြသာရှိနေသလို အနောက်၌ မောင်တိုးတို့ ရှိနေကြပေ၏။ ကျွန်ုပ်သည် ပတ်ဝန်းကျင်အား ဂရုမစိုက်နိုင်အောင် ဖြစ် နေပေ၏။

တကယ်တော့ ကျွန်ုပ်သည် မြနှင်းဆီအား အသက်လောက် ချစ်နေရသူတစ်ယောက်ဖြစ်၏။ ဘဝ၌ မြနှင်းဆီသည် ကျွန်ုပ်အပေါ် အဖြူသက်သက်ချစ်နေပြီး ကျွန်ုပ်ထံမှ ဘယ်လိုမျှော်လင့်ချက်မှ မျှော်လင့် ထားသူမဟုတ်ဘူးဆိုတာ ကျွန်ုပ်မှ လွဲ၍ ဘယ်သူတစ်ဦးတစ်ယောက်မှ သိကြမှာ မဟုတ်ပေ။

"သမီးလေး မြနှင်းဆီက လူလေးကို စောင့်နေရန်ကောကွယ်၊ လူလေးသေပြီဆိုတဲ့သတင်းလည်းကြားရော သမီးလေးမြနှင်းဆီဟာ အိပ် ရာထဲလဲကျသွားလိုက်တာ ပြန်မထတော့ပါဘူး လူလေးရော ဦးလေးတို့ လည်းအမျိုးမျိုးနားချပါတယ်၊ လက်မခံတော့ဘူး၊ တကယ်တော့ သမီးလေးမြနှင်းဆီဟာ အစွဲအလမ်း လွန်စွာကြီးသူတစ်ယောက်ပါကွယ်၊ သူ့ဘဝမှာ လူလေးသာ အဓိက၊ လူလေးသာ သူ့ဘဝ၊ လူလေးမရှိတော့ သူ့ဘဝ အသက်ရှင်နေလည်း ဘာအဓိပ္ပာယ်မှ ရှိတော့မှာမဟုတ်ဘူးတဲ့ ကွယ်၊ တကယ်လို့သူသေသွားခဲ့ရင် ဒီမန်ကျည်းပင်ကြီးရဲ့အောက်မှာ ဂူ သွင်းပေးပါတဲ့၊ လူလေးကို ကတိပေးထားတာရှိနေလို့တဲ့ကွယ်"

ဦးမြသာပြောရင်းနှင့် မျက်ရည်များဝဲကျလာခဲ့သလို ကျွန်ုပ် သည်လည်း မျက်ရည်များ ထိန်းချုပ်မရအောင် ကျလာနေပေ၏။

တကယ်တော့ မြနှင်းဆီသည် ကျွန်ုပ်အား စကားတစ်ခွန်း ပြောခဲ့ဖူးပေ၏။

"မြနှင်းဆီ ဒီမန်ကျည်းပင်ကြီးအောက်က အစ်ကိုလူလေးကို မျှော်နေပါ့မယ်၊ တကယ်လို့ အစ်ကိုပြန်မလာခင် မြနှင်းဆီ အသက်သေ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရင်တောင် မြနှင်းဆီရဲ့ ကိုယ်စား အုတ်ဂူမြေပုံလေးက မျှော်နေပါ့မယ် အစ်ကို၊ အဲဒီစကားက နောက်တာမဟုတ်ဘူးနော်၊ အစ်ကိုလူလေး မြနှင်းဆီ အတည်ပြောနေတာပါ"

ထိုစကားသည် မြနှင်းဆီ၏စကားပင်ဖြစ်၏။ လူမိုက်ကြီးကြက်တို့ သတ်မည်ဟု ကြိမ်းမောင်းသည့်အချိန်၌ ကျွန်ုပ်အားလမ်းပြတုန်းမှာ ထိုစကားပြောသွားခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်သည် မြနှင်းဆီ၏ အုတ်ဂူအား စိုက်ကြည့်လိုက်၏။

"မြနှင်းဆီ မေတ္တာရှင်မလေးရယ်၊ မင်းရဲ့မေတ္တာတွေဟာ အစ်ကိုလူလေးရဲ့ဘဝမှာ ဖျောက်ဖျက်လို့မရတဲ့ မှတ်တမ်းတစ်ခုလိုပါပဲကွယ်။ အစ်ကိုလူလေး ဆန္ဒပြုပါတယ်။ ဒီဘဝမှာ မဆုံကြပေမယ့် နောင်ဘဝဆက်တိုင်း ဆုံရပါစေလို့ မြနှင်းဆီရဲ့ အုတ်ဂူဘေးကနေ ဆုတောင်းမှုပြုပါတယ်"

ကျွန်ုပ်သည် မြနှင်းဆီ၏အုတ်ဂူအား ခေါင်းမှို၍ ကျသွားပေ၏။ အားအင်များ ကုန်ခမ်းလာသလို စိတ်ထဲ၌ ထင်မှတ်နေပေတော့၏။

ထို့နောက် ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပေ၏။ မြနှင်းဆီအတွက် ကုသိုလ်ကောင်းမှုတစ်ခုလုပ်ပေးရန် ဖြစ်၏။ အုတ်ဂူဘေး၌ သံဃာတော်များကို ပင့်ဖိတ်ပြီး တရားနာရေစက်ချ၍ အမျှပေးဝေလိုက်ပေ၏။ ထို့နောက် ကျွန်ုပ်သည် ဦးမြသာတို့အား နှုတ်ဆက်၍ အဘဘုန်းနေထိုင်ရာ ပျဉ်စလူပရွာသို့ ခရီးဆက်ခဲ့ကြပေတော့၏။

*******



## အခန်း ( ၁၄ )

တစ်နေ့သ၌ . . . .

ကျွန်ုပ်နှင့် တပည့်နှစ်ယောက်တို့သည် ဦးမြသာတို့မိသားစုအား ကျောခိုင်း၍ အဘဘုန်းနေထိုင်ရာ ပျဉ်စလူပရွာသို့ ခရီးဆက်ခဲ့ပေ၏။ ထိုသို့ ခရီးဆက်ရာ၌ နွားလှည်းတစ်စီးအား ငှားလိုက်ပေ၏။

ကျွန်ုပ်တို့သည် လျှိုမြောင်တော၊ ယာခင်းများအား ဖြတ်ကျော်၍ ခရီးဆက်ခဲ့ပေ၏။ ညနေစောင်း၌ ရွာသို့ ရောက်ခဲ့ကြပေ၏။ ကျွန်ုပ် ရွာသို့ရောက်သွားချိန်၌ တစ်ရွာလုံး အုံးအုံးကြွကြွဖြစ်ကြပြီး အဘဘုန်း၏မျက်နှာသည် လဝန်းပမာ ရွှန်းမြနေပေ၏။

"ရည်မှန်းချက်တွေ ပြည့်ပြီမဟုတ်လား လူလေး"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ အဘဘုန်း၊ တပည့်တော် ရည်မှန်းချက်ပြည့်ပါပြီ ဘုရား၊ စီးပွားရေးတွေလည်း လုပ်ထားပါတယ် အဘဘုန်း"

"အေးကွယ် ဒီစကားကြားရတာ အဘဘုန်း လွန်စွာဝမ်းသာတယ်ကွယ်၊ ဟဲ့ ဒါနဲ့ လူလေးရဲ့ဘဝမှာ ပြည့်စုံပြီဆိုတော့ ကြင်ယာရော ဆုံရဲ့လား"

အဘဘုန်း၏ ထိုမေးခွန်းအား ကျွန်ုပ်ဖြေရန်ခက်နေပေ၏။

တကယ်တော့ အဘဘုန်းသည် ကျွန်ုပ်၏အဖေဆိုလည်း မမှားသလို၊ ဆရာသခင်ကျေးဇူးရှင်ဆိုလည်း မမှားပေ။ ဘယ်သူတွေ ဘာပဲပြောပြော အဘဘုန်းသည် အပြုံးမပျက် သွန်သင်ဆုံးမ ဂရုစိုက်လျက်ရှိ၏။

"တပည့်တော်. . . မစဉ်းစားမိသေးပါဘူး အဘဘုန်း"

"အိုကွယ်. . . သခါရကို မေ့နေရန်ကောလားလူလေးရာ၊ လူလေးအသက်က မငယ်တော့ဘူး။ ဒီကပြန်သွားရင်ကြင်ယာပါတစ်ပါတည်းခေါ်သွားပေတော့"

ကျွန်ုပ်ဘာပြောရမှန်းမသိအောင်ဖြစ်သွားပေ၏။

တကယ်တော့ ကျွန်ုပ်သည် အိမ်ထောင်ပြုချင်စိတ် လောလောဆယ်၌ မရှိသည့်အတွက် ငြင်းချင်နေ၏။ ဘယ်လိုမှ ငြင်း၍ရမှာမဟုတ်သလို စိတ်ထဲ၌လည်း မြနှင်းဆီသာ လွှမ်းမိုးနေ၏။ ဒါကို အဘဘုန်းက သိနေပေ၏။

ထို့နောက် ရွာလူကြီးများ ကျောင်းသို့ရောက်ရှိလာကြပေ၏၊ တခြားမဟုတ် ကျောင်း၌ ရဟန်းခံရှင်ပြုပွဲကျင်းပရန်ဖြစ်၏။

"ဟာ. . လူလေး ဘယ်တုန်းကရောက်လာတာလဲ"

"ဒီနေ့ပဲရောက်တာ အဘမြတ်လှ"

"လုပ်ငန်းကိစ္စလာတာလား၊ အလည်ပဲလားဟေ့"

"အဘဘုန်းကိုဖူးချင်တာရယ်၊ ရွာကိုမရောက်တာကြာတာရယ်ပေါ့"



"အေးကွယ်. . . လူလေးရဲ့စီးပွားရေးလုပ်ငန်းကတော့ အဘတို့ပျဉ်းမလူပရွာကိုတောင် လွှမ်းမိုးနေတယ်ကွယ်"

ကျွန်ုပ်ဘာပြောရမှန်းမသိအောင် ဖြစ်သွားပေ၏။ တကယ်တော့ ကျွန်ုပ်သည် ပွဲစားအများစုအား ခေါ်ထားပြီး ဒေသများ၌ ရှိသည့်ပစ္စည်းများအား ဝယ်ခိုင်း၏။ "လူလေးပွဲရုံ" ဟုနာမည်တပ်ထားလိုက်ခြင်းကြောင့် အချိန်တိုအတွင်း၌ အောင်မြင်ကျော်ကြား လူသိများလာ၏။

"ဦးကြီးတို့က ဘာကိစ္စနဲ့လာကြတာလဲ။ လူတွေစုံလို့"

"ရဟန်းခံရှင်ပြုပွဲရှိတယ်ကွယ့်။ စည်ကားတဲ့ပွဲပေါ့လူလေးရာ"

"အဘဘုန်း တပည့်တော်လည်း ရှင်ဒကာအဖြစ် ခံပါရစေ"

"မခက်ပါဘူး လူလေးရာ၊ အဲဒါဆို ရက်ကိုအနောက်ဆုတ်ရလိမ့်မယ် ဒကာတို့"

"တပည့်တော်တို့ နားမလည်ပါလွှား အရှင်ဘုရား"

"ဒီလိုဒကာတို့ ဒီအချိန်မှာ လူလေးဟာ အိမ်ထောင်မရှိသေးဘူး။ အဲဒီတော့ လူလေးကို အိမ်ထောင်ချပေးရမယ်။ လူလေး အိမ်ထောင်ပြုပြီးမှ ရဟန်းခံပွဲကို ကျင်းပမယ်။ အဲဒါဆို လူလေးရဲ့ ကြင်ယာတော်ဟာ ရဟန်းအမဖြစ်သွားမယ်။ နောက်ပြီး လူလေး အိမ်ထောင်ပြုပြီဆိုရင် အဘဘုန်းရဲ့ တာဝန်ပြီးသွားပြီ။ အဲဒီလိုမှ မဟုတ်ရင် အဘဘုန်းဟာ လောကီအလုပ်နဲ့ပဲ ပြီးသွားနိုင်တယ်။ အချိန်ရှိတုန်း လောကုတ္တရာအလုပ်လေးလည်း လုပ်ချင်ပါသေးတယ်"

"တပည့်တော်တို့ သဘောပေါက်ပါပြီဘုရား၊ အဲဒီအတွက် အဘဘုန်းက လူလေးကို ဘယ်သူ့သမီးနဲ့ မြင်ထားလို့လဲဘုရား"

"ဒကာတင်ညွန့်ရဲ့သမီးမမကြီးနဲ့ဆိုရင် ကောင်းမယ်ထင်တယ်။ အဲဒီတော့ လူကြီးတွေဆုံတုန်း ဒကာတင်ညွန့်ကို တစ်ယောက်သွားခေါ်ရင်ကောင်းမယ်"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ဘုရား၊ အခုပဲ တပည့်တော်တစ်ယောက်ကို ခေါ်ခိုင်းလိုက်ပါ့မယ်"

ထိုသို့ပြောအပြီး၌ အဘမြတ်လှသည် လူငယ်တစ်ယောက်အား ခေါ်၍ သူဌေးဦးတင်ညွှန့်အား ခေါ်ခိုင်းလိုက်ပေတော့၏။ အဘဘုန်း၏ အစီအစဉ်သည် ကျွန်ုပ်ဘာစကားမှ ပြောဆိုနိုင်စွမ်း မရှိအောင်ဖြစ်ရ၏။

မမကြီးသည် ကျွန်ုပ်အား တစ်ဖက်သတ်ချစ်နေသူဖြစ်၍ ငြင်းမှာမဟုတ်ကြောင်း၊ ကျွန်ုပ်သိနေသလို ဦးတင်ညွှန့် သဘောတူမှာလည်း သေချာနေပေတော့၏။

*******

အဘဘုန်း၏ စီစဉ်မှုအား ရွာ၌ နေထိုင်သူလူကြီးများက လက်ခံကြ၏။

ထိုအချိန်၌ မမကြီးသည် ကျွန်ုပ်နှင့် လက်ထပ်ရမည်ကို ပျော်ရွှင်လျက်ရှိနေ၏။ တကယ်တော့ ကျွန်ုပ်ဆင်းရဲလည်း မမကြီးလက်ထပ်ယူမှာ လွန်စွာသေချာပေ၏။ ယခု လူကြီးများက ထိုသို့ပြောလာ၍ မမကြီးသည် ငြင်းစရာမလိုအောင် ဖြစ်သွားပြီး ကျွန်ုပ်အား လက်ထပ်ရသည်ကို လွန်စွာပျော်ရွှင်နေ၏။

တကယ်တော့ မမကြီးသည် ကျွန်ုပ်အား တစ်ဖက်သတ်ချစ်နေ၍ အိမ်ထောင်ပြုခြင်းမရှိဘဲ ကျွန်ုပ်အား စောင့်နေသလို မိဘများက အိမ်ထောင်ပြုရန်ပြောသော်လည်း ကျွန်ုပ်ကိုသာ လက်ထပ်မည်ဟု ပြော၍စောင့်လျက်ရှိ၏။

ကျွန်ုပ်သည် သူဌေးမင်းဖြစ်သွားသည့်အတွက် မမကြီးသည် သူဌေးမင်းကတော်ဖြစ်သွားပေမယ့် စိတ်မကောင်းစရာတစ်ခု ဖြစ်လာပေ၏။



"ဩော်. . . တကယ်တမ်းကျတော့ သူတို့ပြောတဲ့သူဌေးမင်းကတော်ဆိုတာ မြနှင်းဆီဖြစ်ထိုက်ပေမယ့် မြနှင်းဆီမပိုင်ဆိုင်ထိုက်ဘူးလို့ထင်ပါတယ်ဗျာ။ မြနှင်းဆီ ကောင်းသောဘုံဘဝမှာ စံမြန်းရပါစေကြောင်း ဆုတောင်းမိပါတယ်"

ကြေကွဲခြင်းများစွာနှင့် စိတ်ထဲမှ ဆုတောင်းလိုက်မိ၍ မျက်ရည်မကျအောင် ထိန်းချုပ်နေရပေ၏။

"အစ်ကိုလှလေး၊ အဘဘုန်းခေါ်နေပါတယ်။ ဒီနေရာမှာ လာပြီး ဘာလုပ်နေတာလဲ၊ မမကြီးကို လက်ထပ်ရတာ စိတ်သဘောမတွေ့လို့လား"

"မဟုတ်ပါဘူး မမကြီး၊ မမကြီးကို စိတ်မတွေ့စရာမရှိပါဘူး၊ အစ်ကို့အတွက် မမကြီးက အပြစ်ကင်းသူတစ်ယောက်ပါကွယ်။ မကြာခင် အစ်ကိုတို့မြို့ကို ပြန်ကြရတော့မယ်။ မမကြီးကို စိုးရိမ်မိတယ်"

"ဘာကြောင့်လဲ အစ်ကိုလှလေး"

"မိဘတွေနဲ့ အတူတူနေလာပြီးမှ အစ်ကိုနဲ့နေရတာပျော်ပါ့မလားဆိုတာပဲ"

"မိဘတွေထက်ချစ်ခင်လို့ အစ်ကိုလှလေးကို လက်ထပ်လိုက်တာပဲ၊ မမကြီးဘဝမှာ အစ်ကိုလှလေးသာ အဓိကပါ။ မမကြီးရဲ့ ဘဝတစ်ခုလုံး အစ်ကိုလှလေးသာ အားကိုးရာပါ အစ်ကိုလှလေး"

မမကြီးသည် ကြည်နူးမှုအကြည့်လေးနှင့် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။ ထို့နောက် မမကြီးအား ကျေနပ်စွာ ပွေ့ဖက်လိုက်၏။ မမကြီးသည် ကျွန်ုပ်၏ရင်ခွင်ထဲသို့ ပျော်ရွှင်စွာ ဝင်ရောက်လာပေတော့၏။ ထို့နောက် အဘဘုန်းနှင့် မမကြီး၏မိဘများအား ကန်တော့၍ ပြန်လာခဲ့ပေတော့သည်။

*******

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အဘိုးလူလေးရဲ့ အကြောင်းတွေပဲ စုံထောက်ကြီးတို့ရာ။ အဘိုးဟာ သူဌေးသမီး အဘွားမမကြီးကို လက်ထပ်လိုက်ပေမယ့် အဘွားဘက်က မည်သည့်အကူအညီမှ မယူကြပါဘူးဗျာ"

"ဦးအောင်စိုးရဲ့ အဘိုးကတော့ တကယ့်စံနမူနာပဲဗျာ။ ဒါနဲ့ ဘယ်အရွယ်လောက်မှာ သေဆုံးကြတာလဲ"

"အဘိုးလူလေးဟာ အသက်ရှစ်ဆယ်ကျော်လောက်မှာ သေဆုံးသွားတယ်။ အဘိုးနဲ့အဘွားက နှစ်ရက်ပဲခြားတယ်။ အဘိုးအရင်ဆုံးတယ်၊ အဘိုးဆုံးပြီး နှစ်ရက်ပြည့်တဲ့နေ့မှာ အဘွားလည်းဆုံးသွားတာပဲ။ ပြောသံကြားတာပဲ၊ အဘိုးနဲ့အဘွားဟာ အသက်သေတဲ့အထိ အချစ်မပြယ်ဘူးတဲ့။ တစ်ယောက်ပေါ်တစ်ယောက် ယုယကြင်နာဆဲပဲတဲ့ဗျာ"

ကျွန်ုပ်တို့သည် ဦးအောင်စိုး၏စကားအား နားထောင်လျက်နေကြပေ၏။

ကျွန်ုပ်၏မိတ်ဆွေကြီးစုံနံ့သာမင်းမောင်သည် စီးကရက်အား နှစ်မြိုက်စွာ ဖွာရှိုက်လျက်ရှိနေပေ၏။ တကယ်တော့ ကျွန်ုပ်တို့ ဦးအောင်စိုးနှင့် ခင်မင်ရခြင်းသည် တခြားမဟုတ်။ အဘိုးလူလေး၏ ပတ္တမြားလက်စွပ်ပျောက်သွားသည့်အတွက် ကျွန်ုပ်တို့အား လာရောက်အကူအညီတောင်းပေ၏။ ထိုအမှုပေါ်သွားသည့်အတွက် ဂုဏ်ပြုသည့်အနေနှင့်



ညစာ ထမင်းဖိတ်ကျွေး၏။ ထမင်းစားအပြီး၌ အဘိုးဦးလူလေး၏ အကြောင်းအား ပြောပြခြင်းဖြစ်ပေ၏။

"အေးဗျာ၊ အဘိုးလူလေးရဲ့အကြောင်း ကြားရတာ စိတ်ထဲမှာ တစ်မျိုးပါလားဗျာ။ ကြည်နူးစရာကောင်းသလို ဝမ်းနည်းစရာလည်း လွန်စွာကောင်းတယ်ဗျာ။ ဘဝဟာ ဝက်ပါခရီးကို လျှောက်လှမ်းရသလိုဆိုတာ ဒါကိုဆိုလိုတာပဲလားဗျာ"

အဘိုးလူလေးအတွက်တော့ ဖြစ်နိုင်တယ်ဗျာ။ ကျုပ်တို့အတွက်တော့ မဖြစ်နိုင်ပါဘူးဗျာ။ ကျုပ် မခင်လေးနဲ့ လက်ထပ်ချိန်မှာ ဒီစံအိမ်ကြီးနဲ့ ဒီလုပ်ငန်းတွေကို ဦးစီးရတယ်ဗျာ။ ဒါဟာ အဘိုးလူလေးရဲ့ ကျေးဇူးတွေကြောင့်ပေါ့ဗျာ"

"ဒါနဲ့မေးရဦးမယ် ကိုအောင်စိုးရာ။ ခင်ဗျားတို့နှစ်ယောက်ကရော၊ အဘိုးလူလေးတို့ ဇနီးမောင်နှံလို ရာသက်ပန်ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြမှာလား"

"တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိလို့ လက်ထပ်ယူထားကြတာပဲဗျာ။ ဘာလို့ မနေနိုင်ကြမှာလဲ"

"အေးဗျာ၊ အဲဒီလိုမှလည်း အိမ်ထောင်ရေးရဲ့အရသာ ရှိမှာပေါ့"

"ကျုပ်တို့ကိုတော့ ပြောပြီး ခင်ဗျားကရော ဘယ်တော့လဲ စုံထောက်ကြီး"

"ဖြည်းဖြည်းပေါ့ဗျာ"

"ဟား. . ဟား. . ဟား"

ကျွန်ုပ်တို့သည် ပျော်ရွှင်စွာ ရယ်မောလိုက်ကြပေ၏။

ထို့နောက် ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်သည် လူလေးစံအိမ်ပိုင်ရှင် ဦးအောင်စိုး၊ ဒေါ်ခင်လေးသို့အား နှုတ်ဆက်၍ ပြန်လာခဲ့ကြပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာလျက် ရှိနေပေ၏။ ကျွန်ုပ်တို့အပြန်လမ်း၌ စုံနံ့သာမင်းမောင်ထံမှ ရုတ်တရက် ထွက်ပေါ်လာသည့်အသံအား ကြားလိုက်ရပေတော့၏။

"ဘဝမှာ ကြိုးစားရခြင်းဟာ အောင်မြင်ခြင်းပဲ ကိုအောင်သိန်း။ လောကမှာ ရိုးရိုးသားသား ကြိုးစားရင် ဘာမဆို ဖြစ်ပါတယ်။ အဲဒီတော့ အဘိုးလူလေးလို ရိုးရိုးသားသားနဲ့ ကြိုးစားရင် ဘာမဆို အောင်မြင်မှုဆိုတာရှိပါတယ်ဗျာ"

မင်းပုည

BURMESE CLASSIC

www.burmeseclassic.com